http://www.dhammadownload.com

**ဤကျမ်းစာက –**

ယမိုက်ကျမ်းကို သင်ကြားသူ, ပို့ချသူ, လေ့လာသူများအား ထူးခြားထက်မြက်စေမည့် ယမကဉာဏ်အမြင် အလင်းရောင်များဧကန်ပေးစွမ်း နိုင်ပါလိမ့်မည်။ ပါဠိထုတ်နည်း, အရကောက်နည်း နည်းမျိုးစုံတို့ဖြင့် တန်ဆာဆင်ထား၍ ဤကျမ်းစာကို လေ့လာသူများ, ဖတ်ရှုသူများ, စာမေးပွဲဝင် အရှင်များ ကျေနပ်မှုကို ပေးစွမ်းနိုင်ပါလိမ့်မည်။

**ဝါရတွဲပုံသေနည်းများကို –**

လက်ာဖြင့်တစ်မျိုး၊ စကားပြေဖြင့်တစ်သွယ် နားလည်စေရန် ဖော်ပြထားရုံမျှမက သူ့နေရာနှင့်သူ ထပ်မံ၍ ရှင်းပြထားပါသည်။

**ဤကျမ်းစာ၏ ထူးခြားချက် –**

ရိုးရိုးသုဒ္ဓဇယားများဖြင့် ဆိုင်ရာဆိုင်ရာ ဝါရတွဲများ ပြီးစေခြင်း

- ဝါရတွဲပုံသေနည်းများ၊
- ပဏ္ဏတ္တိဝါရ ပုံသေနည်းများ၊
- ယမကရေတွက်နည်းများကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေပြထားခြင်းသည် ဤယမိုက်ကျမ်း၏ ထူးခြားချက်ပင် ဖြစ်ပါသည်။

**အဓိပ္ပါယ်ကဏ္ဍ –**

အဓိပ္ပာယ်ကဏ္ဍတွင်လည်း အရကောက်၌ပါရှိသည့် အဓိပ္ပာယ်များ, အရကောက်အဓိပ္ပာယ်များ, ယမကတ္ထဝိဘာဝနီ စသည့်ကျမ်းများလာ အဓိပ္ပါယ်များပါ ပါရှိ၍ အထူးစုံလှသည်။

အဋ္ဌမ အကြိမ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်

**ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်**

**စာချဆရာတော်**

# အရှင်တေဇနိယ

**၏**

**ပထမကြီးတန်းအတွက်**

# ယမကအလင်းရောင်

စာချစာသင် အရှင်များအတွက် အလွယ်တကူ သင်ယူပို့ချနိုင်ရန် ပုံသေနည်းမျိုးစုံတို့ဖြင့် အထူးစီစဉ် တန်ဆာဆင်ထားပါသည်။

သာသနာ – ၂၅၄၇ ကောဇာ – ၁၃၆၅ ခရစ် – ၂၀၀၄

အဋ္ဌမ အကြိမ်

http://www.dhammadownload.com

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်
ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်

စာချဆရာတော်

## အရှင်တေဇနိယ

၏

## ပထမကြီးတန်းအတွက်

# ယမကအလင်းရောင်

စာချစာသင် အရှင်များအတွက် အလွယ်တကူ သင်ယူပို့ချနိုင်ရန်
ပုံသေနည်းမျိုးစုံတို့ဖြင့် အထူးစီစဉ် တန်ဆာဆင်ထားပါသည်။

သာသနာ - ၂၅၄၇ ကောဇာ - ၁၃၆၅ ခရစ် - ၂၀၀၄

http://www.dhammadownload.com



# ပထမကြိမ်းတန်း

# ယမကအလင်းရောင်


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက် | - | (၃၅၈/၂၀၀၄) (၆) |
| စာမူခွင့်ပြုချက်အမှတ် | - | (၃၈၉/၂၀၀၄) (၆) |
| ထုတ်ဝေသည့်လ | - | ၂၀၀၄-ဇွန်လ |
| တန်ဖိုး | - | ဓမ္မဒါန |
| အုပ်ရေ | - | ၁၅၀၀ **အဌမ အကြိမ်** |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (ဇင်ရတနာစာပေ) ၂၀၅/၄-လမ်း၊ မြို့သစ်၊ အင်းစိန်။ |
| ပုံနှိပ် | - | ဒေါ်စမ်းစမ်းအေး၊ ရတနာ့ဂုဏ်ပုံနှိပ်တိုက်၊ ၈၁-လမ်း၊ ၁၄၀၊ တာမွေ၊ ရန်ကုန်မြို့။ |


**ဤကျမ်းစာ ပို့ချရန်အစီအစဉ်**

၁။ ဤကျမ်းစာစာမျက်နှာ ၄၊ ၅၊ ၆၊ ၇-တို့ရှိ အခြေခံများကို ကြေညက်စေရန်ကြိုတင်၍ ဖတ်ထားရမည်။ (ကျက်ထားရမည်)

၂။ ပဝတ္တိဝါရများ ပို့ချသောအခါ ၄-ချက်သေစက်လှည့်ကို အသုံးပြုပို့ချရမည်။

၃။ အရကောက်ဆိုရိုးကို ဇယားခွဲသွင်း၍ ဆိုရမည်။ သို့မှရေရှည်ရမည်။ (အရကောက်ထဲ မှတ်မကျက်ရ၊ အရကောက်မှန်မမှန်နှင့် ဆိုရိုးရရုံသာ အရကောက်ကို အသုံးပြုပါ။

**စတင်ပို့ချသောအခါ** - -

၄။ ခန္ဓ, ဣန္ဒြိယ, သင်္ခါရ, အနုသယ, စိတ္တ-ဟု ဤအစီအစဉ်အတိုင်း ပို့ချမှသာ ပိုမိုအဆင်ပြေမည်။ ခန္ဓယမိုက်မှ စတင်ပို့ချရခြင်းမှာ အောက်သစ္စယမိုက်နှင့်ဆက်စပ်မိရုံမျှမက ခန္ဓယမိုက်ကိုနားလည်မှသာ စိတ္တယမိုက်ကို ကောင်းစွာနားလည်မှာဖြစ်သည့်အတွက် ခန္ဓယမိုက်ကို စတင်ပို့ချရသည်။ လက်တွေ့ပို့ချကြည့်တော်မူကြပါ။

http://www.dhammadownload.com



## ပဏာမနှင့် ပဋိညာဉ်

တေ ပိဋ္ဋကေသု ဂမ္ဘီရံ၊
ဇ နာဒီဟိ သုပူဇိတံ။
နိ ဗ္ဗာနဗောဓိတံ ဝန္ဒေ၊
ယ မကဓမ္မံ သုဒေသကံ။

တေပိဋ္ဋကေသု- သုတ္တန်ဝိနည်း၊ အသီးသီးနှင့်၊ တစ်နည်းအဘိဓမ္မာ၊ ဒေသနာဟု၊ သုံးဖြာသိအပ်၊ ပိဋ္ဋကတ်တို့တွင်။ ဂမ္ဘီရံ- ပညာနည်းလှ၊ လူဗာလတို့၊ သိကြဘို့အရေး၊ အလွန်ဝေး၍၊ အတွေးနက်နဲ၊ ခက်ခဲပေထသော။ ယမက ဓမ္မံ- သန္နိဋ္ဌာန် သံသယ၊ ပုစ္ဆာ ဝိဿဇ္ဇနာ၊ အနုလောမ၊ ပဋိလောမ၊ စသည်များပြား၊ ယမကတရားကို။ သုဒေသကံ၊ မယ်တော်မိနတ်၊ အမှူးတပ်၍၊ ထူးမြတ်သချာ၊ ဒေသနာကို၊ ကောင်းစွာမသွေ၊ ဟောကြားတော်မူတတ်ပေထသော။ ဇနာဒီဟိ၊ လူနတ်စသား၊ သတ္တဝါအများတို့သည်။ သုပူဇိတံ-နှလုံးသားထဲ၊ ကိန်းပိုက်စွဲအောင်၊ အမြဲမပြတ်၊ ကောင်းစွာပူဇော်အပ်သော။ နိဗ္ဗာနဗောဓိတံ၊ နိဗ္ဗာန်သောင်ကမ်း၊ အမြိုက်နန်းသို့၊ ကူးသန်းရောက်စေ၊ ထွက်မြောက်စေ၍၊ သိစေပေတတ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကို။ အဟံ-ယမိုက်ကျမ်းသင်၊ ရဟန်းရှင်တို့၊ လန်းရွှင်စေရာ၊ စေတနာကြောင့်၊ လျှင်စွာသိစေ၊ ဤအနေဖြင့်၊ ရည်ချွေရေးပြ၊ တေဇနိယဟု၊ နာမသမုတ်၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ-သွယ်ဖရောင်းယှက်၊ ဆယ်ချောင်းလက်ဖြင့်၊ ဦးထက်မိုးကာ၊ ရှိခိုးကန်တော့ပါ၏ဘုရား။

ဗုဒ္ဓေန ဒေသိတံ ဓမ္မံ၊ သံဃံ အာစရိယံ ဝန္ဒေ။
သော္တူနဥ္စ သုဝိညာယ၊ ကဿံ ယမကအာလောကံ။

ဗုဒ္ဓေန-လေးဆယ့်ငါးဝါ၊ ကာလကြာအောင်၊ သတ္တဝါအထွေထွေ များဝေနေကို၊ လေးထွေသစ္စာ၊ သိစိမ့်ငှာလျှင်၊ ကောင်းစွာဟောတတ်၊ ဘုရားမြတ်သည်။ ဒေသိတံ-အမြဲမပြတ်၊ ဟောကြားအပ်သော။ ဓမ္မဉ္စ- မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်သတ်မှတ်၊ တရားမြတ်ကိုလည်းကောင်း။သံဃဉ္စ-ရှစ်ပါးသံဃာ၊ အရိယာနှင့်၊ တစ်ဖြာသမုတိ၊ မည်ရှိများစွာ၊ မြတ်သံဃာ အပေါင်းကိုလည်းကောင်း။ အာစရိယဉ္စ-သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟု၊ သုံးဖြာသတ်မှတ်၊ ဆရာမြတ်ကိုလည်းကောင်း။ (ဝါ) အာစရိယဉ္စ-ယမိုက်ပဌာန်း၊ အခန်းခန်းကို၊ အဆန်းတကြယ်၊ ဆောင်ယူလွယ်ဘို့၊ အသွယ်သွယ်အဝဝ၊ ပို့ချပေးကြကုန်သော ဗဟန်း၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသောဘဏ၊ နာယကဆရာတော် ဘဒ္ဒန္တစိတြ၊ နာယကစာချဆရာတော်များ၊ နတ်မောက်မြို့ ရှမ်းကုန်းရွာကျောင်း ဆရာတော်၊ နတ်မောက်မြို့ တမာပင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်းကျောင်းတိုက် (အဂ္ဂါဘိဓဇ) ဆရာတော်နှင့် တိုက်အုပ်စာချ ဆရာတော်များ၊ ဆုထူးပန်ကျောင်းတိုက်ဆရာတော်၊ မူလပဌာန်းဆရာတော် စသည့်များစွာ၊ ဆရာသခင်၊ ကျေးဇူးရှင်များကိုလည်းကောင်း။ ဝန္ဒေ-ဝန္ဒာမိ-အန္တရာယ်ကင်းပျောက်၊ ကျမ်းပြီးမြောက်ဖို့ ချီးမြောက်ထောမနာ၊ ရှိခိုးပါ၏ဘုရား။ (ဝန္ဒိတွာ- ရှိခိုးပြီး၍)၊ သောတူနံ-ပထမကြီး၊ အမြန်ပြီးအောင်၊ ဆောင်ယူမှတ်လွယ်၊ နည်းသွယ်သွယ်ကို၊ ရွေးချယ်သင်လို၊ စာသင်ပျိုတို့၏၊ သုဝိညာယ-ကောင်းစွာလွယ်ရှင်း၊ သိပါစေခြင်းအကျိုးငှာ။ ယမကအာလောကံ၊ ယမိုက်ကျမ်း၏၊ ရှင်းတမ်းမှတ်ချက်၊ ဇယားကွက်နှင့်၊ အနက်အဓိပ္ပါယ်၊

http://www.dhammadownload.com



နည်းသွယ်သွယ်ဖြင့်၊ ရွေးချယ်ဆင်မြန်း **"ယမကအလင်းရောင်"**အမည် ဆောင်သည့်ကျမ်းကို။ ကဿံ၊ စာချစာသင်၊ ထေရ်အရှင်များ၊ သိနားလည်စေ၊ လွယ်ကူစေဟု၊ ရည်ချွေစိတ်ရင်း၊ နှလုံးသွင်းကာ၊ ရေးသားစီရင် လိုက်ပါသတည်း။

## နိဒါန်းစကား

**ဤကျမ်းစာရေးသားပုံ အစီအစဉ်--**

ပထမကြီးတန်းကို ပို့ချသူ သင်ယူသူများနှင့် ယမိုက်ကျမ်းကို လေ့လာသူများအတွက် အလွယ်တကူ သင်ယူပို့ချ လေ့လာနိုင်ရန် ဝိဘင်းထုတ်နည်း, အရကောက်နည်း, ဝါရတွဲ ပုံသေနည်း, စုံလင်လှသော အဓိပ္ပါယ်အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော ဤ **"ယမကအလင်းရောင်"**မည်သောကျမ်းကို နတ်မောက်မြို့ တမာပင်ကျောင်း၊ ရန်ကုန် ဆုထူးပန်၊ ပဲခူး ကြခတ်ဝိုင်းကျောင်းတိုက်၊ ဗဟန်း ညောင်တုန်းကျောင်းတိုက်၊ မူလပဌာန်းဆရာတော်များထံ လိုက်ခဲ့သောနည်းများကို အခြေခံ၍ စာချရင်းတွေ့ကြုံရသောနည်းများ, ထိုထိုကျမ်းစာအမျိုးမျိုး၌ တွေ့ရသောနည်းများဖြင့် ပေါင်းစပ်ကာ တခမ်းတနား အကျယ်တဝင့် ရှင်းလင်းရေးသားထားပါသည်။

ဤကျမ်းစာ၌ **"ပါဠိတော်, အရကောက် အပြည့်အစုံ"** ဝါရတွဲပုံသေနည်းအဖုံဖုံ၊ နည်းမျိုးစုံ (ကွန်ချက်ကော ဟင်းစားပါ) ပါရှိသဖြင့် ယမိုက်သဘောကို လွယ်ကူထိမိစွာ သဘာဝကျကျ သိရှိနားလည်၍ ဆိုနိုင်ကောက်နိုင်ပါလိမ့်မည်။

## ထူးခြားချက်

ဤကျမ်းစာ၏ ထူးခြားချက်မှာ --

၁။ ရိုးရိုးသုဒ္ဓဇယားများဖြင့် ဝါရတွဲများ လုံး၀ (လုံး၀)ပြီးစီးအောင် ညွှန်ပြခြင်း။

၂။ တစ်နေရာရုံမျှဖြင့် ကျန်သဘောတူသော နေရာများပါ ရရှိခြင်း။

၃။ အထူးသဖြင့် ဝါရတွဲ ပုံသေနည်းများ ပြသထားခြင်းတို့သည် ဤကျမ်းစာ၏ ထူးခြားချက်ပင် ဖြစ်သည်။

## အဓိပ္ပါယ်အပြည့်အစုံ

ဤကျမ်းစာ၌ ရေးသားထားသော အဓိပ္ပါယ်ကဏ္ဍကို အရကောက်၌ပါရှိသော လက်သည်းကွင်း အဓိပ္ပါယ်များ, ကျမ်းရင်းအဓိပ္ပါယ် မေးဖြေများ, ယမိုက်ဂဏ္ဌိလာ အဓိပ္ပါယ်များနှင့် ယမကတ္ထ ဝိဘာဝနီလာ အဓိပ္ပါယ်များကိုပါ ထည့်သွင်း ထား၍ အဓိပ္ပါယ်အတွက် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်စီစဉ်ထားပါသည်။

ကောင်းနိုင်သမျှကောင်းအောင်, မှန်နိုင်သမျှမှန်အောင် ကြိုးစားပြီး ရေးသားပါသော်လည်း မှားတတ်သော သဘာဝအရ အမှားတွေ့ရှိပါက မေတ္တာကရုဏာ ရှေးရှုကာဖြင့် ပြင်ဆင်ဖြည့်စွက် ကောင်းသည့်အချက်, မှန်သည့်အချက် များကို ရွေးချယ်ပန်ဆင်၍ ခွင့်လွှတ်နိုင်ကြပါစေ။

**အရှင်ဇောတနိယ (စာချဆရာတော်)**
**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊**
**ဗဟန်း ရန်ကုန်မြို့။ ။**

http://www.dhammadownload.com



# မာတိကာ


| | | |
|---|---|---|
| ၁။ | (ဤကျမ်းစာ ပို့ချရန်အတွက်အစဉ် ) ပဏာမနှင့် ပဋိညာဉ် နိဒါန်း | စာမျက်နှာ |
| ၂။ | ယမိုက် ၁၀-ကျမ်း အခြေခံ ဝိဘင်း ၆-မျိုးနှင့် ဝိဘင်းလက္ခဏာ ၇-ပါး | ၄ |
| ၃။ | ဝါရတွဲပုံသေနည်းများ **(ပုံသေနည်း)** | ၅ |
| ၄။ | ၄-ချက်သေစက်လှည့်နှင့် ဘုံပုဂ္ဂိုလ်ရဆောင်ပုဒ်များ | ၆ |
| ၅။ | ယမိုက်ကျွမ်းကျင် ပညာရှင်ဖြစ်ရေး (ဝိဘင်းထုတ်ပုံ နည်းစနစ်များ) | ၇ |
| ၆။ | သစ္စီရယမက | ၈ |
| ၇။ | သခါရာယမက ပစ္စုပ္ပန် | ၁၂ |
| ၈။ | ဥပ္ပါဒနိရောဓ ပစ္စုပ္ပန် ဟောပုံနည်းပြ ? (သစ္စီရယမက+ဓမ္မယမက) | ၁၄/၅၅ |
| ၉။ | အနာဂတပုဂ္ဂလ ဇယားဖြင့် ၉-ဝါရပြီးနိုင်စေရန် ညွှန်ပြထားသည် | ၁၇/၆၃ |
| ၁၀။ | အနုသယ ယမက (အနုသယ ယမက အုတ်မြစ်) | ၂၈ |
| ၁၁။ | စိတ္တယမက | ၄၀ |
| ၁၂။ | စိတ္တယမက ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရ ၃-မျိုးကောက်နည်းများ | ၄၃/၄၅ |
| ၁၃။ | ဓမ္မယမက (ယမက ရေတွက်နည်း လက်ာများ **ပုံသေနည်း**) | ၅၂ |
| ၁၄။ | ပဏ္ဏတ္တိဝါရများ၌ **ပုံသေနည်း**မှတ်သားဖွယ်များ- | ၅၃/၆၉ |
| ၁၅။ | 'ပါဠိဂတိ' ဝိဘင်းထုတ်နည်း, အရကောက်နည်း၊ **ပုံသေနည်း။** | ၅၇ |
| ၁၆။ | ဣန္ဒြိယ ယမက ( ဣန္ဒြိယ ယမကပေါင်းပြ) | ၆၇ |
| ၁၇။ | ဣန္ဒြိယ ပရိညာ ကြံဆနည်း | ၉၀ |
| ၁၈။ | အဓိပ္ပါယ် ကဏ္ဍ | ၉၂ |
| ၁၉။ | ကောင်းမှုရှင်များ နှင့် ကျေးဇူးတင်လွှာ | ၁၁၈ |
| ၂၀။ | ကျမ်းပြီးနိဂုံး ဆုတောင်း | ၁၁၃ |


## ပြင်ဆင် ဖြည့်စွက်ထားခြင်း

ယခုအကြိမ်၌ ကောင်းသည်ထက်ကောင်းစေရန် အမှားများကို ပြင်ဆင်၍ ဖြည့်စွက်သင့်သည်များကို ဖြည့်စွက်ထားပါသည်။ အထူးသဖြင့်ပါဠိဂတိဝိဘင်းထုတ်နည်း, ကောက်နည်းပုံသေနည်းကို ဖြည့်စွက်ထား၍ စာချ စာသင်တို့ ပိုမိုအဆင်ပြေပါမည်။

တိုက်တွန်းချက်

* **သရုပ်ကြေမွ၊ ဆိုရိုးရ၊ ကြံဆမှန်မှန်ရွတ်၊**
* **ယမိုက်တတ်ရန်၊ ဤလေးတန်၊ ကေန်မှန်မချွတ်**-ဟူသော ဤကျမ်းစာရှင်၏ လက်သုံးစကားနှင့်အညီ ကြံဆပြီး မှန်မှန်ရွတ်ဆိုကြပါရန် တိုက်တွန်းလိုက်ရပါသည်။

F.2.A

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ယမက ၁၀–ကျမ်း အခြေခံ စည်းမျဉ်းများ
## ဝိဘင်း (၆)မျိုးနှင့် ဝိဘင်းလက္ခဏာ (၇)ပါး

၁။ သန္နိဋ္ဌာန်ကျယ်၍ သံသယအရကျဉ်းလျှင် - ၁-ဖက်ရ၊ ၂-ဖက်ရ ဝိဘင်း။
၂။ သန္နိဋ္ဌာန်ကျဉ်း၍ သံသယအရကျယ်လျှင် - "အာမန္တာ" - ဝိဘင်းထုတ်ပါ။
၃။ သန္နိဋ္ဌာန် - သံသယ ၂-ပါးစုံ အရတူလျှင် - "အာမန္တာ"။
၄။ သန္နိဋ္ဌာန် - အရသာရှိ၍ သံသယအရမရှိလျှင် (အနုလုံ၌) "နော" ဝိဘင်း။
၅။ သန္နိဋ္ဌာန် - အရသာရှိ၍ သံသယအရမရှိလျှင် (ပစ္စနိက်၌) ပါဠိဂတိဝိဘင်း။ (ဥပ္ပဇ္ဇိတ္ထ - စသည်)
၆။ သန္နိဋ္ဌာန်အရမရှိလျှင် "နတ္ထိ" ဝိဘင်း။ (နိက်မှာသာရှိ၏)
၇။ သန္နိဋ္ဌာန်အရနှင့် သံသယအရတို့ မတူကြလျှင် "နော" ဝိဘင်း။

**မှတ်ချက်**။ "အာမန္တာ" ဝိဘင်း ၂-မျိုး၊ "နော" ဝိဘင်း ၂-မျိုးရှိ၏။ လက္ခဏာကွဲသည်။ ဤ ၇-ပါးနှင့် စက် ၄-ချက်ကို အမြဲမှတ်သားမိပါစေ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| ပဉှာ ၄ပါး | ဝိဿဇ္ဇနာ ၅-ပါး | ဝိဘင်း ၆-မျိုး | အနုလုံ/ပစ္စနိက် | ကောဋ္ဌာသ |
| ပုရေ | ပါဠိဂတိ | ဥပ္ပဇ္ဇိတ္ထ(စသည်) | ပစ္စနိက်၌သာဟော | ပုရိမ |
| ပစ္ဆာ | ပဋိဝစန | အာမန္တာ | လုံ/နိက် ၂-ပါးဟော | ပစ္ဆိမ |
| ပရိပုဏ္ဏ | သရူပဒဿန | ၁ ဖက်ရ | ။ | ပုရိမ ပစ္ဆိမ |
| | | ၂ ဖက်ရ | ။ | ။ ။ |
| မောဃ | ပဋိသေဓ | နော | အနုလုံ၌သာဟော | × |
| | ပဋိက္ခေပ | နတ္ထိ | ပစ္စနိက်၌သာဟော | × |

**မှတ်ချက်**။ ။"နော" ဝိဘင်းသည် အနုလုံ၌သာဟော၏ဟု ဆိုသော်လည်း စိတ္တယမိုက် "ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ"၌ နိက်၌ပင် "နော" ဝိဘင်းဖြင့်ရှိသည်။ ထို့ပြင် ၎င်းစိတ္တယမိုက်မှာပင် အတိက္ကန္တဝါရ-၌ ပဋိဝစန ဝိဿဇ္ဇနာ၌ပင် "အာမန္တာ" ဟု မဟောဘဲ "အတီတံ စိတ္တံ"ဟု ဟောထားသေးသည်။

**အမှာ**။ ။ ကောဋ္ဌာသတင်တတ်ရန် ပုံစံတစ်ခုစီရအောင် ဇယားကြည့်၍ ကျက်ထားပါ။ အထူးသဖြင့် "နော, နတ္ထိ, ဥပ္ပဇ္ဇိတ္ထ" ဝိဘင်းများမေးတတ်သည်။ နည်းမှီ၍ ဆိုပါ။

**ဆောင်**။ ၁။ ပုရေပစ္ဆာ၊ တစ်ဖြာပရိ၊ မောဃထည့်၊ မှတ်ဘိ လေးပဉှာ။
၂။ ပါဠိဂတိ၊ ပဋိဝစန၊ သရူပနှင့်၊ မှတ်ကြပဋိသေ၊ ပဋိက္ခေ၊ ငါးထွေ-ဝိဿဇ္ဇနာ။
၃။ ဥပ် အာ တစ် နှစ်၊ နော နတ်ဖြစ်၊ တွဲလစ်ဝိဘင်္ဂ။ (၃-နံပါတ်အထက်အောက်)
၄။ ဥပ်နှင့်နတ္ထိ၊ ပစ္စနိသာ၊ ရတုံပါ၍၊ နောမှာနုလုံ၊ ကျန်လုံးစုံ၊ အကုန်ရပြီသာ။
၅။ ကောဋ္ဌာသတွက်၊ ဆိုရိုးကျက်၊ ဖြည့်စွက်နည်းမှတ်ပါ။
၆။ ပုရေ ပါဠိ၊ ဥပ္ပဇ္ဇိ။ ပစ္ဆာ ပဋိ အာမန်သိ။ ပရိ-သရူ၊ တစ်-နှစ်ယူ။
၇။ မော ပဋိသေ၊ ပဋိက္ခေ၊ နော နှင့် နတ္ထိနေ။ (ဤ ၆၊ ၇ ဇယားအလျားလိုက်ကြည့်ရန်)

http://www.dhammadownload.com



## ပုံသေနည်း ဝါရတွဲ လင်္ကာဆောင်ပုဒ်များ

၁။ အတီတဝါရ၊ ပုဂ္ဂလ၊ ဝါရ တွဲတွင် မှတ်နည်းပြ။
၂။ အတိတ်ဘက်က၊ အကုန်ရ၊ မှတ်နည်းသေချာပြ။
၃။ ပွန်-တီ တွဲမှာ၊ ပွန်ရရာ၊ မှန်စွာနှစ်ဖက်ရ။ (တီ-နာ တွဲမှာ၊ နာ ရရာ၊ မှန်စွာနှစ်ဖက်ရ။)
၄။ ပွန်မရလျှင်၊ တစ်ဖက်ဝင်၊ အစဉ်မှတ်လိုက်ကြ။(နာ မရလျှင်၊ တစ်ဖက်ဝင်၊ အစဉ်မှတ်လိုက်ကြ။)
၅။ ပစ္စနိက်တွင်၊ တီနောက်ခွင်၊ နေလျှင်'ဥပ္ပဇ္ဇိတ္ထ'။ (အတိတ်က သံသယနေလျှင်)
၆။ ရှေ့သန္နိဋ္ဌာန်၊ တိတ်နေပြန်၊ ဧကန်'နုတ္ထိ' ပြ။
၇။ တီ-နာတွဲလေ၊ ဥပဒေ၊ မသွေထိုနည်းပြ။
၈။ ပွန်-တီတွဲဘိ၊ ပဋိလောမ၊ တစ်ဖက်ရရာ၊ ဝိဘင်းမှာမူ။
ပွန်-နာ ပဋိဘက်၊ ဝိဘင်းထွက်၊ တစ်ဖက်ရခြင်းတူ။
၉။ သစ္စာကြဉ်လိုက်၊ ကျန်ယမိုက်၊ မှန်ထိုက်နည်းထုံးရ။

## လင်္ကာများ အကျဉ်းရှင်းပြချက်

၁။ လင်္ကာဖြင့်အတီတပုဂ္ဂလနှင့်တွဲသောဝါရများကို မှတ်နည်းပြမည်ဟူလို။
၂။ လင်္ကာဖြင့်အတိတ်ပုဂ္ဂိုလ်များအနေနှင့် မဖြစ်ဖူးသူ၊ မချုပ်ဖူးသူမရှိ၍ အတိတ်ဘက်က အာလုံးဖြစ်ဖူး ချုပ်ဖူးရသည်ဟု ပြသည်။ (အတိတ် ပုဂ္ဂလသာ။ ပုဂ္ဂလော မဟုတ်)
၃။ ဖြင့် ပွန်-တီပုဂ္ဂလမှာ (ပစ္စုပ္ပန်ဇယားကိုကြည့်၍) ပစ္စုပ္ပန်ရသောတရားသည် အနုလုံ ၂-ဖက်ရဟု မှတ်ပါ။ (ပစ္စုပ္ပန်ဇယား၌ အတိတ်ဘက်က အားလုံးဖြစ်ဖူးရ၏။)
၄။ ဖြင့် (ပွန်-တီ တွဲ၌) ပစ္စုပ္ပန်မရသော တရားသည် တစ်ဖက်ရဟုမှတ်ပါ။
၅။ ဖြင့် နိက်၌ အတိတ်က သံသယဘက်ကနေလျှင် 'ဥပ္ပဇ္ဇိတ္ထ၊ နိရုဇ္ဈိတ္ထ'စသည်'ပါဠိဂတိ'ဝိဘင်းထုတ်။
၆။ ဖြင့် နိက်၌ ရှေ့သန္နိဋ္ဌာန်မှာ အတိတ်နေလျှင် 'နုတ္ထိ' ဝိဘင်းထွက်ရမည်ကိုပြသည်။
၇။ ဖြင့် တီ-နာပုဂ္ဂလ လည်း (အနာဂတပုဂ္ဂလ ဇယားကိုကြည့်၍) အတိတ်ဘက်က အကုန်ဖြစ်ဖူး၊ ချုပ်ဖူးရ၍ အနာဂတ်မရသောတရားသည် တစ်ဖက်ရ၊ ရသောတရားသည် ၂-ဖက်ရ ထုတ်ပါ။ ပစ္စနိက်၌လည်း အတိတ်က သန္နိဋ္ဌာန်ဘက်ကနေလျှင် (တရားမရှိတော့၍) နုတ္ထိ။ သံသယ ဘက်က နေလျှင် 'ဥပ္ပဇ္ဇိတ္ထ၊ နိရုဇ္ဈိတ္ထ'စသည် "ပါဠိဂတိ" ဝိဘင်းထုတ်ပါ။ ပွန်-တီ တွဲသကဲ့သို့ပင် 'တီ-နာ'ကို ဝိဘင်းထုတ်ဟု နည်းတူအညွှန်းကိုပြသည်။ (အနာဂတ်ဇယား၌ အတိတ်က အားလုံး ဖြစ်ဖူးရ၏။ အနာဂတ်ရ မရကို ကြည့်ရှုံသာ။)
၈။ ဖြင့် ပွန်-တီပုဂ္ဂလ ပဋိလောမ တစ်ဖက်ရနှင့် ပွန်-နာ ပုဂ္ဂလ ပဋိလောမ တစ်ဖက်ရတို့ ဝိဘင်းချင်း တူ၏ဟု ပြသည်။ (ပုဂ္ဂလောချင်းလည်း ဝိဘင်းတူသည်ဟူ၍မှတ်ပါ။)
၉။ ဖြင့် ယမိုက်အားလုံးတို့တွင် ဆိုခဲ့ပြီးသော လင်္ကာများဖြင့်ပြသော ဝိဘင်းထုတ်နည်းမှာ သစ္စယမိုက် ၌သာ အနည်းငယ် ကွဲလွဲ (မတူ) သည်မှအပ ကျန်ယမိုက်အားလုံးကိုက်ညီကြောင်းကိုပြသည်။

**မှတ်ချက်။** ဝိဘင်းထွက်ပုံ၊ ဝါရတွဲပုံများ တစ်နေရာသဘောကျလျှင် ကျန်နေရာများ၌လည်း သဘောကျ သည်သာ။ ဖော်ပြပြီးဝါရတွဲစပ်ပုံ လင်္ကာများသည် မည်သည့်ဇယား၊ အပုံနှင့်မဆို ဝါရတွဲလို့ရသည်။

http://www.dhammadownload.com



## ၄-ချက်သေ စက်လှည့်

၁။ အနုလုံ အနုလောမ ၁-ဖက်ရသည် ပစ္စနိက်၌ ပဋိလောမ ၁-ဖက်ရ ဖြစ်မည်။
၂။ အနုလုံ ပဋိလောမ ၁-ဖက်ရသည် ပစ္စနိက်၌ အနုလောမ ၁-ဖက်ရ ဖြစ်မည်။
၃။ အနုလုံ၌ သန္နိဋ္ဌာန် သံသယ ၂-ဖက်ရသည် ပစ္စနိက်၌ မဟောတော့ပါ။
၄။ အနုလုံ၌ ဟောရ၍ကျန်သောတရားသည် ပစ္စနိက်၌ ၂-ဖက်ရဖြစ်မည်။
ဤ ၄-ချက်ဖြင့် ပဝတ္တိဝါရများ၌ နေ့စဉ်ပို့ချသင်ပါလျှင် ကောင်းစွာနားလည်ပါမည်။

ပုံစံကိုကြည့်ပါ မြားအတိုင်း ---

| အနုလုံ | ပစ္စနိက် |
|---|---|
| ၁၊ အနုလုံ အနုလောမ ၁-ဖက်ရသည် | ၁၊ အနုလောမ ၁-ဖက်ရ ဖြစ်၏။ |
| အနုလုံ ၂-ဖက်ရ၊ | အနုလုံဟောရ၍ ကျန်တရားများနိက် ၂-ဖက်ရ။ |
| ၂၊ အနုလုံ ပဋိလောမ ၁-ဖက်ရသည် | ၂၊ ပဋိလောမ ၁-ဖက်ရ ဖြစ်၏။ |

**မှတ်ချက်။** အနုလုံ - အနုလောမ "နော"အရသည်လည်း နိက်၌ ပဋိလောမတဖက်ရဖြစ်မည်။
အနုလုံ - ပဋိလောမ "နော" အရသည်လည်း နိက်၌ အနုလောမ တစ်ဖက်အရဖြစ်မည်။
(ဒါ-ပုံသေမှတ်ပါ) 'ဥပ္ပါဒနိရောဓဝါရ ပစ္စုပ္ပန်' စသည်များ၌ အသုံးပြုမည်။

### ဘုံ၊ ပုဂ္ဂိုလ်ရ – လင်္ကာဆောင်ပုဒ်များ

၁။ ဒု သု ဒွိ တိ၊ ရှစ်အရိ၊ ပေါင်းဘိ ဒွါဒသာ။
၂။ အပါယ်လေးမူ၊ ဒုကိုယူ၊ လူ့, စတုမှာ ဒုကြဉ်ပါ။
၃။ ကျန်နတ်ငါးသွယ်၊ ဒု သု ဖယ်၊ ဆယ်ယောက်ပုဂ္ဂလာ။
၄။ ဝေဟပ္ဖိုလ်ထိ၊ ဆယ်ဘုံရှိ၊ တိဟိတ်ကိုးယောက်သာ။ (တိပု၊ ရိ ၈ = ၉)
၅။ သုဒ္ဓါဘုံငါး၊ ထက်ဆုံးဖျား၊ သုံးပါးအရိယာ။ (အနာဖိုလ်၊ အရ-မဂ်၊ အရ-ဖိုလ် = ၃)
၆။ သည "သု"သာ။ အရူပါ၊ သောမဂ်ကြဉ်ဘိ တိရှစ်ဖြာ။ (တိပု၊ သောမဂ်ကြဉ် အရိ - ၇ = ၈)
၇။ ဘုံသုံးဆယ့်တစ်၊ ပုဂ္ဂိုလ်ဖြစ်၊ ခွဲရစ်ကြစေရာ။
၈။ ပုထုဇဉ်တိ၊ ရှစ်အရိ၊ တိဟိတ်ကိုးယောက်ပါ။ (တိဟိတ် ၉-ယောက် သိရန်)

**တစ်ယောက်စီ အလွတ်ရစေရန် လိုအပ်သည်များမှာ - -**

၁။ ဝိဘင်းလက္ခဏာ ၇-ပါး။
၂။ ဝါရတွဲပုံသေနည်း။
၃။ ၄-ချက်သေ စက်လှည့်။ (ပဝတ္တိ ဝါရများ၌ ဟောရန်)။
၄။ ဘုံ, ပုဂ္ဂိုလ်ရ ဆောင်ပုဒ်များပင်ဖြစ်သည်။
သို့မှသာ ရှေ့ဆက်ပို့ချလေ့လာလျှင် ချောမွေ့သွက်လက်ပါမည်။

http://www.dhammadownload.com



# ယမိုက်ကျွမ်းကျင် ပညာရှင်ဖြစ်ရေး

ဤယမိုက်ကျမ်းအခြေခံ ဝိဘင်း ၆-ပါးထွက်ပုံ နမူနာများ ကြံဆကာ ခဏခဏ ဖတ်ပါ။

(၁) **အနုလုံ အနုလောမ, ပဋိလောမ ဝိဘင်းရှည်ထွက်၍**–

(က) တရားကျန်အံ့၊ ၎င်း၏ပစ္စနိက်၌ ဝိဘင်းရှည်ထုတ်၊ ပုံစံ = ပစ္စုပ္ပန္နဝါရ ကာယမူ **ဝစီမူလီရှု** (သဒ္ဒါရယမက ပါဠိ ၆-၇)

(ခ) တရားမကျန်အံ့၊ ၎င်း၏ ပစ္စနိက်၌ အနုလောမ, ပဋိလောမတို့၌ ပါဠိဂတိဝိဘင်းထုတ်။ ပုံစံ =ဓမ္မယမက-ဩကာသဝါရ - ရှု (ဓမ္မပါဠိ-၁၁)

(၂) **အနုလုံ အနုလောမ, ပဋိလောမတို့၌ "အာမန္တာ"ချည်းထွက်၍**–

(က) တရားကျန်အံ့၊ ပစ္စနိက်၌လည်း "အာမန္တာ"ချည်းထုတ်ရမည်။ ပုံစံ - သဒ္ဒါရ ပရိညာ စသည်ရှုပါ။ (သဒ္ဒါရယမက ပါဠိ - ၅)

(ခ) တရားမကျန်အံ့၊ "နတ္ထိ"ဝိဘင်းချည်းထုတ်ပါ။ **ပုံစံ**-သဒ္ဒါရ အတီတ ပုဂ္ဂလရှုပါ။(ပါဠိ-၉)

(၃) **အနုလုံ၌ အနုလောမ ဝိဘင်းရှည်၊ ပဋိလောမ "အာမန္တာ" ထွက်၍**–

(က) တရားကျန်အံ့၊ ၎င်း၏ ပစ္စနိက်၌ အနုလောမ "အာမန္တာ"၊ ပဋိလောမမှာ ဝိဘင်း**ရှည်ထုတ်။**
ပုံစံ - ခန္ဓ ဥပ္ပါဒ အတီတာနာဂတ ပုဂ္ဂလောကာသ ဝေမူ သညာ မူလီ (ပါဠိ-၁၊ ၄၃-၄၄)
(ခ) တရားမကျန်အံ့၊ ၎င်း၏ပစ္စနိက်၌ အနုလောမ "နတ္ထိ"၊ ပဋိလောမ "ပါဠိဂတိ" ထုတ်ပါ။
ပုံစံ - သဒ္ဒါရ ဥပ္ပါဒ အတီတာနာဂတပုဂ္ဂလ ရှုပါ။ (သဒ္ဒါရ ပါဠိ ၂၂-၂၄)

(၄) **အနုလုံ အနုလောမ "အာမန္တာ"၊ ပဋိလောမ ဝိဘင်းရှည်ထွက်၍** -

(က) တရားကျန်အံ့၊ ၎င်း၏ပစ္စနိက်၌ အနုလောမဝိဘင်းရှည်၊ ပဋိလောမ "အာမန္တာ"ထုတ်ပါ။ ပုံစံ-သဒ္ဒါရ-ဥပ္ပါဒ-အနာဂတပုဂ္ဂလ ကာယမူ-ဝစီမူလီ (ပါဠိ ၁၂-၁၃)

(ခ) တရားမကျန်အံ့၊ ၎င်း၏ပစ္စနိက်၌ အနုလောမ "ပါဠိဂတိ"၊ ပဋိလောမ "နတ္ထိ" ထုတ်ပါ။ ပုံစံ - သဒ္ဒါရ ဥပ္ပါဒ-ပစ္စုပ္ပန္နာတီတပုဂ္ဂလ (ပါဠိ ၁၅-၁၇)

(၅) **အနုလုံ အနုလောမ၊ ပဋိလောမ "နော" ဟုချည်းထွက်၍** -

(က) တရားကျန်အံ့၊ ပစ္စနိက်၌ ဝိဘင်းရှည်ထုတ်ပါ။ ပုံစံ=သဒ္ဒါရ ဥပ္ပါဒနိရောဓ-ပစ္စုပ္ပန္နဝါရ (ပါဠိ ၄၃-၄၄)

**မှတ်ချက်**။ အနုလုံ - အနုလောမ "နော"အရသည် နိက်၌ ပဋိလောမတဖက်ရ။ အနုလုံ ပဋိလောမ "နော" အရ နိက်၌ အနုလောမ တစ်ဖက်အရဖြစ်မည်။ (**ဒါ-ပုံသေမှတ်ပါ**)
(ဥပ္ပါဒနိရောဓ ပစ္စုပ္ပန်၏ပစ္စနိက်တိုင်း၌ ဤသို့ဟောသည်ဖြစ်၍ ထိုနေရာတိုင်း၌ ရှုပါ)

(ခ) တရားမကျန်အံ့၊ ပါဠိဂတိဝိဘင်းချည်းထုတ်ပါ။

**မှတ်ချက်**။ ဤ (ခ) အတွက် ယမိုက် ၁၀-ကျမ်းတွင် မရှိ။

**ပုံသေနည်း**။ ပုံသေနည်းတစ်ခု မှတ်သားရန်မှာ 'ပါဠိဂတိ' ဝိဘင်းထုတ်ရာ၌ နောက်ကြိယာသို့လိုက်၍ န ပဋိသေဓဖြုတ်လျက် ထုတ်ပါ။ မှတ်မိပြီလား?၊ မှတ်မိအောင်မှတ်ထားပါလေ။

http://www.dhammadownload.com



# ၆ – သင်္ခါရ ယမက

သစ္စယမိုက်ကို . . ၌ . . သင်္ခါရယမိုက်ကို ဟောတော်မူ၏

ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ ပရိညာဝါရ (၃)

ဥဒ္ဒေသ နိဒ္ဒေသ (၂)

ပရိစ္ဆေဒဝါရ ပရိစ္ဆိန္နုဒ္ဒေသဝါရ ဝိဘာဂဝါရ (၃)

**တစ်နည်းကား** - သင်္ခါရုဒ္ဒေသ၊ နာမဝဝတ္ထာန်၊ သရူပဒဿနဝါရ၊ နယဝါရ (၄)

| သင်္ခါရုဒ္ဒေသ | ဟောဟန်ကား | တယော သင်္ခါရာ။ |
|---|---|---|
| ထို့နောင် နာမဝဝတ္ထာန် | ။ | ကာယသင်္ခါရော။ ဝစီသင်္ခါရော။ စိတ္တသင်္ခါရော။ **(အနက်ပေး)** |
| ထို့နောင် သရူပဒဿနဝါရကို ဟောတော်မူ၏၊ ထို-သည်လည်း၊ | ကာယ-၏သရူပဒဿနဝါရ ဝစီ - ၏ ။ စိတ္တ - ၏ ။ (၃)--ရှိ၏၊ | ကား - အဿာသပဿာသာ ကာယသင်္ခါရော၊ ကား - ဝိတက္ကဝိစာရာ ဝစီသင်္ခါရော။ ကား - သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော၊ ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော။ |
| သရူပဒဿနဝါရကို - အခြားမဲ့၌ နယဝါရကို-၏၊ | ထို-သည်လည်း | ပဒသောဓနဝါရ၊ ပဒသောဓနမူလစက္ကဝါရ၊ သုဒ္ဓသင်္ခါရအရာ၌တည်သောကြောင့် သုဒ္ဓသင်္ခါရဝါရလည်း မည်ကောင်းပါသော သုဒ္ဓသင်္ခါရဝါရအားဖြင့် ၃-ပါးအပြားရှိ၏။ |

**မှတ်ချက်**။ ၁၊ သင်္ခါရုဒ္ဒေသ ပါဠိတော်။ ၂၊နာမဝဝတ္ထာန်ပါဠိတော်။ ၃၊သရူပဒဿနဝါရ ပါဠိတော်များကို ဖေါ်ပြပါဟု- မေးလျှင် ဖြေနိုင်ပါစေ။

**အုတ်မြစ်** – –

သရူပဒဿနဝါရ ပါဠိတော်သည် ဤသင်္ခါရ ယမိုက်၏ အုတ်မြစ်ဖြစ်သည်။

**ကာယသင်္ခါရ**၏ ကိုယ်စား **"အဿာသပဿာသ"** အမည်။

**ဝစီသင်္ခါရ** ၏ ကိုယ်စား **" ဝိတက္ကဝိစာရ"** အမည်များဖြင့် ဤသင်္ခါရ ယမိုက်၌ ဟောမည်။

မေး။ အဘယ်ဝါရကို "သရူပဒဿနဝါရ" ခေါ်ဆိုရပါသနည်း။

ဖြေ။ သုံးပါးအပြားရှိသော သင်္ခါရတရားတို့၏ သရုပ်တရားကိုယ်ကို ထုတ်ဆိုဟောကြားအပ်သော ဝါရကို "သရူပဒဿနဝါရ"ဟု ခေါ်သည်။ (ယမကတ္ထဝိဘာဝနီ)

ကာယသင်္ခါရ အစရှိသည်ကို ရှေး၌ သရုပ်ထုတ်၍မဟောအပ်သေးသောကြောင့် သရုပ်ကို မသိအပ်၊ ထို့ကြောင့် သရူပဒဿနဝါရကို ဟောတော်မူရပါသည်။ (အရကောက်-၃၀၇)

http://www.dhammadownload.com



## ဥဒ္ဒေသ

| ၁။ ပဒသောဓနဝါရ | | ၂။ ပဒသောဓနမူလစက္ကဝါရ | | | |
|---|---|---|---|---|---|
| | | သင်္ခါရာ | ကာယသင်္ခါရော | ဝစီသင်္ခါရော | စိတ္တသင်္ခါရော |
| ကာယော | ကာယသင်္ခါရော | ။ | | ။ | ။ |
| ဝစီ | ဝစီသင်္ခါရော | ။ | ။ | | ။ |
| စိတ္တံ | စိတ္တသင်္ခါရော | ။ | ။ | ။ | |

ပစ္စနိက်၌ (န) ပဋိသေဓထည့်၍ဆိုပါ။

### ၃။ သုဒ္ဓသင်္ခါရ ဝါရ

| | |
|---|---|
| ကာယသင်္ခါရော | ဝစီသင်္ခါရော |
| ။ | စိတ္တသင်္ခါရော |
| ဝစီသင်္ခါရော | ။ |

သင်္ခါရယမိုက်၏ပဏ္ဏတ္တိဝါရဥဒ္ဒေသ၌ ဝါရငယ် ၃ ပါး။ နယ ၆ ပါး၊ ယမက ၂၄ ပါး၊ ပုစ္ဆာ ၄၈ ပါး၊ အတ္ထ ၉၆ ပါး။

<u>ဂါထာပုံစံ</u>

သင်္ခါရယမကေ ဥဒ္ဒေသေ၊ တယော ဝါရာ နယာ ဆ စ။
ပုစ္ဆာ အဋ္ဌစတ္တာလီသ၊ ယမကေ စတုဝီသတိ။

## ပဏ္ဏတ္တိဝါရ နိဒ္ဒေသ – ပဒသောဓနဝါရ

| | | |
|---|---|---|
| ၁ | ကာယ | စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သောအကြောင်းဖြစ်သော ကရဇကာယ။ |
| ၂ | ကာယသင်္ခါရ | ကရဇကာယ၏အကျိုးဆက်ဖြစ်သော အ-ပ-ဟုဆိုအပ်သောစိတ္တဇဝါယောဓါတ်။ |
| ၃ | နိုက်၂-ဖက်ရ | ကာယ, ကာယသင်္ခါရမှတစ်ပါးစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိ၊ ပညတ်။(အ ၁၁၄) |
| န ကာယော န ကာယသင်္ခါရောတိ? ကာယသင်္ခါရော န ကာယော ကာယသင်္ခါရော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ကာယော န စ ကာယသင်္ခါရော။ န ကာယသင်္ခါရာ န ကာယောတိ? ကာယော န ကာယသင်္ခါရော ကာယော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ကာယော န စ ကာယသင်္ခါရော။ | | |
| ၁ | ဝစီ | အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒ။ |
| ၂ | ဝစီသင်္ခါရ | ဝစီဘေဒ သဒ္ဒ၏အကြောင်းဖြစ်သော ဝိတက် ဝိစာရ။ |
| ၃ | နိုက်၂-ဖက်ရ | ဝစီ, ဝစီသင်္ခါရမှတစ်ပါး စိတ် ၈၉၊ စေ ၅၀၊ ရုပ် ၂၈၊ နိ၊ ပညတ်။ |
| ၁ | စိတ္တ | အကြောင်းဖြစ်သော စိတ်တစ်ခုယုတ် ၉၀။ |
| ၂ | စိတ္တသင်္ခါရ | အကျိုးဖြစ်သော ဝိတက်၊ ဝိစာရမှတစ်ပါး စေ ၅၀။ |
| ၃ | နိုက်၂-ဖက်ရ | စိတ္တ, စိတ္တသင်္ခါရမှတစ်ပါး ဝိတက် ဝိစာရ ရုပ် ၂၈၊ နိ၊ ပညတ်။ |

**မှတ်ချက်။** ။ အနုလုံ၌ သန္နိဋ္ဌာန် သံသယအရ မတူသောကြောင့် "နော"ဝိဘင်းချည်းသာ ထုတ်ရသည်။ ၃-နံပါတ်သည် နိုက် ၂-ဖက်ရချည်းဖြစ်သည်။ သင်္ခါရ ၃-ပါးလုံးခြုံ၍ကောက်လျှင် စေ ၅၂ သာရ၏။ ကျန် စိတ် ၈၉၊ ရုပ် ၂၈၊ နိ၊ ပညတ်တို့သည် "န သင်္ခါရ" ဟူသော ပစ္စနိက်အရ အမြဲဖြစ်တော့သည်။ ဝစီ-စိတ္တတို့၏ ဝိဘင်းကို ကာယနည်းမှီ၍ဆိုပါ။ (ကာယ-နိုက်၌ ၃-နည်းရှိ၏)

http://www.dhammadownload.com



## ပဒသောဓနမူလ စက္ကဝါရ ပဋိလောမ အတွက်သာ

| ဝစီသင်္ခါရ | သင်္ခါရာ | ဝစီသင်္ခါရော | ဝစီသင်္ခါရော သင်္ခါရော စေဝ ဝစီသင်္ခါရော စ |
|---|---|---|---|
| (ကာယသင်္ခါရ-စိတ္တသင်္ခါရ) | သင်္ခါရာ | × | အဝသေသာ သင်္ခါရာ န ဝစီသင်္ခါရော |
| သင်္ခါရမှတစ်ပါး စိတ်၈၉၊ ရုပ်-၂၈၊ နိ၊ ပညတ်။ | × | × | (နိုက်)ပဋိလောမ'အာမန္တာ' ချည်းထုတ်ပါ။ |

လုံ, နိုက်-အနုလောမများသည် ပဒသောဓနဝါရရှိ ဝိဘင်းနှင့်အကောက်အတိုင်းပင်။

လုံ-ပဋိလောမ၌ သင်္ခါရာ ဝစီသင်္ခါရောတိ? ဝစီသင်္ခါရော သင်္ခါရော စေဝ ဝစီသင်္ခါရော စ၊
အဝသေသာ သင်္ခါရာ န ဝစီသင်္ခါရော။ (ကျန်မူလီများ၌ နည်းတူဆိုပါ)

## ၃။ သုဒ္ဓသင်္ခါရ ဝါရ

| | | | |
|---|---|---|---|
| **ကာယမူ ဝစီမူလီ** | ၁ | ကာယသင်္ခါရော | အ-ပ- ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်။ |
| | ၂ | ဝစီသင်္ခါရော | ဝိတက် ဝိစာရ။ |
| | ၃ | နိုက်၂-ဖက်ရ | ကာယသင်္ခါရ, ဝစီသင်္ခါရမှတစ်ပါး စိတ်-၈၉၊စေ-၅၀၊ရုပ်၂၈၊နိ၊ညတ်။ |
| **ကာယမူ စိတ္တမူလီ** | ၁ | ကာယသင်္ခါရော | အ-ပ- ဟုဆိုအပ်သော စိတ္တဇဝါယောဓါတ်။ |
| | ၂ | စိတ္တသင်္ခါရော | ဝိတက် ဝိစာရမှတစ်ပါး စေ-၅၀။ |
| | ၃ | နိုက်၂-ဖက်ရ | ကာယသင်္ခါရ,စိတ္တသင်္ခါရမှတစ်ပါး စိတ်၈၉၊ ဝိတက်ဝိစာရရုပ်-၂၈၊ နိ၊ ညတ်။ |
| **ဝစီမူ စိတ္တမူလီ** | ၁ | ဝစီသင်္ခါရော | ဝိတက် ဝိစာရ။ |
| | ၂ | စိတ္တသင်္ခါရော | ဝိတက် ဝိစာရမှတစ်ပါး စေ-၅၀။ |
| | ၃ | နိုက်၂-ဖက်ရ | ဝစီသင်္ခါရ, စိတ္တသင်္ခါရမှတစ်ပါး စိတ်-၈၉၊ ရုပ်-၂၈၊ နိ၊ ပညတ်။ |

**မှတ်ချက်။** ။ အနုလုံ၌ အရ မတူ၍ အားလုံး "နော" ချည်းထုတ်ပါ။

**နိုက်။** ။ **န ကာယသင်္ခါရော န ဝစီသင်္ခါရော**တိ? ဝစီသင်္ခါရော န ကာယသင်္ခါရော ဝစီသင်္ခါရော၊
ကာယသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ကာယသင်္ခါရော န စ ဝစီသင်္ခါရော၊
**န ဝစီသင်္ခါရော န ကာယသင်္ခါရော**တိ? ကာယသင်္ခါရော န ဝစီသင်္ခါရော ကာယသင်္ခါရော၊
ဝစီသင်္ခါရဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ န စေဝ ဝစီသင်္ခါရော န စ ကာယသင်္ခါရော၊

**မှတ်ချက်။** ဤဝါရကို သုဒ္ဓသင်္ခါရ အရာ၌ တည်သောကြောင့် သုဒ္ဓသင်္ခါရဝါရဟု အဋ္ဌကထာဆရာအမည်ပေးထားခြင်းသာဖြစ်သည်။ စင်စစ်ဤဝါရကို မဟောခဲ့ပေ။ သုဒ္ဓသင်္ခါရဝါရ နေရာ၌အစားထိုး၍ဟောတား သောကြောင့် တင်စားသောအားဖြင့် "သုဒ္ဓသင်္ခါရဝါရ" အမည်ပေးထားသည်။ **(သုဒ္ဓသင်္ခါရအတုပင်)**

**သုဒ္ဓသင်္ခါဝါရအစစ်နှင့် သုဒ္ဓသင်္ခါရမူလစက္ကဝါရ** တို့ကို မဟောကြောင်းကား - -
'ကာယော သင်္ခါရော၊ သင်္ခါရာ ကာယော' ဤသို့စသည်ဖြင့် ဟောကြားတော်မူသည်ရှိသော် ကာယစသော ပုဒ်တို့၏ရင်း၊ သင်္ခါရပုဒ်၏ရင်း(မတူသော အနက်တည်းဟူသော တည်ရာ) သမာနာဓိကရဏ မဖြစ်သောကြောင့် လိုအပ်သော အဿာသပဿာသ စသော အနက်ကိုစွန့်၍၊ အလိုမရှိအပ်သော စေတနာကာယ, အဘိသင်္ခရဏသင်္ခါရ စသော အနက်ကို သိမ်းဆည်းခြင်းသည် ဖြစ်တန်ရာ၏။ ထို့ကြောင့် "သုဒ္ဓ-- နှင့် -- စက္ကဝါရ" ကို မဟောပါ။ (သင်္ခါရယမိုက် ဋီကာ၊ ကောက် ၆၇၀-၇၇၀)

http://www.dhammadownload.com



# သက္ခိရသုံးတန်၊ တည်ထားခံ၊ ဘုံ ဈာန် စိတ် ပုဂ် ခွဲ

| | အဓိပ္ပါယ် | ဘုံ | ဈာန် | စိတ္တုပ္ပါဒ် | ပုဂ္ဂိုလ် |
|---|---|---|---|---|---|
| ကာယသက္ခိ | စတုသမုဋ္ဌာနိက ရုပ်ဟုဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အ-ပ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် | ရူ အရူ ဘုံ၌ မဖြစ်၊ ကာမ ၁၁-ဘုံ ၌သာ ဖြစ်၏။ | ပ ဒု တ ဈာန်၌ ဖြစ်၏။ စ-ဈာန်၌ မဖြစ်။ | ဒွေးပဉ္စဝိ-၁၀ ပဋိ-စုတိမှ တစ်ပါး သော ကာမစိတ် ၄၄-ခု၌ သာ ဖြစ်၏။ | အမိဝမ်း၌ကိန်းသောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားခိုက်သောပုဂ္ဂိုလ်၊ စတုတ္ထဈာန်ဝင်စားခိုက်သော ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်၊ ရေ၌ကိန်းသော ပုဂ္ဂိုလ်၊ မုစ္ဆာကာလ၌ဖြစ်သောပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့၌မဖြစ်။ ဗလဝါရမ္မဏဖြစ်သော ကာမပုဂ္ဂိုလ်၌သာဖြစ်၏။ |
| ဝစီသက္ခိ | ဝစီ၏အကြောင်း ဖြစ်သော ဝိတက်ဝိစာရ တည်း။ | အသည သတ်ဘုံမှ တစ်ပါး သော အလုံးစုံ သောဘုံ ၌ဖြစ်၏။ | မူလဘူတ ဖြစ်သော ပ-ဈာန်၌ သာဖြစ်၏၊ | ဒွေးပဉ္စဝိ၁၀ မှတစ်ပါး သောကာမ စိတ် ၄၄-ခု ၌သာ ဖြစ်၏။ | အသညသတ်ပုဂ္ဂိုလ်၊ နိရောဓသမာပတ်ဝင်စား-ခိုက်သောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်မှတစ်ပါး အလုံးစုံသော ပုဂ္ဂိုလ်၌ဖြစ်၏။ (ကာသင်္ခါရမဖြစ်သော ပုဂ္ဂိုလ်တို့၏ အကြောင်းပြ နှာ ၂၆/၉၂ တို့၌ရှုပါ) |
| စိတ္တသက္ခိ | ဝိတက်ဝိစာရမှ တစ်ပါးသော စေ ၅၀-တည်း။ | ။ | အလုံးစုံ သောဈာန် ၌ဖြစ်၏ | အလုံးစုံသော ကာမစိတ်၅၄ ခု၌ဖြစ်၏။ | ။ |

ကာယသင်္ခါရ မဖြစ်သောပုဂ္ဂိုလ်များ၊ **ဆောင်**။ ။ကိန်း,သေ,နိ, စ၊ ဝင်စားကြ၍၊ ရူပ ရူပါ၊
ရေကိန်းရှာ၊ မုစ္ဆာ ဤရှစ်-ကာ (ယသင်္ခါရ)မဖြစ်။

| ပဉ္စကနည်း | စတုက္ကနည်း |
|---|---|
| ပ ဈာန်ဇော ၁၀ | ပ ဈာန်ဇော ၂၀ |
| ဒု ။ ၁၀ | |
| တ ။ ၁၀ | ဒု ။ ၁၀ |
| စ ။ ၁၀ | တ ။ ၁၀ |
| မ ။ ၁၈ | စ ။ ၁၈ |
| ပေါင်း ၅၈ | ပေါင်း ၅၈ |

**မှတ်ချက်**။ ။ဈာန်ဇော ၅၈ ပါးဟူသည် မဟဂ္ဂုတ် ကု၉၊ ကြိ၉၊ လောကုတ် ၄၀၊ ပေါင်း ၅၈-ပါးဖြစ်သည်။

၁။ ရူပ ကုကြိ၊ပထမဈာန်ဇော၊ ၂ } ပထမဈာန်ဇော ၁၀၊
လောကုတ္တရာ ။ ၈

၂။ ရူပ ကုကြိ၊ ဒု ဈာန်ဇော ၂ } ဒု-ဈာန်ဇော ၁၀၊
လောကုတ္တရာ ။ ၈

(၄င်း ပ. ဒု. ပေါင်း ၂၀ ကိုပင် စတုက္ကနည်းအားဖြင့် ပဈာန်ဇော ၂၀ ဟုခေါ်သည်။) မဟဂ္ဂုတ်ဝိပါက် ၉-ခုသည် ဇောမထိုက်၍ လျှော့သည်။

၃။ တ ဈာန် ၁၀။ ၄။ စ ဈာန် ၁၀ နည်းတူ ရေတွက်ပါ။

၅။ ရူပ ကု ကြိ၊ ပဉ္စမဈာန်ဇော ၂
အရူပ ကု-၄၊ ကြိ-၄ ပဉ္စမဈာန်ဇော ၈ } ပဉ္စမဈာန်ဇော-၁၈။
လောကုတ္တရာ ပဉ္စမဈာန်ဇော ၈

F.3.A

http://www.dhammadownload.com



## ဥပ္ပါဒ ပစ္စုပ္ပန္နဝါရ (ပုဂ္ဂလ—ပုဂ္ဂဏော)

| | ကာ | ဝစီ | စိတ္တ | ဈာနောကာသ (ဈာန်ဝင်စားသော) | ခဏတ္တယ | ပုဂ္ဂိုလ် | | |
|---|---|---|---|---|---|---|---|---|
| ၁ | ॥ | ॥ | ॥ | အဿာသပဿာသ နှင့်တကွ ပ-ဈာန်ဇော ၂၀ | ဥပ္ပါဒ ဘင် | ကာ | | |
| ၂ | | ॥ | ॥ | ॥ ကင်းသော ပ-ဈာန်ဇော ၂၀ | ॥ | ကာ | ရူ | |
| ၃ | | ॥ | ॥ | သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာပ-ဈာန်ဇော၁၄ | ॥ | | | အရူ |
| ၄ | ॥ | | ॥ | အဿာသပဿာသ နှင့်တကွ ဒု-၁၀၊ တ-၁၀၊ | ॥ | ကာ | | |
| ၅ | | | ॥ | ॥ ကင်း ဒု-၁၀၊ တ-၁၀၊ စ-ဈာန်၁၈ | ॥ | ကာ | ရူ | |
| ၆ | | | ॥ | သောတာပတ္တိမဂ်ကြဉ်သောလောကုတ္တရာဒု-၇၊တ-၇၊ စ-၁၅ | ॥ | | | အရူ |
| | ဘုမ္မောကာသ (ဈာန်မဝင်စားသော) | | | | | | | |
| ၇ | ॥ | ॥ | ॥ | ဒွေပဉ္စဝိ ၁၀-ကြဉ် အ-ပ-သ နှင့်တကွကာမစိတ် ၄၄ | ॥ | ကာ | | |
| ၈ | | ॥ | ॥ | ॥ ကင်း ॥ | ॥ | ကာ | | |
| ၉ | | | ॥ | ဒွေပဉ္စဝိ ၁၀-တို့၏ | ॥ | ကာ | | |
| ၁၀ | | ॥ | ॥ | (ရူပ) သဝိတက္ကသဝိစာရစိတ် ၃၆ + ၇ = ၄၃ (ကာ+စိ) | ॥ | | ရူ | |
| ၁၁ | | ॥ | ॥ | (အရူပ) ॥ ၂၇ + ၄ = ၃၁ (ကာ+စိ) | ॥ | | | အရူ |
| ၁၂ | | | ॥ | (ရူပ) အဝိတက္ကအဝိစာရစိတ် ၇ | ॥ | | ရူ | |
| ၁၃ | | | ॥ | (အရူပ) ॥ ၄ (အရူပဝိပါက်-၄) | ॥ | | | အရူ |
| ၁၄ | | | | ခပ်သိမ်းသော စိတ်တို့၏ဘင်္ဂက္ခဏာသမင်္ဂီ၊ နိရောဓ၊ အသည | | | | |

**ဆောင်**။ ॥ လော,မော,သမ်,သန်၊ သုံးတန်ကြိ၊ ကုကြိမဟာ၊ ပ-ဒုဈာ၊ သ-စာ ၃၆။

လောဘမူမော၊ မနောဒွါရာ၊ မဟာကုကြိ၊ ရေတွက်ကြည့်၊ မှတ်ဘိ ၂၇။

စက်,သော,တ,စ၊ မဈာန်ပြဝိ၊ အရူဝိ၊ မှတ်ဘိ ၁၁။

### ပစ္စုပ္ပန်၏ ဝိဘင်းသဘောသွား

၁။ ကာယ-၌ အ. သ. ပ. သ-ဖြစ်လျှင် - အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။

॥ ॥ မဖြစ်လျှင် - ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။

၂။ ဝစီ-၌ ဝိတက်ဝိစာရ - ဖြစ်လျှင် - ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။

॥ ॥ မဖြစ်လျှင် - ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿဥပ္ပါဒက္ခဏေ-ဟုထုတ်ပါ။

ကာယသင်္ခါရ၏ ကိုယ်စား'**အဿာသပဿာသ**' ဖြစ် မဖြစ်။ ဝစီသင်္ခါရ ကိုယ်စား '**ဝိတက် ဝိစာရ**' ဖြစ် မဖြစ်တို့ကို ဦးစားပေး၍ဟောထားသည်။(ဈာနောကာသ၌ ဈာန်ဝင်စား၊ ဘုမ္မောကာသ၌ဈာန်မဝင်စားဟုဆိုပါ)

### ပုဂ္ဂိုလ်ကောက်တတ်ရန် သဘောသွား

၁။ အဿာသ ပဿာသနှင့်တကွဖြစ်ခြင်း၊ ကာမစိတ်ဖြစ်ခြင်း၊ ထို ၂-ခုသည် ကာမပုဂ္ဂိုလ်သာရ၏။

၂။ အဿာသ ပဿာသကင်းသော ပ,ဒု,တဈာန်နှင့် ရူပစိတ်များသည် ကာမ, ရူပပုဂ္ဂိုလ်။

၃။ သောတာပတ္တိမဂ်ကြဉ်လျှင် -အရူပပုဂ္ဂိုလ်။ (သော-မဂ်သည် အရူပဘုံ၌ မဖြစ်သောကြောင့်တည်း)

**ဆောင်**။ ॥ ဝစီ စိတ္တ၊ သုံးကာလ၊ ကာယပဝတ်သာ။ (ပဋိ, ပဝတ္တိ, စုတိ ကာလ ၃-ပါးခွဲရန်)

http://www.dhammadownload.com



**ကာယမူ+ဝစီမူလီ ဝိဘင်း-**

၁၊ ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ။ (လုံ-အနု ၁-ဖက်ရ)

၂၊ ပဌမဈာနံ သမာပန္နာနံ, ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေတေသံ။ (လုံ-အနု ၂-ဖက်ရ)

၃၊ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ။ (လုံ-ပဋိ ၁-ဖက်ရ)

၄၊ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, ဝိနာ အဿာသပဿာသေဟိ အဝိတက္ကအဝိစာရစိတ္တဿ ဥပ္ပါဒက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။(နိုက် ၂-ဖက်ရ)

**အနက်** = ဝိတက္ကဝိစာရေဟိ၊ ဝိတက်ဝိစာရတို့နှင့်။ ဝိနာ၊ ကင်း၍။ **(တနည်းကား)** ဝိတက္ကဝိစာရေဟိ၊ ဝိတက်ဝိစာရတို့ကို။ ဝိနာ၊ ကြဉ်၍။ အဿာသပဿာသာနံ၊ အဿာသပဿာသတို့၏။ ဥပ္ပါဒက္ခဏေ၊ ဥပ္ပါဒက္ခဏ၌။ (ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။) တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ။(ပ)။ ပဌမဈာနာနံ၊ ပဌမဈာန်ကို။ သမာပန္နာနံ၊ ဝင်စားကုန်သောပုဂ္ဂိုလ်တို့အား။ အဿာသပဿာသာနံ၊ ထွက်သက်ဝင်သက်တို့၏။ဥပ္ပါဒက္ခဏေ၊ ၌ငင်း။ ကာမာဝစရာနံ၊ ကာမာဝစရပုဂ္ဂိုလ်တို့အား။ အဿာသပဿာသာနံ၊ တို့၏။ ဥပ္ပါဒက္ခဏေ၊ ၌ငင်း။ ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။

**နိုက် - အနက်** = သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်တို့အား။စိတ္တဿ၊ ၏။ ဘင်္ဂက္ခဏေ၊ ဘင်္ဂက္ခဏ၌ငင်း။ အဿာသပဿာသေဟိ၊ တို့နှင့်။ ဝိနာ၊ ကင်း၍။ အဝိတက္ကအဝိစာရစိတ္တဿ၊ ၏။ ဥပ္ပါဒက္ခဏေ၊ ဥပ္ပါဒက္ခဏ၌ငင်း။ (ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။) တေသံ၊ ထို-တို့အားငင်း။ နိရောဓသမာပန္နာနံ၊ နိ-ဝင်စားခိုက်ဖြစ်ကုန်သော။ အသညသတ္တာနံ၊ ကုန်သော။ တေသံ၊ တို့အားငင်း။

* အညတြ, ဝိနာ၊ နိပါတာ၏၊ ယှဉ်ရာမှန်လှ၊ ယင်းပဒဝယ်၊ ဒု, တ, ပဉ္စမီ သက်မြဲ။ (ဘုရားကြီးနိယံ-၁၀၀)
(အညတြ,ဝိနာနိပါတ်ပုဒ်များနှင့် ယှဉ်ရာ၌ ဒု,တ,ပဉ္စမီဝိဘတ် ၃-မျိုးသာရှိရမည်။ နံ-ဝိဘတ်စသည်ဖြင့် မရှိရ)

**ကာယမူ+စိတ္တမူလီ ဝိဘင်း-**

၁။ အာမန္တာ။ (လုံ-နု၊) (တရားကျန်၍-နိုက် ပဋိလောမ၌လည်း "အာမန္တာ" ပင်ဖြစ်၏)

၂။ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ (လုံ-ပဋိ ၁-ဖက်ရ)

၃။ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ။ (လုံ-ပဋိ ၂-ဖက်ရ)

၄။ သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။(နိုက် ၂-ဖက်ရ)

**ဝစီမူ+စိတ္တမူလီ ဝိဘင်း-**

၁။ အာမန္တာ။ (လုံ-နု၊) (တရားကျန်၍-နိုက် ပဋိလောမ၌လည်း "အာမန္တာ" ပင်ဖြစ်၏)

၂။ ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ။ (လုံ-ပဋိလောမ ၁-ဖက်ရ)

၃။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ။(လုံ-ပဋိ ၂-ဖက်ရ)

၄။ သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, နိရောဓသမာပန္နာနံ, အသညသတ္တာနံ တေသံ။(နိုက် ၂-ဖက်ရ)

ဤဥပ္ပါဒ ပစ္စုပ္ပန်ဇယားဖြင့်ပင် - နိရောဓ၊ ဥပ္ပါဒနိရောဓ ပစ္စုပ္ပန်တို့ပါ ပြီးသည်။ နိရောဓ ဝါရအတွက် **ဥပါဒ်နှင့် ဘင်ပြောင်းဆိုရုံသာ။**

## ပစ္စုပ္ပန္နာတီတ ပုဂ္ဂလ

ဤသုံးဝါရ၏ ပစ္စုပ္ပန္နာတီတ ပုဂ္ဂလကိုလည်း ဤပွန်ဇယားဖြင့် ဆိုပါ။ အတိက်ဘက်က အားလုံးဖြစ်ဖူးရ၏ ဟူ၍ အသေအချာမှတ်ပြီး --

၁။ ပွန်ရသောတရားသည် နှစ်ဖက်ရ ၂။ မရသောတရား တစ်ဖက်ရ၊ နိုက်၌ "ပါဋိဂတိ၊ နတ္ထိ-ထုတ်ပါ" ဝါရတွဲ ပုံသေနည်းဖြင့်မှတ်ပါ။ လက်တွေ့စမ်းသပ်ထုတ်ကောက်ကြည့်ပါ။ အလွန်လွယ်ကူလှပါသည်။

http://www.dhammadownload.com



**ဆောင်**။ ။ ဥပါဒ်ကို ဘင်၊ ဘင်ကိုဥပါဒ်၊ ပြောင်းတုံလတ်၊ မှတ်လေနိရောဓ။ ဤသို့မှတ်ပါ။ **နိရောဓ ပစ္စုပ္ပန္နဝါရနှင့် ပွန်တီဝါရ၊** ဤ၂-ဝါရအတွက် လက်ာအတိုင်း ဥ+ဘင် ပြောင်းပြန် ပြန်ပါ။

## ဥပ္ပါဒနိရောဓ ပစ္စုပ္ပန် ဝိဘင်းထုတ်နည်း ကောက်နည်း

| အ-ပ | ဝိတက်ဝိစာရ | စိတ္တ |
|---|---|---|
| (ဥ) | → ဥ → | ဥ |
| ဘ ← | (ဘ) → | ဘ |

ဤဝါရမျိုးနေရာတိုင်း၌ အနုလုံ၌ **'နော'**ချည်းသာ ထုတ်ပါ။ အရမတူသောကြောင့်ပင်။အနုလုံအနုလောမဘက်က ဥပါဒ်ရမည်။ ထိုဥပါဒ်သည် နိက်၌ ပဋိလောမတစ်ဖက်ရဖြစ်မည်။ အနုလုံ ပဋိလောမ **'နော'**အရ ဘင်ထုတ်ရမည်။ ယင်းဘင်သည် နိက်၌ အနုလောမ တစ်ဖက်ရဖြစ်မည်။ ထိုတစ်ဖက်စီရထားသော ဥ နှင့် ဘင်ကို ကြည့်၍ နိက်၂-ဖက်ရ ထုတ်ရမည်။ ထုတ်သောအခါ --

လုံ-အနု-ဥပါဒ်မှကြွင်းသော -ဥပါဒ်များကို-"ဝိနာ အ. ပ. သေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ"ဟု ထုတ်၍ လုံ-ပဋိ ဘင်မှ ကြွင်းသောဘင်များကို "ဝိနာ ဝိတက္ကဝိစာရေဟိ စိတ္တဿ ဘင်္ဂက္ခဏေ" ဟု"ဝိနာ" ဖြင့်ကန့်၍ထုတ်ပြီး နိရောဓနှင့်အဿညသတ်ပါထည့်ထုတ်ပါ။ ဤမျှစဉ်းစားလျှင် ဥ-နိဝါရအတွက် လွယ်ပါပြီ။ ဤ ဥ-နိ ပွန်-တီဝါရတွဲကား ဥပ္ပါဒ အတိုင်းပင်။ (နေရာတိုင်း။)

ဓမ္မယမက-ဥပ္ပါဒနိရောဓဝါရမှာ ယခု 'ဝိနာ'နေရာ 'ဝိပ္ပယုတ္တ' ဆို၍ သူ့တရားနှင့်သူ ထုတ်ပါ လေ။

## ဩကာသဝါရ အားလုံးအတွက်

| သင်္ခါရ | ဈာနေဝကာသ | ဘုမ္မောကာသ | နိက် |
|---|---|---|---|
| ကာယ → | ပ. ဒု. တ (ဈာန်ဇော) | ကာ | အဿည |
| ဝစီ → | ပ. | ကာ. ရူ. အရူ | ။ |
| စိတ္တ → | ပ. ဒု. တ. စ (ဈာန်ဇော) | ကာ. ရူ. အရူ | ။ |
| ဝိဘင်း → | (ပဌမ) ဈာနေ တတ္ထ | (ကာမာ)ဝစရေ တတ္ထ၊ | အဿညသတ္တေ တတ္ထ၊ |

**မှတ်ချက်**။ ကြိယာပဓာနမဟုတ်၍ မည်သည့်ကြိယာနှင့်မဆို အားလုံးတူကြသည်။

### အတီတ ပုဂ္ဂလဝါရ

လုံ-'အာမန္တာ' အရ-ခပ်သိမ်းသော ပုထုဇဉ်လေးယောက်၊ အရိယာ ၈-ယောက်(ရ၏)တို့သည် သင်္ခါရအားလုံး ဖြစ်ဖူး၊ ချုပ်ဖူးရသည်။ (မဖြစ်ဖူးသူ, မချုပ်ဖူးသူဟူ၍မရှိ)။ နိက် 'နတ္ထိ'ချည်းထုတ်ပါ။ တရားမရှိတော့ပြီ။

**ရှေးခေတ်, ယခုခေတ် ထွက်သက် ဝင်သက် တွက်နည်း။**

ယခုခေတ် တစ်နေ့ (၂၄)နာရီကို ရှေးမြန်မာနာရီဖြင့် နာရီ ၆၀-ဟုခေါ်သည်။ ထိုနာရီ ၆၀-မှ တစ်နာရီ လျှင် ထွက်သက် ၃၆၀၊ ဝင်သက် ၃၆၀၊ ထွက်သက်, ဝင်သက် ပေါင်း - ၇၂၀

တစ်နေ့နာရီ × ၆၀

တစ်နေ့လျှင်ထွက်သက် ဝင်သက်ပေါင်း ၄၃၂၀၀

**စက်နာရီဖြင့်တွက်သော်**- ရှေးခေတ်မြန်မာတစ်နာရီသည် ယခုခေတ်စက်နာရီဖြင့် ၂၄-မိနစ်နှင့်ညီမျှ၏။ ယခုခေတ်စက်နာရီ တစ်နာရီလျှင်ထွက်သက် ၉၀၀၊ ဝင်သက် ၉၀၀။ ပေါင်း ၁၈၀၀။ တစ်နေ့ ၂၄-နာရီဖြင့် ၁၈၀၀-ကို မြှောက်သော် ၄၃၂၀၀-တစ်နေ့ ဝင်သက် ထွက်သက် ဖြစ်သည်။ ၄၃၂၀၀-ကို ၂၄-နာရီဖြင့်စားပါက ၁၈၀၀- တစ်နာရီဝင်သက် ထွက်သက်ကို ရသည်။

http://www.dhammadownload.com



# အတီတ ပုဂ္ဂလောကာသ

| | ဈာနောကာသ | | | | | ဘုမ္မောကာသ | | | ဘဝနိကန္တိက ပဇော |
|---|---|---|---|---|---|---|---|---|---|
| | ပ | ဒု | တ | စ | [illegible] | ကာမစိတ် | ပဋိ | ဘ ဘ - ၁၅ မ | ဓ ဓ ဓ ဓ ဓ (ပ) စုတိ |
| သဒ္ဒါ ↑ | ၂၀ ဥ ဘ | ၁၀ ဥ ဘ | ၁၀ ဥ ဘ | ၁၈ ဥ ဘ | | ၅၄ ခု ဥ ဘ ကာမ ၁၁ ဘုံ | ရူပပဋ္ဌ မဈာန် ပဋိ ၁-ခု စေ ၃၀ အသည | သုဒ္ဓါဝါသဘုံ၌ ပဋိ - နောင် ပ-ဘွင်ဟုဆိုအပ်သော မုချဒု စိတ်၊ ထို-နှင့်-ကို အတိတ်၌မရ တူသောကြောင့် တံသဒိသ သော ဘ-၁၅၊ မ၊ ဤ ၁၇-- နာဖတို့အား သုဒ္ဓါ ၅-ဘုံ၊ | သုဒ္ဓါ-အံ ဘဝနိကန္တိက ပ. ဇောမှစ၍စုတိ တိုင်အောင်, ကြွင်းသော ရူ-အရူ ဖြစ်အံ့ ပဋိမှ စ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိ-သစာ၊အဝိ. အစာ. စိတ် ၄၇ ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင် စားသော ရူ၊ အရူ၊ ပု-တို့အား ညကြဉ်၊ ရူ- ၁၅-ဘုံ၊ အရူ ၄-ဘုံ။ |
| ကာ | ॥ | ॥ | ॥ | | | ॥ | | | |
| ဝဓိ | ॥ | | | | | ॥ | | | ॥ |
| ဓိ | ॥ | ॥ | ॥ | ॥ | | ॥ | | ॥ | ॥ |
| ( ) ဈာန် သမာပန္နာနံ | | | | | | ကာမာ ဝစရာနံ | သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသည-နံ | သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ | (ဣတရေသံ) ရူပါဝစရာနံ အရူပါဝစရာနံ |

**ရှင်းပြခြင်း**။ ။ဤအတီတပုဂ္ဂလောကာသ၌ ဈာနောကာသနှင့် ဘုမ္မောကာသဟု နှစ်မျိုးရှိရာ ဈာနောကာသ ၌ ပ,ဒု,တ,စ ဈာန်လေးမျိုးရှိ၏။ ထိုလေးမျိုးလုံး၌ပင် (ဥ-ဘ) ခွဲထားသည်။ ဤရိုးရိုးဝါရမှာခွဲစရာမလို (ခဏတ္တယ) ဥ-ဋ္ဌီ-ဘင် တစ်ခပေါင်းတည်းရ၏။ ဆိုင်ရာဝါရများနှင့် ဝါရတွဲစပ်မှသာ ဥ-စခွဲရမည်။

**ဘုမ္မောကာသ**၌ ကာမနှင့်သုဒ္ဓါဝါသ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် သုဒ္ဓါဝါသဝီထိသည် ပထမပိုင်း၊ ဒု-ပိုင်း၊ တ-ပိုင်းဟု သုံးမျိုးရှိ၏။

**သူ့အပိုင်းနှင့်သူ** ဝိဘင်းထွက်ပါက ဇယားပြထားသည့် အတိုင်းပင် ထွက်၏။ ပ-ပိုင်းနှင့် ဒု-ပိုင်း ပေါင်း၍ ဝိဘင်းထွက်ပါက ပဌမပိုင်း ပဋိသန္ဓေကို သီးသန့်မထုတ်တော့ပဲ ဒုတိယပိုင်းသို့ ပေါင်း၍ ထုတ်ရသည်။ အရကောက်ရာ၌လည်း ပဋိသန္ဓေပါ ထည့်သွင်းကောက်ရမည်။

ဒု-ပိုင်းနှင့် တ-ပိုင်းပေါင်းထုတ်လျှင် တတိယပိုင်းအတိုင်းထုတ်၍ အရကောက်ရာ၌ 'သုဒ္ဓါ-အံ့ ပဋိ-နောင် ပ. ဘွင်မှစ၍ စုတိတိုင်အောင်၊ ကြွင်း ရူ အရူ အံ့ ပဋိ မှစ၍ စုတိတိုင်အောင်' စသည်ဖြင့် ဝီထိရှုမျှော်၍ ကောက်ပါ။သုဒ္ဓါဝါသ ပထမပိုင်း ပဋိသန္ဓေသည် ဖြစ်ဆဲမျှသာ ဖြစ်ရကား ဖြစ်ဖူးမရ၍ အမြဲပင် ပစ္စနိက် ၂ -ဖက်ရ ဖြစ်သည်။

**အသညသတ်ကား** နာမ်တရားဟောရာတိုင်း နိက်၂-ဖက်ရဖြစ်သည်။ ထိုအသညသတ်ကား ရုပ်သက်သက် ဖြစ်သော ကြောင့်ပင်။ အရာကျယ်သော စိတ္တသင်္ခါရ၌ပင် ဖြစ်ဆဲ, ဖြစ်ဖူး, ဖြစ်လတ္တံ့များမရ။ **အထောက်သာဓကကား** "<u>သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော</u>" တည်း။

**အညွှန်း**။ ။ သုဒ္ဓါဝါသဝီထိသည် ပြီးခဲ့သော သစ္စ၊ ယခု သင်္ခါရ၊ ဓမ္မ၊ ဣန္ဒြိယ တို့၌လည်းပါရှိမည် ဖြစ်ရာ တစ်နေရာသဘောကျလျှင် အားလုံးသဘောကျမည် ဖြစ်၏။ ပဋိ. ဘွင်. ဇော စသည်တို့၌ ဥပါဒ်. ဋ္ဌီ. ဘင်. ခဏယ်သုံးခုစီရှိသည်ကို သတိပြုပါ။ ဥပ္ပါဒပစ္စုပ္ပန္နဝါရသည် (ဥ) သာရ၏။ **နိရောဓ** ပစ္စုပ္ပန်သည် (ဘင်) သာရ၏။ အတိတ်အနာဂတ်တို့ကား ဥပါဒ် ဋ္ဌီဘင် သင့်သလို (အစုံလိုက်) ရကြ၏။

**အားလုံးပင်တူကြ** - ဥပ္ပါဒ၊ နိရောဓ၊ ဥပ္ပါဒနိရောဓ ၃-ဝါရလုံးရှိ အတီတပုဂ္ဂလောကာသ ရိုးရိုးကား အားလုံးပင်တူကြသည်။ စာသင်သားတို့ ယောင်ချာချာဖြစ်တတ်သည်။ သတိပြုပါ။

http://www.dhammadownload.com



## ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ ဝါရတွဲနည်း

ပွန်တီ ပုဂ္ဂလဝါရအတွက် ပစ္စုပ္ပန်ဇယားဖြင့် ဆိုရမည်ကို ပြပြီးဖြစ်၏။ ယခု ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ အတွက် အတိတ်ပုဂ္ဂလောသဝါရ ဇယားဖြင့် ဝိဘင်းထုတ်အရကောက်ရမည်။ (ဤသို့နေရာတိုင်း မှတ်ပါ)

ဇယားကြည့်ထားပါ။ ပ၊ ဒု၊ တ၊ စ စျာန်များ၌ (ဉ+ဘ) ခွဲထားသည် ပစ္စုပ္ပန်ဘက်ကဆိုင်ရာ ဥပပဇ္ဇန္တ (ဉ) သာရမည်။ အတိတ်ဘက်က ရရိုးရစဉ်ဆိုင်ရာ(ဉ+ဘ)အတွဲလိုက်ရမည်။ သန္ဓိဋ္ဌာန်အရကို ရှာ၍ ကိုင်ထားပြီး သံသယလိုက်၍ ရှာပြီးထုတ်ကောက်ပါ။

အနုလုံက မဟောခဲ့သောတရားများ နိက် ၂-ဖက်ရဖြစ်မည်။ အဿာသ ကင်း မကင်းကိုလည်းပစ္စုပ္ပန် **ဇယားအာရုံပြုပါ။** ပစ္စုပ္ပန်ရ-မရတရားများ အတိတ်ပုဂ္ဂလောကာသ ဇယားထဲသွင်းကြည့်ခြင်းပင် **ဖြစ်**သည်။

လုံ-အနု၊ **(ကာယ+ဝစီအတွက်)** (ဇယားကြည့်ထား) သန္ဓိဋ္ဌာန်ကာယဖြစ်ဆဲ၌ ပ၊ဒု၊တ စျာန်သုံး **ခု၏** (ဉ) နှင့်ကာမ(ဉ) ပေါင်းဥပပဇ္ဇန္တ (၄)ခုရသည် (ကိုင်ထား) ဝစီဖြစ်ဖူးလော-ဟု သံသယလိုက်သော် **ပ**စျာန်(ဉ) နှင့်ကာမ(ဉ) သာလိုက်နိုင်၍ ကျန် ဒု၊တ ဥပပဇ္ဇန္တ(ဉ) နှစ်ခုကား တစ်ဖက်ရဖြစ်သည်ကို "ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ" ဟု တစ်ဖက်ရထုတ်၍ ပစျာန်(ဉ) နှင့် ကာမ(ဉ)ကို "ပဌမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ" ဟု ဝိဘင်း ၂-ဖက်ရထုတ်ကောက်ပါ။

အနုလုံ ပဋိလောမ သန္ဓိဋ္ဌာန် ဝစီဖြစ်ဖူး၌ နဂိုရနေကျ (ဇယားပြထားသည့်အတိုင်း) ပစျာန် (ဉ+ဘ)၊ ကာမ (ဉ+ဘ) နှင့် ဘုမ္မောကာသဘက်က ရူ အရူ (သုဒ္ဓါဝါသ တတိယပိုင်း) ရသည်။ ကာယဖြစ်ဆဲလော-ဟု သံသယလိုက်သော် ပ-စျာန်၊ကာမတို့၏ စဝန္တ(ဘင်)၊ ထို ပ-စျာန်၊ကာမတို့၏ အ-ပကင်းသော ဉပါဒ်များနှင့် ရူပ အရူပ တို့ သံသယကာယ မရသည့်အတွက် 'ပဌမဇ္ဈာနာနံ သမာပန္နာနံ, ကာမဝစရာနံ အပ-သာနံ ဘင်္ဂက္ခဏေ, တေသံယေဝ ဝိနာ အ-ပ-ဿ-သေဟိ စိတ္တာဿ ဥပ္ပါဒက္ခဏေ, ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ' ဟုထုတ်ပါ။

နောင် ပစ္စုပ္ပန္နာနာဂတပုဂ္ဂလောကာသ ကာယ+ဝစီ အနုလုံ၌လည်း ယခုဝိဘင်း အတိုင်း(လုံး၀)တူသည်။ (ကျန်နေရာတို့၌ လက်ာ ၈-နံပါတ်ကို သတိပြုပါ၊ ပဋိလောမချင်း တူကြသည်ဟုလို)

**သတိ**ပြု။ ကာယ-ကား အဿာသ ကင်းသည်ကို မရ၊ ကျန် ဝစီ စိတ္တတို့ကား ဆိုင်ရာ အဿာသ ကင်း မကင်း ၂-မျိုးလုံးရသည်။

### ကာယ ဝစီ နိက် ၂-ဖက်ရ အတွက်

အနုလုံဟောပြီး ကျန်တရားများမှာ နိက် ၂-ဖက်ရဖြစ်သည်။ ကျန်တရားများကား စျာနောကာသမှ ဒု,တ စျာန်တို့၏ (ဘင်) နှင့် ထို ဒု,တ-စျာန်တို့၏ အ၊ပ၊ ကင်း ဥပ္ပါဒ်၊ စတုတ္ထစျာန်၊ သုဒ္ဓါဝါသ ပ၊ ဒု အပိုင်း၊ အသညသတ်တို့ကို-"ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ, အဿာသပဿာသာနံ ဘင်္ဂက္ခဏေ, တေသံယေဝ ဝိနာ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ, စတုတ္ထဇ္ဈာနံ သမာပန္နာနံ, သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံတတ္ထ" ဟုထုတ်ပါ။

ဤမျှကြံဆတတ်လျှင် ကျန် မူ မူလီတို့ကို နည်းတူကြံဆ၍ ထုတ်ကောက်ပါ၊ လွယ်ပါပြီ။

* နိရောဓဝါရ အတွက် ဉပါဒ်ကိုဘင်ပြောင်း၊ ဘင်ကို ဉပါဒ်ပြောင်းပါ။
* ဥပ္ပါဒနိရောဓဝါရ အတွက် ဥပ္ပါဒဝါရ အတိုင်းပင်ဟူ၍ နေရာတိုင်းမှတ်ပါ။

http://www.dhammadownload.com



## ဥပ္ပါဒ အနာဂတာ ပုဂ္ဂလ

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| ပုဂ္ဂိုလ် - ဝိဘင်း | ကာယ ဝစီ စိတ္တ | ဝစီ စိတ္တ | |
| ကာမာဝစရပစ္ဆိမဘဝိက ပုဂ္ဂိုလ်။<br>**ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။** | ပဋိ --မဂ် ဖ ဖ ဘင်<br>ပဋိမှစ၍ အဆုံးစွန် အ၊ပ၊ကွသော၃၃စိတ်၏(အနန္တရ)တိုင်အောင် ကာမာဝစရပစ္ဆိမ ဘဝိကပုဂ္ဂိုလ်၊ | (ဘင်၊ ၃၃ စိတ်) ဘင် ဇ ဇ ဇ ဇ ဇ ရုံ ရုံဘ<br>၃၂ ၃၁ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန်သော အ-ပ-ကွဖြစ်သော (၃၃)စိတ်မှသည် ပစ္ဆိမ-၏အနန္တရဖြစ်သော ဒု-ရုံ၊ မရဏာ ပဉ္စမဇ၊ဘဝင်တိုင်အောင်(ဈာန်မဝင်စား) ကာ. ရ. ဖ၊ | ပစ္ဆိမ-၁ |
| ကာမသုဂတိ ၇ဘုံမှ ရူ အရူသို့ဖြစ်၍ ပရိ-နိ-အံ့၊ ကာမပုဂ္ဂိုလ်။<br>**ယေစ ရူ၊အရူ၊ဥပပဇ္ဇိတွာ ပရိ-ဿန္တိ တေသံ စဝန္တာနံ တေသံ၊** | *→ ပဋိဘဘ ၁၅၊ န ဒမ<br>ဇ ဇ ဇ ဇ ဇ<br>ပဋိမှစ၍အဆုံးစွန်သော အ. ပ. ကွသောစိတ်၏ (အနန္တရ)တိုင်အောင် ကာမာဝစရပုဂ္ဂိုလ်၊ | (ဘင် ၃၃ စိတ်) . . . ဇ ဇ ဇ ဇ ဇ - စုတိ<br>အဆုံး အ၊ပ၊ ကွ၊ သော စိတ်မှသည် စုတိတိုင်အောင် (ဈာန်မဝင်စားသော) ကာ. စ. ပု၊ ရူ အရူ ဘုံချင်း ပရိ-ပြုသော (*) ည, အကနိမှတစ်ပါး ရူ အရူ ပုဂ္ဂိုလ်၊ | |
| ကာမဘုံ၌နောင်ဖြစ်ပြန်-အံ့ ကာမပုဂ္ဂိုလ်၊ | *→ ပဋိ . . . စုတိ ←<br>သုဒ္ဓါမှတပါး ရူ-အရူပု | (ဤအလယ် 'စုတိ' နှစ်ခုသည် ⟶↑ ဘဝမဆုံးသေးသူများဖြစ်သည်) | |
| ပ ဈာန် ဝိပါက်၊ ဒုဈာန်ဝိပါက်-သော သဝိသစာပရိနိ-အံ့ - ပဋိ ---<br>[ရူ, အရူ ပစ္ဆိမဘဝိက၊ (အရဟတ္တဖလဋ္ဌာန်) ပုဂ္ဂိုလ်] | | | ပစ္ဆိမ-၂ |
| **ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ၊** (ပစ္ဆိမ ၂-၃) အပေါင်းဝိဘင်း။<br>တ ဈာန်ဝိ၊စ၊ မဈာန်ဝိ၊ အရူ-ဝိ ၄ ဟု-သော အဝိ အစာ (အံ့)၊ပဋိ-ဘ-န-ဒ-မ-ဇဇဇဇ | | **(စိတ္တသာ)**<br>ဇ ဘ | စုတိ-၃ |
| **ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။** | | | |

ဘဝမဆုံးသေးသောသူဖြစ်အံ့၊ ပဋိမှ စုတိ တိုင်အောင်၊ ကာ ရူ အရူပုဂ္ဂိုလ် (ဝစီမူ၌ဆို) (*→ - မြား ခရေပွင့်ပြ ဝီထိ)

(*)ဤအမှတ်ပြနေရာ နိရောဓ ဝါရ၌ထည့်ရန် "သူဖြစ်အံ့ ပဋိ-မှ စုတိတိုင်အောင်"ဟုဆိုရန်။(ဥပ္ပါဒ၌ကျန်ခဲ့ဟုထင်)

တေတ္တိံသမ စိတ်ကိုသာ မှတ်၍ဆိုရသည်မှာ - စိတ္တဇရုပ်တို့သည် (မူလဋီကာအလိုအားဖြင့်) စုတိစိတ်မှ ပြန်ရေသော် ဒွတ္တိံသမစိတ်မှစ၍ မဖြစ်နိုင်သောကြောင့် တေတ္တိံ သမစိတ်ကိုသာ မှတ်၍ဆိုရပါသည်။

**မှတ်ချက်**။ ကာယဝစီ ပဋိလောမတစ်ဖက်ရှု၍ ၃ နံပါတ်ကောက်ရာတွင် ၎င်း ၃-၌ ၄-ကွက်ရှိရာ ဒုတိယအကွက်ကို နောက်ဆုံးမှကောက်ပါ။ အောက်ဆုံး ၂-ကွက် ရူပ,အရူပပေါင်းကောက်ထားသည်။ ပြီးမှ ၃-ရှိ ဒုတိယအကွက်ကို ကောက်ပါ။ **ဇယားတိုင်း၌ အရကောက်နှင့် တိုက်ဆိုင်၍ကြည့်ပြီးမှ ဇယားကိုသာ မှတ်သားပါ**။

## ဝိဘင်းနှင့် အရကောက်သဘော

ဇယား ၁-နံပါတ်တွင် ပုဂ္ဂိုလ်နှင့်ဝိဘင်းကား ကာယမူ+ဝစီ, စိတ္တတို့မူလီ ဖြစ်လတ္တံ့ရသော ဇယား ၃-နံပါတ် တစ်ဖက်ရ ဝိဘင်းများကို ပြထားသည်။ ပုဂ္ဂိုလ်အနေနှင့် တစ်ဖက်ရ, နှစ်ဖက်ရ နှစ်ခုလုံး ဆက်စပ်ပြီးကောက်ရမည်။

http://www.dhammadownload.com



အနုလုံ ၂-ဖက်ရကို 'ဣတရေသံ တေသံ' ဟုအမြဲထုတ်ပါ။
ကာယမူ-ဝစီ,စိတ္တမူလီတို့၌ ဇယား၂-နံပါတ်ကို ၂-ဖက်ရ ကောက်၍၊ ဝစီမူ၌ကား ဇယား ၂-၃ ကိုပေါင်းကောက်ရမည်။ ဝိဘင်းသာတူသည် အရကောက်မတူသည်ကိုသတိပြုပါ။
ဇယား ၄-နံပါတ်သည် ဖြစ်လတ္တံ့မရ၍ နိက်၂-ဖက်ရဖြစ်မည်။ ၎င်း ၄-နံပါတ်၌ ပစ္ဆိမဘဝိက ၃-မျိုးရှိသည်ကို သတိပြုပါ။ ပစ္ဆိမဘဝိက ဝီထိ ၃-မျိုးတို့တွင် - (ခြံ၍ကောက်ပါက)

၁။ **ကာမာဝစရဝီထိ အရ** - မဟာဝိပါက် ဉာဏ် ၄-ပါး၊
၂။ **သဝိတက္ကသဝိစာရဝီထိ အရ** - ပ-ဈာန်ဝိပါက်, ဒု-ဈာန်ဝိပါက် ၂-ပါး၊
၃။ **အဝိတက္ကအဝိစာရဝီထိ အရ** - အဝိ-အစာစိတ် ၇-ပါးရ၏။

**ထိုပစ္ဆိမဘဝိက ၃-မျိုးဟူသည်** ---

၁။ ကာမာဝစရ ပစ္ဆိမဘဝိက။ (ဥပ္ပါဒက္ခဏ - ဘင်္ဂက္ခဏ၂-မျိုး)
၂။ သဝိတက္က သဝိစာရပစ္ဆိမဘဝိက။ ( ။ ။ )
၃။ အဝိတက္က အဝိစာရပစ္ဆိမဘဝိက ( ။ ။ )

ဤသုံးမျိုးကို ဥပ္ပါဒက္ခဏ, ဘင်္ဂက္ခဏ ၂-ခုစီခွဲပြန်လျှင် ပစ္ဆိမဘဝိက ၆-မျိုးပြား၏။ ဤသို့၂-မျိုးစီခွဲခြင်းသည် နိရောဓအနာဂတနှင့်ဆိုင်ရာ ဝါရတွဲများ၌ အသုံးကျမည်ဖြစ်သည်။ ပစ္ဆိမဘဝိက ၁-နှင့်၂-ပေါင်းလျှင် (၂) အတိုင်း 'သဝိ+သစာ ပစ္ဆိမဘဝိက' ဟုပင်ဆိုပါ။

၎င်းဇယား ၄-နံပါတ်၌အောက်ဆုံး တတိယ (အဝိတက္ကအဝိစာရပစ္ဆိမဘဝိက)ကို 'စုတိ'ဟုရေးထားသော်လည်း 'ပစ္ဆိမဘဝိက'ပင်ဖြစ်သည်။ အရကောက်ရာ၌ လွယ်ကူစေရန် 'စုတိ'ဟု ရေးထားသည်။ ထိုစုတိသည် ၄-**မျိုးရှိသည်**။ ထို ၄-မျိုးတို့တွင် ဇယားအောက်ဆုံးရှိ 'အဝိတက္ကအဝိစာရဝီထိ' ၌ - -
၁။ ဇောနောင်စုတိ၊ ၂။ ဇောဘဝင်နောင်စုတိ၊ ဤ ၂ မျိုးကိုအသုံးပြုမည်။
ဆိုရိုးပြုသော်-- 'ဇောနောင်စုတိဖြစ်အံ့- ပဌမဇော၏ခဏတ္တယသမင်္ဂီ၊
ဘဝင်နောင်စုတိဖြစ်အံ့- ပဌမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီ-ဟုဆိုအပ်သော **ရူ, အရူ** အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏' ဟု ဆိုရိုးပြုမည်၊ **သတိပြုပါ**။
**ဇယား ၃-နံ**ပါတ် အောက်ဆုံးအဝိတက္ကအဝိစာရဝီထိ၌ ပဌမဇောနှင့် ဘဝင်တို့သည် **စိတ္တသာ** ဖြစ်လတ္တံ့ **ရသည်**။

## ဥပ္ပါဒ အနာဂတ ပုဂ္ဂလ အနက်ထုးများ

ယဿစိတ္တဿ၊ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန်သော အဿာသပဿာသနှင့် (တကွဖြစ်သော) အကြင်တေတ္တိံသမစိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ ကာမာဝစရာနံ၊ ကာမာဝစရပုဂ္ဂိုလ်တို့အား။ ပစ္ဆိမစိတ္တံ၊ ပစ္ဆိမ စိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားငင်း။

ရူပါဝစရေ၊ ရူပါဝစရဘုံ၌၎င်း။ အရူပါဝစရေ၊ အရူပါဝစရဘုံ၌၎င်း။ ပစ္ဆိမဘဝိကာနံ၊ ပစ္ဆိမဘဝိက ဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ် တို့အား၎င်း။

ယေစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း။ ရူပါဝစရံ-ရူပါဝစရဘဝေ၊ ရူပါဝစရဘုံ၌၎င်း။ အရူပါဝစရံ-အရူပါ ဝစရဘဝေ၊ အရူ-၌၎င်း။ ဥပပဇ္ဇိတွာ၊ ဖြစ်ကုန်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့ အား၎င်း။ စဝန္တာနံ၊ စုတေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား၎င်း။

**မှတ်ချက်**။နိရောဓဝါရဖြစ်ပါမူ လက်သည်းကွင်းပြ စကားရပ်ကို (အ. သ. ပ. နှင့်တကွချုပ်သော) ဟုဝါရလိုက်၍ အရကောက်မှီလျက် ပြင်၍အနက်ပေးပါ။ ကျန်နေရာများ၌လည်း အရကောက်ကို ရှုမျှော်၍ အနက်ပေးပါလေ။

http://www.dhammadownload.com



နိရောဓ, ဥပ္ပါဒနိရောဓဝါရ အနာဂတ ပုဂ္ဂလ, ပုဂ္ဂလောများလည်း ဆက်လက်၍ ကြံဆ၍ ရနိုင်လောက်ပြီ။

**အတူဝိဘင်းများ။** ၁၊ အနာဂတ ရိုးရိုး ကာယ ဝစီ နိုက် ၂-ဖက်ရ။ ၂၊ပစ္စုပ္ပန္နာနာဂတပုဂ္ဂလ-နိုက် ၂-ဖက်ရ။ ယခု တီနာပုဂ္ဂလ အနုလောမ ၁-ဖက်ရတို့ ဝိဘင်းတူ, အရကောက်တူကြသည်။

နိရောဓ-ရှိ ထို ၃-ဝါရနှင့် ဥပ္ပါဒနိရောဓ-ရှိ တီနာပုဂ္ဂလ နု ၁-ဖက်ရတို့ ဝိဘင်းတူ, အရကောက်တူကြသည်။

## ဥပ္ပါဒ ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလ

ဤဝါရတွဲအတွက် "အနာဂတ ပုဂ္ဂလ" ဇယားကိုကြည့်၍ကြံဆရမည်။ အနာဂတဇယား၌ ပစ္စုပ္ပန်ဘက်ကဘယ်အထိရသည် မရသည်ကို သိလျှင်ဆိုလိုရပါပြီ။ ပစ္စုပ္ပန်ဘက်က ဆိုင်ရာ (ဥပါဒ်) သာရသည်ကို သတိပြုပါ။ (အနာဂတ ဇယားဖြင့်သာဆိုပါ၊ ကိစ္စအားလုံးပြီးပါမည်)

<u>ကာယ-ဝစီ</u> လုံ-အနု ၌ ကာယဖြစ်ဆဲ သန္ဓိဠာန်အရကား ဇယား ၃-အစ တေတ္တိံသမစိတ်(ဘွင်) ဥပါဒ်အထိ (ဥပါဒ်များသာ)ရ၏။ သံသယဝစီဖြစ်လတ္တံ့ကား ဇယား ၃-အကုန်ရ၍ သံသယအရ ကျယ်သောကြောင့် 'အာမန္တာ' ဟု ဝိဘင်းထုတ်ပါ။

**လုံ-ပဋိ** တစ်ဖက်ရ လက်ာ ၈-ညွှန်ကြားချက်အတိုင်း ပွန်တီပုဂ္ဂလ ပဋိလောမ တစ်ဖက်ရနှင့် ဝိဘင်းချင်း အတူကို <u>**"အနာဂတ်ဖြစ်လတ္တံ့ အတွင်းမှ 'ဥ-ဘင်' ခွဲ၍ကောက်ပါ"**</u> ဤသို့ ပုံသေမှတ်ပါ။

လုံ ၂-ဖက်ရ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ" ဟု ပစ္စုပ္ပန်ဘက်ကို (ယခုလို နေရာတိုင်း) ဦးစားပေးထုတ်၍ ပစ္စုပ္ပန်ဇယား ကာယဖြစ်ဆဲရသော ၁-၄-၇ ကိုပင် ကောက်ပါ။

**နိုက် ၂-ဖက်ရ** ပစ္ဆိမစိတ် ၃-မျိုးလုံးနှင့် ပဌမဇောနှင့်ဘဝင်တို့ကို "ပစ္ဆိမ စိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ"ဟု ဝိဘင်းထုတ်ပါ။ (အနာဂတ ရိုးရိုး ကာယ-ဝစီ နိုက် ၂-ဖက်ရနှင့်ဝိဘင်းတူ အရကောက်တူပြီ)

<u>**ကာယ-စိတ္တ**</u> ၌လည်း ကာယဝစီနည်းတူ အနုလုံဝိဘင်းထုတ်၍၊ အရကောက်ရာ၌ပိုင်းခြားပုံ "ပဋိမှပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်" စသည်ကောက်။နိုက်၂-ဖက်ရ"ပစ္ဆိမစိတ္တသမင်္ဂီနံ"ဟုအနာဂတ ရိုးရိုးအတိုင်းထုတ်ကောက်ပါ။

<u>**ဝစီ-စိတ္တ**</u> ၌ ဝစီဖြစ်ဆဲကား ဇယား ၄-ရှိ ပစ္ဆိမစိတ် ပ၊ ဒု ၂-ခု၏ဥပါဒ်အထိ (ဥပါဒ်)များနှင့် (ဇယား ၃-အောက်ဆုံး) ပဌမဇော၏ဥပါဒ်ရ၏။ (ပွန်ဖြစ်၍ ဘင်များမရ) သံသယစိတ္တဖြစ်လတ္တံ့လော၌ ဇယား ၃-အထိသာလိုက်နိုင်၍ ဇယား ၄-ရှိ ပ၊ ဒု ပစ္ဆိမစိတ် ၂-ခုတို့၏ (ဥပါဒ် ၂-ခုကို) "သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ" ဟု တစ်ဖက်ရထုတ်၍ - -

"မဟာဝိ ဉာသံ ၄၊ ပဈာန်ဝိ၊ ဒုဈာန်ဝိ-ဟု ဆို-သော သဝိ-သစာပစ္ဆိမစိတ် ၆-ခုတို့၏ ဥပ္ပါ-သော ကာမာဝစရ, ရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏" ဟု ကောက်ပါ။

လုံ ၂ ဖက်ရကို "ဣတရေသံ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ" ဟု ထုတ်ကောက်ပါ။

လုံ ပဋိလော တစ်ဖက်ရ လက်ာ (၈) အတိုင်းပင်။<u>**"အနာဂတ်ဖြစ်လတ္တံ့ အတွင်းမှ 'ဥ-ဘင်' ခွဲ၍ကောက်"**</u>။

နိုက် ၂-ဖက်ရ ပစ္ဆိမစိတ် ပ၊ ဒုနှစ်ခု၏ ဘင်နှင့် တ-ပစ္ဆိမစိတ်၏ (ဥ ဘင်) တို့ကို

"သဝိတက္ကသဝိစာရ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ, အဝိတက္ကအဝိစာရ ပစ္ဆိမစိတ္တသမင်္ဂီနံ" ဟုထုတ်ပါ။ (နိရောဓ အနာဂတ ရိုးရိုး ကာယ ဝစီ နိုက် ၂-ဖက်ရနှင့် ဝိဘင်းတူ, အကောက်တူ) နိုက် ၂-ဖက်ရတူသည်။

**အကျဉ်းချုပ်။** ယခု ပွန်-နာ ပုဂ္ဂလအတွက် ၁။ အနာဂတ ဇယား၌ ပစ္စုပ္ပန်သွင်း၍ ရ-မရသိရမည်။ ၂။ ပစ္ဆိမဘဝိက ၃-မျိုးကို ဥ-ဘင်ခွဲ၍ မည်မျှအထိရသည်ကို သတိပြုမိလျှင် မခက်တော့ပြီ။

**မှတ်ချက်။** ။ဤမျှလောက်ကြံဆတတ်လျှင် ယမိုက်အားလုံးပင် သဘောပေါက်ပြီဖြစ်သည်။

F.4.A

http://www.dhammadownload.com



## အတီတာနာဂတာ ပုဂ္ဂလ

ဤဝါရအတွက်၊ ဝါရတွဲလက်ာ (၇)ဖြင့် ရှင်းခဲ့ပြီ။ အနာဂတပုဂ္ဂလဇယားဖြင့် ကြည့်ရမည်။ ဤဇယား၌ အတိတ်ဘက်က အကုန်ဖြစ်ဖူးရ၏။ အနာဂတ်ဖြစ်ဖူးရလျှင် ၂ ဘက်ရ မရလျှင်တစ်ဖက်ရ နိက်-မှာ အတိတ်က ရှေ့သန္နိဋ္ဌာန်ဖြစ်လျှင် (တရားမရှိတော့၍) 'နတ္ထိ'၊ နောက်သံသယနေလျှင် 'ဥပ္ပဇ္ဇိတ္ထ' စသည်ထုတ်ပါ။ နိရောဓ, ဥပ္ပါဒနိရောဓဝါရ အနာဂတပုဂ္ဂလ, ပုဂ္ဂလောများလည်း ဆက်လက် ကြံဆ၍ ရနိုင်လောက်ပြီ။

**ကာယ-ဝစီ** ၌ ကာယဖြစ်ဖူးအရ- အနာဂတ်ဇယားရှိ တရားအားလုံးရ၍ ဝစီဖြစ်လတ္တံ့လော-ဟု သံသယလိုက်သော် ဇယား ၄-နှင့် စိတ္တသာ-ဟူ သော အဝိတက္ကအဝိစာရဝီထိ ပဌမဈာ ဘင်တို့ မရ၍ "ပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ" ဟု ဝိဘင်းထုတ်ကောက်ပါ။ (အနာဂတ ရိုးရိုး ကာယ ဝစီ နိက် ၂-ဖက်ရနှင့်တူ၍ အတူများပြခဲ့ပြီ)၊ ဤဝါရမျိုး အနုလုံ ၂-ဖက်ရကို "ဣတရေသံ တေသံ" ဟု အမြဲထုတ်ပါ။

## နိရောဓ အနာဂတ ပုဂ္ဂလ

ဤဝါရအတွက် ကာယ၊ ဝစီ၊ စိတ္တ ၃ ပါးလုံး လက်ရှိရထားသည်ထက် ရှေ့စိတ်၏ဥပါဒ် တိုင်အောင် တိုး၍ယူလိုက်ပါ။ ထိုတိုး၍ယူထားသောဥပါဒ်သည် ရှေ့ဘင်ကိုမျှော်၍ချုပ်လတ္တံ့ရသည်။(အနာဂတဇယားကြည့် ထားပါ)

၁။ **ကာယသည်** ဖြစ်လတ္တံ့ရစဉ်က ဇယား ၂-အကွက်သာရ၏။ ယခုချုပ်လတ္တံ့၌ကား ဇယား ၃-အစ တေတ္တိံသမ စိတ်ဘင်၏ ဥပါဒ်အထိ ဥပါဒ်တစ်ခုတိုး၍ ရသည်။ **(ဖြစ်လတ္တံ့ထက် ချုပ်လတ္တံ့က ဥပါဒ် တစ်ခုပိုရသည်ဟူလို)**

၂။ **ဝစီသည်** ဖြစ်လတ္တံ့ရစဉ်က ၂-၃ သာရ၏။ ယခုချုပ်လတ္တံ့၌ကား ဇယား ၄ ရှိ(ပ-ဒု) ပစ္ဆိမဘဝိက စိတ်တို့၏ ဥပါဒ်နှင့် (ဇယား ၃ အောက်ဆုံး) အဝိတက္က အဝိစာရဝီထိ ပဌမဈာန်၏ ဥပါဒ်တိုင်အောင်ရရှိသည်။

၃။ **စိတ္တသင်္ခါရသည်** ဇယား ၄-မှတစ်ပါးအားလုံးဖြစ်လတ္တံ့ရခဲ့၏။ ယခုချုပ်လတ္တံ့၌ကား ဇယား ၄-ရှိ ပစ္ဆိမစိတ် ၃-မျိုးလုံး၏ဥပါဒ်အထိ ချုပ်လတ္တံ့ရသည်။ ဤသည်တို့ကား နိရောဓအနာဂတအတွက် ရှေ့စိတ်၏ ဥပါဒ်တိုင် အောင်တိုး၍ ယူပုံဖြစ်သည်။

**မှတ်သားရန်**။ ။ နိရောဓ အနာဂတတိုင်း ဤသို့ချည်းမှတ်ထားပါ။

**(ယမိုက်ဆိုသည်မှာ** - သန္နိဋ္ဌာန်အရကိုရှာ၍ သံသယအရလိုက်ကြည့်ခြင်းပင်ဖြစ်သည်။)

ပစ္ဆိမဘဝိက ၃-မျိုးကို ဥပါဒ် ဘင်ခွဲ၍ ဝိဘင်းထုတ်တတ်လောက်ပါပြီ။ (ဇယားကို **ထောက်၍ ထုတ်ကောက်ပါ)**

**ကာယမူ-ဝစီမူလီ** လုံ-အနု "အာမန္တာ"။ ပဋိ ၌ "ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ, ယဿစိတ္တဿအနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ, ရူ-ရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ, ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ"- ဟုတစ်ဖက်ရထုတ်။ ၂-ဖက်ရကို 'ဣတရေသံ တေသံ' ဟုအမြဲထုတ်ပါ။

နိက်၂-ဖက်ရ ပစ္ဆိမစိတ် ၁-၂ ဘင်ပေါင်း၍ **"သဝိတက္ကသဝိစာရပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ,** (ပစ္ဆိမ-၃) (ဉ+ဘင်) အပေါင်းကို**"အဝိတက္ကအဝိစာရပစ္ဆိမစိတ္တသမင်္ဂီနံ, ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ"** ဟု ထုတ်ကောက်ပါ။

ဤနိက်၂-ဖက်ရ ဝိဘင်းသည် ကာယမူ ဝစီမူလီဖြစ်သော နိရောဓဝါရ ၌ ပွန်-နာ ပုဂ္ဂလ နိက်၂-ဖက်ရ၊ တီ-နာပုဂ္ဂလ လုံ-အနု ၁-ဖက်ရ၊ ဥပ္ပါနိရောဓ ၌ အနာဂတ ပုဂ္ဂလ, ပန်-နာ ပုဂ္ဂလနိက်၂-ဖက်ရနှင့် တီ-နာ ပုဂ္ဂလ လုံ-အနု ၁-ဖက်ရ **'အားလုံး၊ (၆)နေရာ ဝိဘင်းတူ, အကောက်တူ'** ကြသည်။

http://www.dhammadownload.com



နောက်တစ်မျိုး **တူသောဝါရများ** မှတ်သားရန် --

ဥပ္ပါဒ ပစ္စုပ္ပန္နာတီတ ပုဂ္ဂလနှင့် ဥပ္ပါဒနိရောဓ ပစ္စုပ္ပန္နာတီတ ပုဂ္ဂလ တူကြသည်။ (နေရာတိုင်း)
ဤဝါရတွဲအတွက် အတီတပုဂ္ဂလောကာသဇယားကို ကြည့်ရမည်။ ၎င်းဇယား၏အောက်၌ အမှာစာ များရေးခဲ့ပြီ၊ သုဒ္ဓါဝါသ ဥပပဇ္ဇန္တသည် ဖြစ်ဖူးမရသော်လည်း ရူပဖြစ်ဆဲရလျှင်ရ၏။ ပစ္စုပ္ပန်ဘက်ကဆိုင်ရာ ဥပပဇ္ဇန္တ (ဥ)သာရမည်။ ဖြစ်ဖူးဘက်က လက်ရှိရနေကြ(ဥ-စ) အစုံလိုက်ရမည်။ အနုလုံ ပဋိလောမ၌ ပွန်က သံသယဘက်ကနေသောကြောင့် ဆိုင်ရာဝိကလများအားလုံးချို့မည်။ (ဝါ) တစ်ဖက်ရတွင်ပါမည်။

**စက္ခုမူ–သောတမူလိ ရှင်းပြချက်**

စက္ခုဖြစ်ဆဲ၌ ကာမ(ဥ) ရူပ (ဥ) သုဒ္ဓါ (ဥ) ရသည်၊ သောတ် ဖြစ်ဖူးလော?ဟုသံသယလိုက်သော် သုဒ္ဓါဝါသ (ဥ)ကားဖြစ်ဖူးလုံးဝမရ၍ လုံ နုတစ်ဖက်ရ “**သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ**” ဟုထုတ်၍ ကျန်(ဥ) နှစ်လုံးကို “**သစက္ခုကာနံ ဥပပဇ္ဇန္တာနံ**” ဟု မူ၏အမည်နှင့်ထုတ်ပါ။ (ပဋ္ဌဝေါကာရံ ဥပပဇ္ဇန္တာနံ) မထုတ်ရ။ (**ထုတ်ခဲ့လျှင် ပဋ္ဌဝေါကာရရှိ အစက္ခုက ကာမာဝစရဥပပဇ္ဇန္တပါဝင်သွားမည်**)

**သတိပြု**။ ရူပဖြစ်ဆဲရလျှင် သုဒ္ဓါ (ဥ)လည်း ဖြစ်ဆဲရသည်ကို သတိပြုပါ။
**ပဋိလောမပြန်ရာ၌** သန္နိဋ္ဌာန်သောတသည် ကာမ (ဥ-စ) ရူပ(ဥ-စ)တို့ လက်ရှိရစဉ်အတိုင်းဖြစ်ဖူးရ၍စက္ခု ဖြစ်ဆဲလော? ဟု သံသယလိုက်သော် စဝန္တ ၂-လုံးဖြစ်ဆဲမရ။ ထို့ပြင်စက္ခုသည် ပွန်ဘက်က သံသယ ဖြစ်နေခြင်း, သောတသည် အတိတ်ဘက်ကဖြစ်နေခြင်းတို့ကြောင့်“**ပဋ္ဌဝေါကာရာ စဝန္တာနံ, အစက္ခုကာနံ ကာမာဝစရာနံ ဥပပဇ္ဇန္တာနံ**” ဟု ထုတ်ပါ။ အစက္ခုက ကောက်ရာ၌ ပွန်ဇယား ၁,၂, ၃ တို့ကို ကောက်ပါ။ သောတသည် အတိတ်ဘက်က နေ၍ ပစ္စုပ္ပန်ဇယား ၃-ကို ထည့်ကောက်သည်။

နိက်၂-ဘက်ရ “**သုဒ္ဓါဝါသေ ပရိနိဗ္ဗန္တာနံ, အသညသတ္တာနံ, အရူပါနံ**” ဟု ကျန်တရားများကိုထုတ်ပါ။

**မှတ်ချက်**။ ။ဖြစ်ဆဲဘက်က ဆိုင်ရာ (ဥ)သာရမည်။ ဖြစ်ဖူးဘက်ကဆိုင်ရာ (ဥ-စ)အစုံလိုက်ရမည်။ ဤအချက်များကို သတိပြုလျှင် ဤဝါရတွဲများအတွက် ဝိဘင်းထုတ်အရကောက်လွယ်ပါပြီ။

http://www.dhammadownload.com



၁ ၂ သောမနဿသဟဂုတ်-- ဇော ၃

| | | |
|---|---|---|
| (သုဒ္ဓါဝါသဝီထိ ပဋိ | ဘ - ဘ ၁၅ မ ဇ | ဇ ဇ ဇ ဇ ------------ စုတိ။ |
| (သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ) | အသညဥ-စ (ဇိဝိတသာ) | ကြွင်းသော စတု-ပဉ္စဝေါ--အံ့ ပဋိ-မှစ၍စုတိတိုင် |
| သုဒ္ဓါဝါသာနံဥပပတ္တိ စိတ္တဿဥပ္ပါဒက္ခဏေ | သုဒ္ဓါဝါသာနံ ဒု-ယေစိတ္တေ ဝတ္တမာနေ အသညသတ္တာနံ | ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ |
| ဖြစ်ဖူးမရ | သောမနဿကြဉ် ကျန် ၈-ပါး၊ | ← ဇိဝိတ-သော-ဥ သဒ္ဓိ ပညိ -မနိ ၉-ပါး |

**မှတ်ချက်**။ ဝိဘင်းများ, အရကောက်များ ဓမ္မယမိုက်ဖြင့်မထူးပြီ။ (၁+၂=၂ အတိုင်းထုတ် )

## ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ – ဇိဝိတမူမှ စ၍

ဤမူ မူလီတို့ကို သုဒ္ဓါဝါသ အတိတ်ပုဂ္ဂလောကာသဝီထိဇယားဖြင့် ဆိုရမည်။ ဇယားဝီထိကြည့်ပါ။ ဇိဝိတဖြစ်ဆဲကား ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် အသညသတ် ဥပပဇ္ဇန္တ အပါဝင် (ဥပပဇ္ဇန္တ)အားလုံး ဖြစ်ဆဲရသည်။ သောမနဿဖြစ်ဖူးလော?ဟု သံသယလိုက်သော် ဝီထိအပိုင်း ၁,၂ နှင့် အသညသတ် (ဥ)တို့ မလိုက်နိုင်၍ တစ်ဖက်ရ "သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဥပ္ပါဒက္ခဏေ, အသညသတ္တံ ဥပပဇ္ဇန္တာနံ" ဟု ထုတ်၍ နှစ်ဖက်ရကို ဝီထိအပိုင်း(၃)ရှိ ဥပပဇ္ဇန္တများကိုသာ "ဣတရေသံ စတုဝေါကာရံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ" ဟု ထုတ်ပါ။

ပဋိလောမ ၁-ဖက်ရကို ဝီထိအပိုင်း ၃-ရှိ စဝန္တများကို --

**"စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ"** ဟု ထုတ်ပါ။

နိုက် ၂-ဖက်ရအတွက် (ဝီထိ ၁-၂ ၏ ဘင်များနှင့် အသည - စ) ကို --

**"သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာ စဝန္တာနံ"** ဟု ထုတ်ပါ။

ဥပေက္ခာစသော ကျန်တရားများ မူလီဖြစ်ခဲ့လျှင် ဝီထိ(၁)ဥပါဒ်နှင့် အသညသတ် ဥပါဒ်တို့ကို "သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ, အသညတ္တံ ဥပပဇ္ဇန္တာနံ"တစ်ဖက်ရ ထုတ်ပါ။

.နိုက်၂-**"သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေ, အသညသတ္တာ စဝန္တာနံ "** ချည်းထုတ်။

**သောမူ-ဥပေက္ခာမူလီ-လုံ နု"အာမန္တာ"။ လုံ** ပဋိ ၁-ဖက်ရ "စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, သောမနဿဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ ဘေသံ တတ္ထ" ဟုထုတ်။ **(တနည်း)** "သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ, သောမနဿဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ" ဟု ထုတ်ပါ။

**မှတ်ချက်**။ ။ ဥပေက္ခာ စသောတရားများက ပွန်ဘင်ကဖြစ်လျှင် အသညသတ် ဥပါဒ်မှ တစ်ပါး ဝီထိရှိဥပါဒ်များ အားလုံးဖြစ်ဆဲရသည်ကို သတိပြု၍ ဤအချက်များသိလျှင် အတိတ်ဇယားပါ အတိုင်း သံသယလိုက်ရုံသာဖြစ်၍ ဝိဘင်းထုတ်တတ်, ကောက်တတ်လောက်ပြီ။

**တူကြ** ယခု ပဋိလောမ တစ်ဖက်ရများသည် နောင်တွင် 'ပွန်-နာ' ပဋိလောမ တစ်ဖက်ရဖြစ်လာမည်။ ဤ **သောမနဿမူ** စသောမူ, မူလီများ၌ 'ပွန်-နာ' ပုဂ္ဂလ။ 'ပွန်-နာ ပုဂ္ဂလောကာသ' ပဋိလောမများ တူကြသည်။

(၁) သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ = မှာ ပဋိသန္ဓေခဏနှင့်သာဆိုင်သည်။ (သောမူ နိုက်၂-ဖက်ရ)

(၂) သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿဥပ္ပါဒက္ခဏေ = မှာ ပဋိသန္ဓေခဏထက်ပိုသောခဏများပါရ၏ဟု အဆိုရှိ၏။ ( သုဒ္ဓါဝါသာနံ ဥပပတ္တိစိတ္တဿ ဘင်္ဂက္ခဏေ=ဇိမူ။ ဥပေက္ခာမူတို့ နိုက်၂-ဖက်ရ)

**ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ ပြီး၏။**

http://www.dhammadownload.com



**အနာဂတ ပုဂ္ဂလ** (စက္ခုမူ မှ - ပုရိသမူ တိုင်)

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| အမည် | ကာမဖြစ်ပြန်[ ဣ(ပု) ဘောဖြင့် တစ်ဘဝ နှစ်ဘဝအစရှိသည်ဖြင့်ဖြစ်၍ ပရိ-ပြု] | ရူပဘုံသို့ဖြစ်၍ ပရိ-ပြုလတ္တံ့သော | အရူပဘုံသို့ဖြစ်၍ ပရိ-ပြုလတ္တံ့သော | ပစ္ဆိမဘဝိက |
| ကာမ → | ဥ - စ ပု၄၊ အဖ၂ | ဥ - စ ကာ-၇ | ဥ - စ ကာ-၇ | ဥ - စ |
| ရူပ → | ဥ - စ တိပု | ဥ - စ သုဘကိ ၉ ဝေ-၁၊သုဒ်-၅ | ဥ - စ သုဘ ၉ | ဥ - စ |
| အရူပ → | ဥ - စ တိပု | → ရူချင်းချင်း | ဥ - စ အရူချင်းချင်း | ဥ - စ |
| အသည → | ဥ - စ သုပု | | → တိပု မရ | |
| ဖြစ်လတ္တံ့ ဣန္ဒြေများ | ၁၆-ပါးလုံး ဖြစ်လတ္တံ့ (ဣ - ပု / သော- ဥ) | စ-သ-ဇီ-သော-ဥ သဒ္ဓိ၅- မနိ (၁၁) | ဇီ-ဥ-သဒ္ဓိ ၅ မနိ (၈) | ဖြစ်လတ္တံ့မရ |

**ဝိဘင်းများ (ဇယားရှိ နံပါတ်စဉ်အတိုင်း)**

၁၊ ဣတရေသံ တေသံ။ ၂၊ ယေ ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။

၃၊ ယေ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။ ၄၊ ပစ္ဆိမဘဝိကာနံ တေသံ။

**အကျဉ်းရှင်းပြခြင်း= နံပါတ်** (၁) ကား ဣန္ဒြေ ၁၆-ပါးလုံးဖြစ်လတ္တံ့။

ထိုတွင် (သော-ဥ-ဣ-ပု)တို့ကား ဝိကလများဖြစ်၏။

**နံပါတ်** (၂)ကား (၁၁)ပါး ဖြစ်လတ္တံ့၊ (၇-၉၊ ၁+၅) တို့တွင် -

၉-ကား သုဘကိ ၉-ဘုံ **(သောမနဿဘုံ)**

၁+၅- တို့ကား ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါ ၅-ဘုံ၊ (ယင်းတို့ကား **ဥပေက္ခာဘုံ**) ဟုမှတ်ထားပါ။

**နံပါတ်** (၃) ကား (၈)ပါးဖြစ်လတ္တံ့။ **နံပါတ်**(၄) ကား ဖြစ်လတ္တံ့မရ။

**အရကောက်နည်း** -ဇယားကို ထောက်၍ မူရင်းအရကောက် (၁၃၆) နှင့် (၅၄၄)တို့ တိုက်ဆိုင်မှတ်ပါ၊

**အကျယ်ရှင်းဦးအံ့- မူ-မူလီ ဦ္ဝိကလတရားများ ဝိဘင်းများ မူလီသို့လိုက်၍ ဤသို့ ၄-မျိုးခွဲပါ။**

(ပု) က- ယေ စ ပုရိသာ ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။

(ဣ) ခ - ယာ စ ဣတ္ထိယော ॥ ॥ ॥

(သော) ဂ- ယေ (သစက္ခုကာ) သောမနဿေန ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။

(ဥ) ဃ- ॥ ॥ ဥပေက္ခာယ ॥ ॥ **(ကျက်ထားရန်)**

**အရကောက်** - **နံပါတ်**(၂)"ကာမသုဂတိ ၇-ဘုံမှ ရူပါဝစရဘုံသို့ဖြစ်၍ ပရိ-ပြုသော ကာမာဝစရ ဥ-စ သော တိပု, အဖ-၃၊ ရူ-အချင်းချင်းဖြစ်၍ ပရိ-ပြုသော ရူပါဝစရ ဥ-စ သော တိပု၊အဖ-၃"။

**နံပါတ်** (၁) (က) "ပုရိသဘောဖြင့် တစ်ဘဝနှစ်ဘဝ အစရှိသည်ဖြင့်ဖြစ်၍ ပရိ-ပြုသော ကာမ-ဥ-စ ဖြစ်သောပု-၄၊ အဖ-၂၊ ရူ-အရူ ဥ-စ သု, တိပု ရ၏"။ (ခ) ဣတ္ထိဘော-ဟုပြောင်းရုံသာ။

**၂-ဖက်ရကား**(မူ-မူလီ)၂-ပါး ဖြစ်ပြန်ကောင်းသော ကာမ (ပဥ္စဝေါ) ဥ-စ ဖြစ်သောပု-၄၊ အဖ-၂ (၃)၊ ရူပါဝစရ (အသည) အရူပါဝစရ - ဥ-စ ဖြစ်သော သုဂတိအဟိတ်, တိဟိတ်ပုထုဇဉ်ရ၏။

**မှတ်ချက်**။ ॥(နံပါတ် ၁+၂ တရားရလျှင် (ကာမ+ရူပ) ပေါင်းကောက်ရမည်၊ ကာမစသောနေရာ၌ (ပဥ္စဝေါ-ဥ စ သော ပု၄၊ အဖ၃၊ အသညသတ် အရူပ ဥ-စ သော သု, တိဟိတ်ပုထု-ပု လည်းရ၏။

http://www.dhammadownload.com



(ဂ) မဟာဝိပါက် ပဌမဒွေး (+ရူပဝိပါက် သောမနဿသဟဂုတ် ၄-ခု) ဖြင့် ဖြစ်၍ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမ (ပဋ္ဌဝေါ) ၃-စ ဖြစ်သော ပု-၄၊ အဖ၂ (၃)၊ ရူပ (အသည), အရူပ ၃-စ သော သု, တိ-ပု။
(ဃ) မဟာဝိပါက် တတိယဒွေး၊ ( + ရူပပဥ္စမျာန်ဝိပါက်) ဖြင့် ဖြစ်၍ပရိ - သော (ပြောင်းဆိုတူပြီ)။

တရားရှာနည်း -- <u>မူ–မူလီ မှတ်သားထား၍</u> -- ဟောပါလေ။

**အနာဂတ ပုဂ္ဂလဖယား (၁)အကွက်အတွက် က္လတ္တိမူ, ပုရိသမူဖြစ်၍ သော-ဥ တို့မူလီဖြစ်ခဲ့သော်--**

၁။ က္လတ္တိ - သောမနဿ။ ၂။ က္လတ္တိ - ဥပေက္ခာ။

၃။ ပုရိသ - သောမနဿ။ ၄။ ပုရိသ - ဥပေက္ခာ - ဟုခွဲ၍ မူ-မူလီအလိုက်ခွဲခြားထားပြီး-
(က)မူသာရ၍ မူလီ-မရသောတရား လုံ-နု ၁-ဖက်ရ။(ခ)မူလီသာရ၍ မူ-မရသောတရား လုံ ပဋိ ၁-ဖက်ရ။
(ဂ) မူ- မူလီရသောတရား အနုလုံ ၂-ဖက်ရ။ (ဃ) မူ- မူလီမရ (မဟုတ်) သောတရား နိက် ၂-ဖက်ရ။

**ပိဘင်းတွဲထုတ်နည်း** -

**က္လတ္တိမူ–သောမနဿမူလီ** ဖြစ်သော် -- ယာ က္လတ္တိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ဥပေက္ခာယ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ။ (တာသံ-ဟုပါဠိတော်၌ရှိ)

**က္လတ္တိမူ–ဥပေက္ခာမူလီ**- ယာ က္လတ္တိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ သောမနဿေန ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တာသံ။(တာသံ-ဟုပါဠိတော်၌ရှိ) (တွာ ၂-ချက်၊ ၍ ၂-ချက်)

<u>၎င်းတို့ကို အရကောက်သော်</u> -

"က္လတ္တိဘောဖြင့် တစ်ဘဝနှစ်ဘဝအစရှိသည်ဖြင့်ဖြစ်၍ မဟာဝိပါက် တတိယဒွေးဖြင့်ဖြစ်၍ ပရိ-ပြုသော ကာမ ၃-စ ဖြစ်သော ပု-၄၊ အဖ၂၊ ရူပ အရူပ ၃-စ သု-တိပု" စသည်ဖြင့် ပေါင်းစပ်ကောက်သည်။

**ဖယား နံပါတ် ၂–တရား**

ယာန, ဇိဝှါ, ကာယ, က္လတ္တိ, ပုရိသ တို့ မူဖြစ်၍ သောမနဿ, ဥပေက္ခာ တို့ မူလီ ဖြစ်ခဲ့လျှင် --
**သောမနဿဘုံ** အတွက် ၃-ချက်၊ **ဥပေက္ခာဘုံ** အတွက် ၂-ချက် ခွဲပါ။ ကြွင်းမူ-မူလီများ၌ ခွဲရန်မလို။
**ရှင်းပါဦးအံ့** - ရူပဘုံသို့ဖြစ်လတ္တံ့၌ ၉-၁-၅ ရှိ၏။ '၉' - သုဘကိဏှတိုင် ရူပ ၉-ဘုံ သောမနဿဘုံ။
'၁' ဝေဟပ္ဖိုလ်နှင့် '၅' သုဒ္ဓါဝါသ ၅-ဘုံတို့ကား ဥပေက္ခာဘုံ တို့ဖြစ်သည်။

သောမနဿဘုံ အတွက် ၃–ချက်ကောက်သော် --

၁၊ ကာမသု ၇-ဘုံမှ သုဘကိဏှတိုင် ရူပ ၉-သို့ဖြစ်၍ ပရိ-သော ကာမ ၃-စ တိပု၊ အဖ၃။
၂၊ဝေဟပ္ဖိုလ်ဘုံမှသည်သုဘကိဏှတိုင် ရူပ ၉-သို့ဖြစ်၍ ပရိ-သော ဝေဟ ၃-စ တိပု၊(အရိယာတို့အောက်မဆင်း)
၃၊ သုဘကိဏှတိုင် ရူပ ၉-ဘုံချင်းဖြစ်၍ ပရိ-သော ရူပ ၃-စ တိပု၊ အဖ-၃။
**ဆောင်** = ကာမှတက်လျှင်း၊ ဝေဟပ်ဆင်း၊ ရူချင်း သုံးချက်ကောက်။

ဥပေက္ခာ ဘုံအတွက် ၂–ချက် ကောက်သော် --

၁၊ ကာမသု၇-ဘုံ, သုဘကိဏှတိုင် ရူပ ၉-မှ ဝေဟ, သုဒ္ဓါ ၅-ဘုံသို့ဖြစ်၍ ပရိ-သော ပဥ္စ- ၃-စ တိပု၊ အဖ၃။
၂၊ ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသဘုံ ချင်းချင်းဖြစ်၍ ပရိ-သော ဝေဟပ္ဖိုလ်, သုဒ္ဓါဝါသ ၃-စ တိပု၊ အဖ၃။
**ဆောင်** = ကာ-သုပေါင်းလျက်၊ ဝေ-သုဒ်တက်၊ နောက်ချက် ဝေသုဒ်ချင်း။

http://www.dhammadownload.com



**တရားရှာနည်း** -- ကောက်နည်း - -

သောမနဿမူလီဖြစ်ခဲ့သော် အနုလုံ ပဋိ-၁-ဖက်ရကို သောမနဿဘုံ အတွက်(၃)ချက်ကောက်၍၊ ကျန် ဥပေက္ခာဘုံ (၂)ချက်ကို ပစ္စနိက် ၂-ဖက်ရ၌ ထည့်သွင်း၍ (ဝိဘင်းမထုတ်ဘဲ) ကောက်။

ထို့အတူ ဥပေက္ခာမူလီဖြစ်ခဲ့သော် အနုလုံ ပဋိ-၁-ဖက်ရကို ဥပေက္ခာဘုံ (၂)ချက်ကောက်၍၊ ကျန် သောမနဿဘုံ အတွက်(၃)ချက်ကို ပစ္စနိက် ၂-ဖက်ရ၌ ထည့်သွင်း၍ (ဝိဘင်းမထုတ်ဘဲ) ကောက်။

**သတိပြုရန်** - ဝိကလ (၄)ချက်၌ တစ်လှည့်စီ ဝိဘင်းထုတ်ရသော်လည်း၊ ဤ၌ခွဲကောက်သော်လည်း ဝိဘင်းအထူးမရှိဘဲ နိက်၂-ဖက်ရမှာ ရသင့်၍ကောက်သည်။

အနာဂတ ပုဂ္ဂလ ရှင်းလင်းချက်ပြီး၏။

## ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလ

ဤဝါရတွဲအတွက် အနာဂတပုဂ္ဂလဇယားဖြင့် ဆိုရမည်။ ထိုအနာဂတဇယား၌ သူ့အပိုင်းနှင့်သူ လက်ရှိဖြစ်လတ္တံ့ရသော ဣန္ဒြေများ မှတ်သားမိပါစေ။ ဇယားလက်ဝဲအထက်ဒေါင့်တွင် အမည်နာမ၊ ထိုမှအောက်၌ ကာမ. ရူဝ. အရူပ. အသညဟု တွေ့ရမည်။ ထို၌ ကာမသည် အနာဂတ်ကိုမျှော်၍ (၄)မျိုးပြားသည်။ ဇယားကိုအလျားလိုက်ကြည့်ပါ။ (အထက်အောက်မကြည့်ရ။) ထို (၄) မျိုးကား-

၁။ ကာမပြန်မည့်ကာမ (ဥ-စ)။ ၂။ ရူပသွားမည့်ကာမ(ဥ-စ)

၃။ အရူပသွားမည့်ကာမ(ဥ-စ)။ ၄။ ပစ္ဆိမဘဝိက ကာမ(ဥ-စ)ဟု လေးမျိုးကွဲပြားသည်။

ရူပ စသည်လည်း ဇယားအလျားလိုက် ကြည့်၍နည်းတူသိပါ။

**အထူးမှတ်ချက်**။ ထိုအနာဂတဇယားရှိ(ဥ-စ)တို့တွင် ပွန်ဘက်ကအလျားလိုက်ဆိုင်ရာ ပစ္ဆိကဘဝိကအပါ အဝင် ဥပပဇ္ဇန္တများရမည်။ အနာဂတ်ဘက်က လက်ရှိရထားသလို၊ အထက်အောက် အပိုင်းလိုက် (ဥ-စ)များ ရမည်။ ပစ္ဆိမဘဝိကသည် ဖြစ်လတ္တံ့ မရသော်လည်း ဥ-ကားဖြစ်ဆဲရမည်။

**စက္ခု သောတ**

စက္ခုဖြစ်ဆဲ၌ ကာမရူပတို့နှစ်တန်းမှ အလျားလိုက်ဥပါဒ်(၈)လုံးဖြစ်ဆဲရသည်။ (ဆုပ်ကိုင်ထားပါ) သောတ ဖြစ်လတ္တံ့လော-ဟု သံသယလိုက်သော် သောတကား ဇယား ၁၊ ၂ သာ လိုက်နိုင်၍၊ ၃၊၄ ရှိ (ဥ) ၄-လုံးကား တစ်ဖက်ရ ယင်းကို "ပစ္ဆိမဘဝိကာနံ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ ဥပပဇ္ဇန္တာနံ တေသံ" ဟု တစ်ဖက်ရထုတ်ပါ။ ဇယား ၁၊၂ ရှိ ဥပပဇ္ဇန္တ(၄)လုံးကို "ဣတရေသံ သစက္ခုကာနံ ဥပပဇ္ဇန္တာနံ" ဟု နှစ်ဖက်ရထုတ်ပါ။

ပဋိလောမတဖက်ရအတွက် လက်ာ(၈)အတိုင်းထုတ်၊ နိက် ၂-ဖက်ရအတွက် ကျန်တရားများကို "ပဉ္စဝေါကာရေ ပရိနိဗ္ဗန္တာနံ, အရူပေ ပစ္ဆိမဘဝိကာနံ, ယေ စ အရူပံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ တေသံ" ဟု ထုတ်ပါ။

စက္ခုမူ တစ်ခုလုံး ပစ္ဆိမဘဝိက ပဉ္စဝေါကာရစဝန္တ(၂)လုံးနှင့် အရူပပစ္ဆိမဘဝိက(ဥ. စ)ကို အမြဲနိက် ၂-ဖက်ရထုတ်၊ ထိုတရားတို့သည် မည်သည့်တရားမှ ဖြစ်လတ္တံ့မရသောကြောင့်ပင်။

**စက္ခုမူ၊ ဃာနမူ၊ ဣတ္ထိမူ၊ ပုရိသမူ**တို့ မူဖြစ်၍၊ **သောမနဿ၊ ဥပေက္ခာ**တို့ မူလီဖြစ်ခဲ့လျှင် ပစ္ဆိမဘဝိကမှတစ်ပါးသော ရူ၊ အရူဥပပဇ္ဇန္တများကို **သောမနဿအမည်**၊ ဥပေက္ခာအမည်ဖြင့် - -

(ယေ သ စက္ခုကာ (ဥပေက္ခာယ) သောမနဿေန) ဟု ဝိဘင်းထုတ်သည်။

F. 12. A\

http://www.dhammadownload.com



'ကုသလ္လာသမျှ၌ ပစ္ဆိမဘဝိကာနံ ကုသလ္လာနံ ဥပပဇ္ဇန္တာနံ' ဟု ကုသလ္လာကာမပစ္ဆိမဘဝိက-ကို ထုတ်သဖြင့် ပုရိသ ကာမ ပစ္ဆိမဘဝိက အကျန်ကို ထည့်သွင်းကောက်ပါ။

ယာန, ကုသလ္လာ, ပုရိသတို့ မူဖြစ်၍၊ ပစ္စုပ္ပန်ဘက်ဖြစ်ခဲ့လျှင်(ကာမ) အတန်းရှိအလျားလိုက်(ဥပါဒ်)၄လုံး ဖြစ်ဆဲရမည်။ တစ်ဖက်ရကို ပစ္ဆိမဘဝိကကာမမှုစ၍ ထုတ်ပါ။ ယခုညွှန်ပြသောနည်းအတိုင်းသာ ဆက်၍ ကြံဆပါလျှင် ဝိဘင်းအားလုံးထုတ်နိုင်၊ ကောက်နိုင်ပါပြီ။

ထူးသည်က ကုသလ္လာမူ၊ ပုရိသမူလီဖြစ်ခဲ့သော် ကုသလ္လာဖြစ်ဆဲအရ (ကာမ)အတန်းရှိအလျားလိုက် (ဥပါဒ်) ၄-လုံးရ ထားသည်။ ကာမပုရိသ ဥ-သာလိုက်နိုင်၍ကျန် (ကာမ) အတန်းရှိအလျားလိုက်(ဥပါဒ်)၄လုံးကို ကုသလ္လာကာမပစ္ဆိမဘဝိက-မှုစ၍ - -

"ပစ္ဆိမဘဝိကာနံ ကုသလ္လာနံ ဥပပဇ္ဇန္တာနံ ယာ စ ကုသလ္လာယော ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာပရိနိဗ္ဗာယိဿန္တိ ယာ စ ကုသလ္လာယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ တာသံ ဥပပဇ္ဇန္တာနံ တာသံ" ဟု တစ်ဖက်ရထုတ်။"ကုသလာရာသံ ကုသလ္လာနံ ဥပပဇ္ဇန္တာနံ တာသံ"ဟု နှစ်ဖက်ရထုတ်ပါ။

ပဋိ-(လက်ာ ၈-အတိုင်းပင်ဖြစ်သည်)။ နိက်၂-ဖက်ရ အနုလောမတစ်ဖက်ရ(ဥပပဇ္ဇန္တ)၏အကျန် စဝန္တများနှင့် ကျန်တရားများထုတ်။ (နေရာတိုင်းထိုသို့ဖြစ်၍သဘောကျအောင်, ကျေနပ်အောင်လေ့လာပါလေ)

အရကောက်(၅၆၉) အမှာ - မိန်းမတို့သည် အရိယာဖြစ်စေ၊ အရိယာမဟုတ်သည်ဖြစ်စေ သမာပတ် ရှစ်ပါးနှင့်ပြည့်စုံသော်လည်း ပြဟ္မပါရိသဇ္ဇဘုံ၌သာဖြစ်၍ အထက်ပြဟ္မာဘုံ၌မဖြစ်နိုင်။ တစ်ဖန်ပြဟ္မပါရိ သဇ္ဇဘုံမှ ဆင့်၍တက်သည့်သူကို ရည်၍"ယာ စ ကုသလ္လာယော ရူပါဝစရံ အရူပါဝစရံ"စသည်ကိုဟောသည်။

အနာဂတ ပုဂ္ဂလ – ဇီဝိတ မူမှ စ၍ ပညာမူတိုင်အောင်

| | ၁ | ၂ | ၃ |
|---|---|---|---|
| (က)<br>(ခ) | အစမထင်-(ပဋိ-ဘ)- ဧဧဧဧဧဧ အဆုံးစွန်<br>အစမထင်-(ပဋိ-ဘ)- ဧဧဧဧဧဧ အဆုံးစွန် | ဥ-ဂုတ် ဧ ဘွင် န ဒ မ ဧ ဧ ဧ ဧ ဧ ရာ၈<br>သော ၁-ဂုတ် ဧ ဘွင် န ဒ မ ဧ ဧ ဧ ဧ ဧ ကျွတ်တိ-ပု၊ ရိ-၈ | ပစ္ဆိမ (သော-သ-ပစ္ဆိမ ဥ-ဘ)<br>ပစ္ဆိမ (ဥ-သံ-ပစ္ဆိမ ဥ-ဘ) |
| | မဂ်ကိုမရလတ္တံ့သော မကျွတ်ထိုက်ပု | ယဿ စိ-နွှရ သော-သံ ပစ္ဆိမစိတ္တာဥပ္ပဇ္ဇိဿတိ | ပစ္ဆိမစိတ္တသမင်္ဂီနံ |
| ဝိဘင်း | ကုသလာရေသံ တေသံ | ယဿ ။ ဥပေက္ခာ ။ | ။ |
| ကွက်ပေါင်း | ဇီ-သော-ဥ-သဒ္ဒိ၅ - မနိ (၉) ပါး | (က)၂-သော-သာရ(ခ)၂-ဥသာရ(ပြောင်းဆိုပါ)(၈) | ဖြစ်လတ္တံ့မရ |

(က) သောမနဿ သဟဂုတ်ဖြင့် ပရိနိဗ္ဗာန်ပြု လတ္တံ့သောသူဖြစ်အံ့ (အပိုင်း ၂- အရဟာ-ဗ ရ၏)

(ခ) ဥပေက္ခာ သဟဂုတ်ဖြင့် ပရိနိဗ္ဗာန်ပြု လတ္တံ့သောသူဖြစ်အံ့ (အပိုင်း ၂- ကျွတ်တိပု၊ ရိ ၈ ရ၏)

မှတ်ချက်။ ။ ဇီဝိတမူ ဥပေက္ခာမူလီဖြစ်လျှင် နှစ်ဖက်ရကို (ခ)ဝိထိမှုစ၍ ကောက်ပါ။

ဝိထိ-ဟူသမျှသည် အာဝဇ္ဇန်းနှင့်ကင်း၍ မဖြစ်ကောင်းသောကြောင့် (က)၂-၌ 'ရဟန္တာ'သာရသည်။ ဇီမူ-သောမူလီ၌ -"မဟာဝိ-တ-ဒွေး၊ မဟာဂုတ် ဝိ-ဥပေက္ခာသဟဂုတ် ၅-ခုဖြင့်ဖြစ်၍ပရိ-ပြု-အံ့"(ဟုဆို) ထိုနည်းတူ–ဥပေက္ခာမူလီ၌ ကောက်သော်--

မဟာဝိ ပ-ဒွေး၊ မဟာဂုတ် ဝိ-သော-ဂုတ် ၄-ခုဖြင့်ဖြစ်၍ပရိ-ပြု--အံ့၊ (သရုပ်ထုတ်၍ဆိုနိုင်သည်)

၂–ဖက်ရ၌ - "ကျွတ်ထိုက်ပု၊ ရိ-၈၊ မဂ်ကိုမရလတ္တံ့ မကျွတ်ထိုက် ပုထု ရ၏" အမြဲကောက်ပါ။

http://www.dhammadownload.com



## ပွန် နာ ပုဂ္ဂလ ဇီဝိတမူ မှစ၍

ဝီထိဇယားဖြင့် ဆိုရမည်။ ရိုးရိုးသုဒ္ဓဖြစ်လတ္တံ့ရသည်ကို ကျေညက်အောင် သဘောကျပြီးမှ ဝါရတွဲကို လေ့လာပါ။ ဇယား၌ ဝီထိ -၂ မျိုး ရှိသည်။

၁။ သောမနဿဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့

၂။ ဥပေက္ခာဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့- ဤ ၂ မျိုးတို့တွင် ဇယားအပိုင်းနှစ်၌ အထက်ပိုင်းသည် သောမနဿဖြစ်လတ္တံ့ရ၏။ အောက်ပိုင်းသည် ဥပေက္ခာသာဖြစ်လတ္တံ့ရခဲ့၏။

**ပစ္ဆိမဘဝိကလည်း ၂-မျိုးရှိ၏။**

* အထက်က သောမနဿ ပစ္ဆိမဘဝိက၊ (**သောမနဿ သမ္ပယုတ်ပစ္ဆိမစိတ် ၆-ခု**)

* အောက်က ဥပေက္ခာပစ္ဆိမဘဝိက၊ (**ဥပေက္ခာ သမ္ပယုတ်ပစ္ဆိမစိတ် ၇-ခု**)

ထိုပစ္ဆိမဘဝိက၂-မျိုး ကိုပေါင်း၍ ဝိဘင်းထုတ်သော် - -

ပစ္ဆိမဘဝိကာနံ။ ယင်းကိုပင် (ဥ-ဘင်)ခွဲသော်

၁။ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ၊

၂။ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ ဟု- ခွဲပါ။

အထက်က သောမနဿပစ္ဆိမဘဝိကကို 'သောမနဿသမ္ပယုတ္တပစ္ဆိမစိတ္တသမင်္ဂီနံ' (ဥ-ဘင်) ပေါင်းထုတ်၏။ ယင်းကို (ဥ-ဘင်)ခွဲသော်-

၁။ သောမနဿသမ္ပယုတ္တ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ

၂။ သောမနဿသမ္ပယုတ္တ ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ-ဟု ၂ မျိုးခွဲပါ။

ဥပေက္ခာပစ္ဆိမဘဝိကကိုလည်း ထိုနည်းအတိုင်း(၃)မျိုးခွဲက သာမာန်ပစ္ဆိမဘဝိက တစ်ခုတည်းက ဝိဘင်း(၉)မျိုးကွဲပြားလာသည်။ ဇယားဝီထိ(၂)အပိုင်းကို သောမနဿ၌(ဥဘင်)ခွဲ ဥပေက္ခာ၌(ဥဘင်)ခွဲက ဝိဘင်းလေးမျိုးရှိ၏။ ဤကဲ့သို့ ဝိဘင်းသရုပ်ခွဲထားပါ။

**ဇီဝိတမူ သောမနဿမူလီ**

(ဇယားဝီထိကြည့်ထား) ဇီဝိတဖြစ်ဆဲ၌ အစမှပစ္ဆိမဘဝိက ၂-ခုလုံး၏ ဥပါဒ်အထိ(ဥပါဒ်)များရသည်။ (ဆုပ်ကိုင်ထားပါ) သောမနဿဖြစ်လတ္တံ့လော-ဟု သံသယလိုက်သော် ပစ္ဆိမဘဝိကဥပါဒ်များနှင့် **အပိုင်း** ၂-အောက်ဝီထိ ဥပေက္ခာဥပါဒ်များမလိုက်နိုင်၍ "ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ, ယဿ စိတ္တဿ **အနန္တရာ** ဥပေက္ခာသမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တဿ စိတ္တဿ ဥပ္ပါဒက္ခဏေ" ဟု တစ်ဖက်ရထုတ်**ပါ**။ နှစ်ဖက်ရ-ကို "ဣတရေသံ ဥပပဇ္ဇန္တာနံ, ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ"-ဟု ထုတ်ပါ။

ပဋိလောမတဖက်ရလက်ာ(၈)အတိုင်းပင် နိက်၂-ဖက်ရအတွက် ပစ္ဆိမဘဝိက ဘင်နှင့် ဇယားဝီထိ **အပိုင်း**(၂) အောက်ဝီထိဘင်များသာကျန်၍---'ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ ယဿ စိတ္တဿ **အနန္တရာ** ဥပေက္ခာ သမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တဿ စိတ္တဿ ဘင်္ဂက္ခဏေ' ဟု ထုတ်ပါ။

ဥပေက္ခာမူလီအတွက် ပြောင်းပြန်သောမနဿများထုတ်၊ သဒ္ဓါအတွက် ပစ္ဆိမဥပါဒ်ကိုသာ **တစ်ဖက်**ရ ထုတ်ပါ။

http://www.dhammadownload.com



သောမနဿမူဖြစ်လျှင် သောမနဿဖြစ်ဆဲကား သောမနဿဝီထိ(အပေါ်ဝီထိ) သောမနဿ ပဋ္ဌိမဘဝိက၏ဥပါဒ်အထိ (ဥပါဒ်များ)ဖြစ်ဆဲရသည်။ မူလီအနာဂတ်များ မလိုက်နိုင်သည့်တရား အပိုင်းတို့ကို တစ်ဖက်ရထုတ်သည်။ လိုက်နိုင်သောတရားများကို ၂-ဖက်ရထုတ်ပါ။ မူ-မူလီ မရသောတရားကို နိုက် ၂-ဖက်ရ ထုတ်ပါ။

**အရကောက်သော်**–ပုဂ္ဂိုလ်များမှာ ပုဂ္ဂလဝါရ (သုဒ္ဓရိုးရိုး) နှင့်မကွာခြား သဘောတူသည်။

## ဩကာသ ပုဂ္ဂလ

အနာဂတပုဂ္ဂလ ဇယားဖြင့် ဝိဘင်းထုတ်, အရကောက်ရမည်။

အနာဂတပုဂ္ဂလဇယားရှိတရားအားလုံးကို အတိတ်ဘက်က အကုန်ဖြစ်ဖူးရသည်။

အနာဂတသံသယ ဖြစ်လတ္တံ့ရသော တရားသည် ၂-ဖက်ရ။ (အတိတ်ရိုးရိုးအတိုင်းထုတ်ကောက်ပါ)

အနာဂတ သံသယမရသော တရားသည် ၁-ဖက်ရ။ (အနာဂတ် ရိုးရိုးအတိုင်းထုတ်ကောက်ပါ)

နိုက် = နတ္ထိ။ ဥပ္ပဇ္ဇိဿတိ-ဟုထုတ်ပါ။ (လက်ာ သတိပြု)

### အနာဂတ ပုဂ္ဂလောကာသ (စက္ခုမှ ပုရိသမူ အထိ)

| | ၁ | ၂ | ၃ |
|---|---|---|---|
| အမည် | ဖြစ်လတ္တံ့ (ယထာရဟ-ဖြစ်လတ္တံ့) မိမိဖြစ်ခိုက်-ဘုံ၌(-)နောင်ဖြစ်ပြန်ကောင်းသော | (အတု) ဖြစ်လတ္တံ့မရ မိမိ-ဘုံ၌ နောင်မဖြစ်ပြန် | (အစစ်)ဖြစ်လတ္တံ့မရ ပစ္ဆိမဘဝိက |
| ကာမ | (က) ဥ-စ ၁၆ ပါး (က္က-ပု-သော-ဥ ဝိဘင်း) | ဥ - စ | ဥ - စ |
| ရူပ | (ခ ) ဥ-စ ၁၁ ပါး (ဖြစ်လတ္တံ့) | ဥ - စ | ဥ - စ |
| အရူပ | (ဂ) ဥ-စ ၈ ပါး ( ။ ) | ဥ - စ | ဥ - စ |
| အသည | (ဃ) ဥ-စ ၁ ပါး (ဇီဝိတသာ) | ဥ - စ | |
| ဘုံသတ်ဖို့ | **ဖြစ်လတ္တံ့ကို၊ မရဆို၊ ပုဂ္ဂိုလ်သုဒ္ဓါဝါ** | **အကနိဋ္ဌ-တုမရ** | **အပါယိက-စစ်မရ** |

**ဝိဘင်းများ**။ ။ ၁၊ (က) ကာမာဝစရာနံ။ ၁၊ (ခ) ရူပါဝစရာနံ။ (က+ခ ပေါင်း)ပဉ္စဝေါကာရာနံ၊

၁၊(ဂ) အရူပါနံ။ ၁၊(ဃ)အသညသတ္တာနံ။ ၃၊ ပစ္ဆိမဘဝိကာနံ။

**<u>စက္ခုမှ</u>+<u>သောမနဿမူလီ</u>** = ၁ဖက်ရ- ယေ (သစက္ခုကာ) (ဥပေက္ခာယ) ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ။

(၂-အတု၌ဝိဘင်းသီးခြားမရှိ၊ အစစ်ရသလောက်ရ၏)

**မှတ်ချက်**။ ။ ကာမ (က) ဥ-စ ၁၆-ပါး ဖြစ်လတ္တံ့၌ (က္က-ပု-သော-ဥ ) တို့ကား ဝိကလတရားများဖြစ်၍ ဝိဘင်းကို အနာဂတ ပုဂ္ဂလအတိုင်း ထုတ်ပါလေ။ **(အနုလုံ၌ နံပါတ် ၁-ဖြင့်သာ ဝိဘင်းထုတ် အရကောက်မည်)**

<u>အရကောက် နမူနာများ</u> – -

**စက္ခုမှ–က္ကတ္ထိမူလီ**။ ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော ရူ(ဥ-စ)သော တိ-ပု၊ အဖ-၃၊ တို့အား ဝေ-တိုင် ရူ ၁၀-ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ပု-ဘောဖြင့် တစ်ဘဝ နှစ်ဘဝအစရှိသည်ဖြင့်ဖြစ်၍ ပရိ-သော ကာမာ (ဥ-စ) သော သု, ဒွိ, တိ, အဖ၂-တို့အား ကာမသု ၇-ဘုံ။ <u>မိမိဖြစ်ခိုက်သောဘုံ၌ စက္ခုနွေ့သာဖြစ်၍</u> က္ကတ္ထိနွေ့မဖြစ်ပြန်ကောင်းသော ကာမာ (ဥ-စ) သော ပု-၄၊ အဖ-၂ တို့အားကာမ ၁၁-ဘုံရ၏။ **(၁)ရှိ (ခ)ရူပ (က) စက္ခု ဖြစ်လတ္တံ့. က္ကတ္ထိမဖြစ်လတ္တံ့.ကာမ တို့ကိုကောက်သည်။**

မိမိဖြစ်ခိုက်သောဘုံ၌ (စ-က္က) ၂-ပါးဖြစ်ပြန်ကောင်းသော ကာမာ (ဥ-စ) သော ပု-၄၊ အဖ-၂ တို့အား ကာမ ၁၁-ဘုံလည်းရ၏။ **(၁)ရှိ (က) စက္ခု က္ကတ္ထိဖြစ်လတ္တံ့ကာမ-ကိုကောက်သည်။** (ကောက်-၅၅၂)

http://www.dhammadownload.com



**စက္ခုမူ-သောမနဿမူလီ - ၌**

မိမိဖြစ်ခိုက်သောဘုံ၌ မဟာ ဝိ-တဒွေး၊ ရူ-ပဉ္စမဈာန်ဝိ-ဖြင့်ဖြစ်၍ ပရိ-ပြု-သော ပဉ္စဝေါ-(ဥ-စ)သော သု, ဒွိ, တိပု၊ အဖ၃-တို့အား ကာမသု ၇-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ။ မိမိဖြစ်ခိုက်သောဘုံ၌ စက္ခုနှင့်သာဖြစ်၍ သောမနဿိန္ဒြေ မဖြစ်ပြန်ကောင်းသော ပဉ္စဝေါ-(ဥ-စ)သော ပုဂ္ဂိ၊ အဖ ၃တို့အား ကာမ ၁၁-ဘုံ၊ ဝေဟပ္ဖိုလ်ဘုံရ၏။ (၁-ဖက်ရ)

မိမိဖြစ်ခိုက်သောဘုံ၌ စ-သောမန- ၂-ပါးဖြစ်ပြန်ကောင်းသော ပဉ္စဝေါ (ဥ-စ) သော သု, ဒွိ, တိပု၊ အဖ၃-တို့အား ကာမသု ၇-ဘုံ၊ သုဘကိဏှ-တိုင် ရူ ၉-ဘုံလည်းရ၏။ (၂-ဖက်ရ) (ကောက်-၅၅၂)

**စက္ခုမူ-သဒ္ဓိမူလီ** အနုလုံ၊ အနုလောမ ၌ "အာမန္တာ" အရ (သဘောအလျောက်ကောက် ၁-ဖက်ရ၊ ၂-ဖက်ရရှိ) မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အပါယ် (ဥ-စ) သော ဒု-တို့အား အပါယ် ၄-ဘုံရ၏။ မိမိဖြစ်ခိုက်သောဘုံ၌ ဖြစ်ပြန်ကောင်းသော ပဉ္စဝေါ (ဥ-စ) သော သု, ဒွိ, တိပု၊ အဖ၃-တို့အား အပါယ် သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါ ၁၇-ဘုံလည်းရ၏။ (ကောက်-၅၅၃)

**(အကြောင်းကား**-အပါယ်ပဋိ-၌သဒ္ဓါမယှဉ်သောကြောင့်တည်း) (ကျန် ဝီရိယ၊သတိ၊သမာဓိ၊ပညာတူပြီ)

**မှတ်ချက်**။ ။အရကောက် စာမျက်နှာ ၅၅၅၊ ကြောင်းရေ ၇-၌ "မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသော ရူပါဝစရ"စသည်ဆိုပါ။ "မ" တစ်လုံးပိုနေသည်။

## ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလောကာသ

ဤဝါရတွဲအတွက် အနာဂတပုဂ္ဂလောကာသဇယားကိုအလျားလိုက် ကြည့်ရမည်။ စက္ခုဖြစ်ဆဲကား ကာမ, ရူပ ၂-တန်းမှ (ဉ) ၆ လုံးဖြစ်ဆဲရမည်။ ပစ္ဆိမဘဝိကမှစ၍ သံသယ အနာဂတရ/မရများကိုကြည့်၍ တစ်ဖက်ရ ၂-ဖက်ရထုတ်ကောက်ပါလေ။ ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလကြဲဆနည်းအတိုင်း ဟောပါ။

ဃာန, ဣတ္ထိန္ဒြေတို့ ဖြစ်ဆဲကား ကာမတန်းမှ (ဉ)-၃ လုံးဖြစ်ဆဲရမည်၊ အနာဂတ ရ/မရလိုက်ထုတ်။

**မှတ်ချက်** ။ ။အနာဂတပုဂ္ဂလောကာသ ဇယား၌ပေါင်းသင့်သည်ကို ပေါင်းထုတ်ပါ။ ဤဝါရတွဲ၌ ပစ္စုပ္ပန် ဘက်က ဆိုင်ရာ ဥပါဒ်သာ ရသည်ကိုသတိပြုပါ။

## အတီတာနာဂတ ပုဂ္ဂလောကာသ

ဤဝါရတွဲအတွက် အနာဂတပုဂ္ဂလောကာသဇယားကို ပဓာနထား၍ကြည့်ရမည်။ အတီတ ပုဂ္ဂလော ကာသဇယားကိုလည်း သတိပြုပါ။ **အတိတ်ပုဂ္ဂလောကာသမှ သုဒ္ဓါဝါသသည် ဖြစ်ဖူး ဖြစ်လတ္တံ့နှစ်မျိုး လုံး၌ မပါဝင်၍ နိက် ၂-ဖက်ရတွင် အမြဲပါမည်။ ထိုသို့ပါဝင်ရာတွင် စက္ခုမူ၌ သုဒ္ဓါဝါသအမည်ဖြင့် ပါဝင်မည်။ ဃာန, ဣတ္ထိ, ပုရိသမူများ၌ ရူပါဝစရအမည်ဖြင့် 'ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ' ဟု-ကျန် ရူပတရား နှင့်ပေါင်း၍ ဟောမည်။**

<u>**မှတ်ချက်**</u> ။ ။ အနာဂတပုဂ္ဂလောကာသ ဇယား၌ပေါင်းသင့်သည်ကို ပေါင်းထုတ်ပါ။ ဤဝါရတွဲ၌ တီ-နာ နှစ်ဖက်လုံး ဆိုင်ရာ (ဥ+စ) အစုံလိုက်ရသည်ကိုသတိပြုပါ။

**စက္ခုမူ**အတွက် ကာမ,ရူပတန်းရှိ ပစ္ဆိမဘဝိကအပါအဝင် ဥ-စ (၆)စုံဖြစ်ဖူးရ၏။

**ဃာန, ဣတ္ထိ, ပုရိသမူ** များ၌ ကာမအတန်းရှိ ကာမပစ္ဆိမဘဝိက အပါအဝင် (ဥ စ) သုံးစုံဖြစ်ဖူးရမည်။ သံသယအနာဂတ မလိုက်နိုင်သည့်တရားများကို တစ်ဖက်ရထုတ်၊ လိုက်နိုင်က ၂-ဖက်ထုတ်ကောက်။

http://www.dhammadownload.com



**စက္ခုမူ သောတမူလီ –**

အနာဂတ ပုဂ္ဂလောကာသ ဇယားကိုကြည့်ထားပါ။ စက္ခုဖြစ်ဖူး၌ဇယားရှိ ကာမရူပ ၂-တန်း(အလျားလိုက်) ပစ္ဆိမဘဝိက အတု အစစ် အပါအဝင် ကာမ(ဥ+စ) ၃-စုံ။ ရူပ(ဥ-စ) ၃-စုံပေါင်း (ဥ-စ) ၆-စုံရသည်။ (ဆုပ်ကိုင်ထားပါ) သောတဖြစ်လတ္တံ့လော?ဟု သံသယလိုက်သော်ဇယား(၁)အပိုင်းရှိ ကာမ ရူပ(ဥ-စ) ၂-စုံသာ လိုက်နိုင်၍ ကျန်ပစ္ဆိမဘဝိက အစစ်-အတုတို့ကို 'ပဉ္စဝေါကာရေ ပစ္ဆိမဘဝိကာနံ' ဟု တစ်ဖက်ရ ထုတ်ပါ။ နှစ်ဖက်ရကို 'ကြွတရေသံ ပဉ္စဝေါကာရာနံ' ဟု ထုတ်ပါ။ နိုက် ၂-ဖက်ရ "သုဒ္ဓါဝါသာနံ, အသညသတ္တာနံ, အရူပါနံ" ဟု ထုတ်ကောက်ပါ။ (အနာဂတ်ဇယား၌ အတိတ်ကဆိုင်ရာသာဖြစ်ဖူးရ)

**စက္ခုမူ ဃာနမူလီ၌ –**

စက္ခုဖြစ်ဖူးရသော ကာမာဝစရပစ္ဆိမဘဝိက-ကို သီးခြားထုတ်၍ ရူပတန်းရှိဖြစ်ပြန်၊ မဖြစ်ပြန် ပစ္ဆိမဘဝိက အပါအဝင်(ဥ-စ)သုံးစုံကို ပေါင်း၍ 'ရူပါဝစရာနံ' ဟုထုတ်ပါ။

အနုလုံ ၂-ဖက်ရနှင့် နိုက် ၂-ဖက်ရသည် သောတမူလီနှင့်တူပြီ၊ ယခုဖော်ပြထားသော သဘောတရားများကိုကြည့်၍ ပေါင်းသင့်လျှင်ပေါင်း ခွဲထုတ်သင့်လျှင်ခွဲထုတ်၍ကောက်ပါ။

အနာဂတ ပုဂ္ဂလောကာသ (ဇီဝိတာမူ မှစ၍ပညာမူတိုင်)

| | | | |
|---|---|---|---|
| အစစ် (က) | ပဋိ ဘ-ဓ ဓ ဓ ဓ ဓ ဓ (အဆုံးစွန်) | (ဥ-ဂုတ်) ဓ ဘင် န ဒ မ ဓ ဓ ဓ ဓ ဓ (သော) | ...ပစ္ဆိမ |
| အစစ် (ခ) | ပဋိ ဘ-ဓ ဓ ဓ ဓ ဓ ဓ (အဆုံးစွန်) | (သော-ဂုတ်) ဓ ဘင် န ဒ မ ဓ ဓ ဓ ဓ ဓ (ဥ) | ...ပစ္ဆိမ |
| အတု (က) | ပဋိ ဘ-ဓ ဓ ဓ ဓ ဓ ဓ (အဆုံးစွန်) | (ဥ-ဂုတ်) ဓ ဘင် န ဒ မ ဓ ဓ ဓ ဓ ဓ (သော) | ...စုတိ |
| (ခ) မိမိ-ဘုံမဖြစ်ပြန်-တို့တွင် | ပဋိ ဘ-ဓ ဓ ဓ ဓ ဓ ဓ (အဆုံးစွန်) | (သော-ဂုတ်) ဓ ဘင် န ဒ မ ဓ ဓ ဓ ဓ ဓ (ဥ) | ...စုတိ |
| မိမိဘုံဖြစ်ပြန်-အုံ | ပဋိ မှ စုတိတိုင်အောင် | | မဖြစ်ပြန် ည ဥ-စ |
| ဖြစ်ပြန် ည ဥ-စ ကား ဓိဝိတ သာရ၊ | | ဓိ-သော-ဥ-သဒ္ဓိမနိ(၈)ပါး(သော-ဥတစ်လှည့်စီ) | ဖြစ်လတ္တံ့မရ |
| ဓိ-သော-ဥ-သဒ္ဓိ ၅ - မနိ (၉) ပါး | | (၁-ဖက်ရဝိဘင်း,အရကောက်များ ပုဂ္ဂလနှင့်တူပြီ၊ဘုံသတ်ရုံသာ) | |

၂-ဖက်ရ ဝိဘင်းများ။ "ကြွတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ" ဟုထုတ်။

မှတ်ချက် - အစစ် 'သော' ရလျှင် အတုလည်း 'သော' သာရသည်။ (ဥပေက္ခာလည်း နည်းတူပင်)

အရကောက်နည်း - ဇီဝိတမူမှ စ၍ ၂-ဖက်ရ တိုင်း၌ -- ပုံသေကောက်ရန်

(အစစ်) ကျွတ်ထိုက်သော တိပုံ၊ ရိ-၈၊ စတု-၄၊ (အပါယ်ကြဉ်) ပဉ္စ၂၂-ဘုံ၊

(အတု) မကျွတ် ကျွတ်ပုံ၊ အမ-၃၊ အဖ-၃၊ စတု-၄၊ (အကနိဋ္ဌကြဉ်) ပဉ္စ၂၅-ဘုံ၊

(ဖြစ်ပြန်) မကျွတ် ကျွတ်ပုံ၊ အမ-၃၊ အဖ-၃၊ စတု-၄၊ (သုဒ္ဓါ-ကြဉ်) ပဉ္စ၂၁-ဘုံရ၏-ဟုကောက်။

ဝါရတွဲသောအခါတွင်လည်း ယခု ကောက်သည့်အတိုင်းပင် ပုဂ္ဂိုလ်, ဘုံသတ်ပါ။(ပုံသေ)

(ဓိ+သော)လုံ-နု ၁-ဖက်ရ။ ဥ-ဖြင့် ပရိ-ပြု-အုံ-ဆုံးသောမှပစ္ဆိမ-အနန္တရတိုင် ကျွတ်တိပုံ၊ ရိ၈၊ ၄၊ ၇၊ ဝေ၊ သု၅။ မိမိဘုံ နောင်မဖြစ်ပြန်-တို့တွင် ဥ-ဖြင့်စုတေ-အုံ-အဆုံးသောမှ စုတိ၏အနန္တရတိုင် - မကျွတ်ကျွတ်-၄၊ ၃၊၃။ ၄၊ ၁၁၊ ဝေ၊ သုဒ္ဓသီ-တိုင် သုဒ္ဓါ-၄ဘုံ။ အသညဘုံ၌ နောင်ဖြစ်ပြန်-သုပု-တို့အား ည ဘုံရ၏။

(ဓိ+ဥ) လုံ-နု ၁-ဖက်ရ။ သော-ဖြင့် ပရိ-ပြု-အုံ-ဆုံးဥ-ဂုတ်မှစ၍ ပစ္ဆိမ-အနန္တရတိုင်အောင် ရ-ဖ ၇၊ ၉ဘုံ၊ မိမိဘုံ နောင်မဖြစ်ပြန်-တို့တွင် သော-ဖြင့်စုတေ-အုံ-ဆုံးဥမှ စုတိ၏အနန္တရတိုင် မကျွတ်ကျွတ်ပု၃၊၃။ ၇၊ ၉ ည။

http://www.dhammadownload.com



### ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလောကာသ (ဇီဝိတမူ ဗှစ၍ ပညာမူတိုင်)

ဝီထိဇယားဖြင့် ဆိုရမည်။ ရိုးရိုးသုဒ္ဓဖြစ်လတ္တံ့ရသည်ကို ကြေညက်အောင် သဘောကျပြီးမှ ဝါရတွဲကို လေ့လာပါ။ ဇယား၌ ဝီထိ (စစ်+တု) ၄-မျိုး ရှိသည်။

ဇီမူ+သောမူလီ=ဇီဝိတဖြစ်ဆဲအရ ပဋိ-မှစ၍ပစ္ဆိမ (စုတိ)တိုင်အောင် အသညဥပါဒ် အပါအဝင်ဥပါဒ် အားလုံးရသည်။ သောမနဿဖြစ်လတ္တံ့လိုက်သော် ဥပေက္ခာပစ္ဆိမနှင့် စုတိ တို့မလိုက်နိုင်သည့် ၁-၂ အပိုင်းရှိ ဥပါဒ်နှင့် အသညဥပါဒ်တို့ကို တစ်ဖက်ရ ပုဂ္ဂလ အတိုင်းဝိဘင်းထုတ်၍ (ပုဂ္ဂိလ်,ဘုံ ရိုးရိုးသုဒ္ဓ အတိုင်းပင်) ဥပါဒ်ကိုသာ ကောက်ပါ။ ၂-ဖက်ရ၌ ဝိဘင်းကို "ဣတရေသံ စတု၊ ပဥ္စဝေါကာရံ ဥပပဇ္ဇန္တာနံ, ပဝတ္တေ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ" ဟုထုတ်၍၊ (ပဋိ-ပဝတ္တိ)၂-ခွဲကာ-- "ပဋိ ၁၉။ပ။ဘုံ၊ ပဝတ္တိအခါ သော-ဖြင့် ပရိ-အံ့--(ဝီထိအတိုင်းအစစ် ကောက်)။ အတုကောက်သော် "ပဋိ-နောင် ပဘဝင်မှ စ၍ စုတိ၏အနန္တရတိုင်အောင် " စသည်ကောက်ပါ။

သောမနဿမူ-၌ ပွန်+နာ ပုဂ္ဂလအတိုင်းပင် (နိရောဓ+ည)တို့ကိုဖြုတ်၍ ဝိဘင်းထုတ်၊ ရသင့်သည်အား လျော်စွာ ဝီထိအလိုက်ကောက်ပါ။ (ပုဂ္ဂိလ်,ဘုံ ရိုးရိုးသုဒ္ဓ အတိုင်းပင်)ဖြစ်၍ ရိုးရိုးသုဒ္ဓကျေပြွန်ပါက အခက်အခဲမရှိ သက်သာလွယ်ကူစွာ နားလည်မည်။

### အတီတာနာဂတ ပုဂ္ဂလောကာသ (ဇီဝိတမူ ဗှစ၍ပညာမူတိုင်)

ဇီဝိတမူမှစ၍ ကျန်မူ မူလီများ ဝီထိဇယားဖြင့် ဝိဘင်းထုတ်အရကောက်ရမည်။ ဇီဝိတမူ၌ ဝီထိဇယားရှိ တရားများပစ္ဆိမဘဝိကအပါအဝင်အားလုံးဖြစ်ဖူးရသည်။ သံသယ အနာဂတမရသော တရားများကို တစ်ဖက်ရထုတ်၍ အနာဂတ်ရသောတရားများ နှစ်ဘက်ရထုတ်ပါ။

ဇီဝိတမူတစ်ခုလုံး နိက် ၌ 'ပါဠိဂတိ' ချည်း နောက်ကြိယာကြည့်ထုတ်ပါ။

၁၊ အနာဂတ်ဇယား၊ အတိတ်ဘက်ကအကုန်ရ၍၊

၂၊ အတိတ်ဇယားတွင် အနာဂတ်ဘက်က အကုန်ရသည်။ (ဓမ္မယမက ကပင်ဤသဘောများပါခဲ့ပြီ)

သောမနဿမူ၌ အသညမှတပါး အားလုံးဖြစ်ဖူးရ၍ အနာဂတ်မရသောတရားများတစ်ဖက်ရ၊ ရသော တရားများ ၂-ဖက်ရထုတ်ပါ။ ယခုမူနှင့် ကျန်မူများအားလုံး နိက် ၂-ဖက်ရကို 'အသညသတ္တာနံ'-ဟုထုတ် ပါ။ ညွှန်ပြချက်များကို စနစ်တကျလေ့လာပါလေ။

တီ+နာ ပုဂ္ဂလ တုံးက အနာဂတပုဂ္ဂလရှိတရားများ အတိတ်ဘက်ဖြစ်ဖူးရခဲ့၏။

တီ+နာ ပုဂ္ဂလောကာသ မှာတော့ စက္ခုမူမှာ ကာမ,ရူပတန်းရှိ ပစ္ဆိမဘဝိက များပါ တရားကုန်ဖြစ်ဖူး ရ၏။ ဃာန,ဣတ္ထိ, ပုရိသမူမှာတော့ ကာမတန်းရှိတရားကုန်ရ၏။ ဤသို့ဆိုင်ရာသာ အကုန်ဖြစ်ဖူးရကြ၍ ဇယားရှိ တရားများ (ပုဂ္ဂလောကာသ)သဘောအရ'ဆိုင်ရာဆိုင်ရာ'သာဖြစ်ဖူးရ၏။ အကုန်မရဟု နေရာ တိုင်း ဤသို့ချည်းမှတ်ပါ။

ယခုဖော်ပြခဲ့ပြီး ဝိဘင်းထုတ်အရကောက်ကြံဆနည်းအတိုင်းလေ့လာပါလျှင် ယမိုက်တတ်မြောက်ရန် သေချာပါသည်။

အတီတာနာဂတ ပုဂ္ဂလောကာသ ပြီးပြီ။

http://www.dhammadownload.com



## ဣန္ဒြိယ ပရိညာဝါရ

| ဣန္ဒြေ | ကြိယာ | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | နိက် |
|---|---|---|---|---|---|
| စက္ခာဒိ ၁၈ | ပရိဇာနာတိ | အရဟတ္တမဂ္ဂဋ္ဌာန် | အရဟတ္တဖလဋ္ဌာန် | ကျွတ်ပုံ - အ-မ ၃ / အ-ဖ ၃ | မကျွတ်ပုံ |
| ဒေါမနဿိ | ပဇဟတိ | အနာဂါမိမဂ္ဂဋ္ဌာန် | နာ-ဖ၊ အရမဂ်၊ ရဖ | ကျွတ်ပုံ - အ-မ ၂ / အ-ဖ ၂ | (မကျွတ်ထိုက် |
| အနညာတည | ဘာဝေတိ | သော-မဂ္ဂဋ္ဌာန် | အထက်မဂ်-၃ ဖ - ၄ | ကျွတ်ထိုက် ပုံ | ကျွတ်ထိုက်ပုံထုံ- ကို |
| အညိန္ဒြိယ | ဘာဝေတိ | အထက်မဂ်-၃ | အရဟတ္တဖလဋ္ဌာန် | ကျွတ်ပုံ - အ-မ ၃ / အ-ဖ ၃ | အနာဂတ်ပါမှ ခွဲပါ) |
| အညာတာဝိ | သစ္ဆိကရောတိ | အရ-ဖ (၁) | အရ-ဖ (၂) | ကျွတ်ပုံ - မ ၄ / အ-ဖ ၃ | |

(၁)ယော အဂ္ဂဖလံ သစ္ဆိကရောတိ=အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုံ-ရ၏။
(၂)ယော အဂ္ဂဖလံ သစ္ဆာကာသိ = ။ ။ မှတစ်ပါး
သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ (အညာတာဝိန္ဒြေ-၌ခွဲရန်)

ဤ ဣန္ဒြိယ ပရိညာ၌ ဣန္ဒြေ ၂၂-ပါးလုံးကိုဟော၏။ (အတိတ်စသည်လိုက်၍ ကြိယာထားပါ)

**ပရိညာမှတ်တာတ်ရန်** (ပု- သောမ,ဖ၊ သကဒါမ,ဖ၊ အနာ မ,ဖ၊ အရဟ မ,ဖ) ပုဂ္ဂိုလ်များစဉ်၍ထားပါ။
စက္ခုန္ဒြေ ပိုင်းခြား၍သိဆဲအရ = ပု၊ မ ဖ၊ မ ဖ၊ မ ဖ၊ (မ)ဖ၊ (သင်္ဂဟမဂ်ပယ်စဉ်ဖြင့်လည်းစဉ်းစားနိုင်)
ဒေါမနဿိန္ဒြေပယ်ဆဲအရ = ပု၊ မ ဖ၊ မ ဖ၊ (မ)ဖ၊ မ ဖ၊ (အနညာ,အညာတာဝိတို့၌လည်း နည်းတူသိ)
လက်ရှိ ပစ္စုပ္ပန် အရကောက်ထားသော ဝိုင်းထားသော ပုဂ္ဂိုလ်၏ (ညာဘက်ရှိ)အထက် ပုဂ္ဂိုလ်များကို အတိတ်ကဟော၍၊ (ဘယ်ဘက်ရှိ) အောက် ပုဂ္ဂိုလ်များကို အနာဂတ်ကဟောမည်။(ဇယားနှင့်ယှဉ်ကြည့်)
၁။ယော၊ သည်။ အဂ္ဂဖလံ၊ အရဟတ္တဖိုလ်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုဆဲ။ သစ္ဆာကာသိ၊-ပြုပြီ။

**မူကွဲများ** -- ဤ ဣန္ဒြိယ ပရိညာ၌ - -

**၁။ ပါဠိတော် မူကွဲ။**

**၂။ အရကောက် မူကွဲ**ဟု ၂-မျိုးရှိသည်။

ပါဠိတော်မူကွဲ၌ ၁၃၃၂-ခုနှစ်၊ ဆဋ္ဌမူနှင့် ကျန်အကြိမ်များ ဆဋ္ဌမူတို့ အနည်းငယ်ကွဲနေသည်။
၁၃၃၂-ခုနှစ်၊ ဆဋ္ဌမူ၌ --
ယော စက္ခုန္ဒြိယံ ပရိဇာနိဿတိ၊ သော အညိန္ဒြိယံ ဘာဝေဿတီတိ၊ ဒွေ ပုဂ္ဂလာ၊ (၁-ဖက်ရ)။ ပဉ္စပုဂ္ဂလာ၊ ဟု (၂)ဖက်ရ- ထုတ်ထားသည်။

**ဟောကြားပုံ စနစ်များ--**

ဤဣန္ဒြိယ ယမက၌ ပစ္စုပ္ပန္နဝါရ, အတီတဝါရ ၂-ဝါရမှ ဟောသမျှမှ ကြွင်းသော ပုဂ္ဂိုလ်များကို အနာဂတ ဝါရကသိမ်းကြုံးဟော၏။ ဤစနစ် အရ အညိန္ဒြိယ ၌လည်း ၁၃၃၂-ခုနှစ်ရိုက် ဆဋ္ဌမူ၌ ဖော်ပြပါ အတိုင်း ဝိဘင်းရှည်ထွက်သည်။

http://www.dhammadownload.com



**အများသုံး ကျန်အကြိမ် များ၌ --**

ယော စက္ခုန္ဒြိယံ ပရိဇာနိဿတိ၊ သော အညိန္ဒြိယံ ဘာဝေဿတီတိ၊ အာမန္တာ၊

အရကား (- ကျွတ် ပု၊ အမ-၃၊ အဖ-၃)ရ၏။

အညိန္ဒြေ၏ အနာဂတဝါရ အရ၌--(ကျွတ် ပု၊ အမ-၃၊ အဖ-၃) ရထားသည်။ အလယ်မဂ္ဂဋ္ဌာန်၂-ယောက်ကို ပစ္စုပ္ပန်က ဟောခဲ့ပြီး ဖြစ်သော်လည်း (အရဟတ္တမဂ်အလို့ငှာ ပွါးများရဦးမှာဖြစ်လို့) အနာဂတဝါရ၌ ထပ်မံ၍ဟောရမည်၊ သို့မှလည်း သဘာဝကျမည်။ (ဤအချက်ကွဲပြားနေသည်)

**အရကောက်မှုကွဲ** -- အရကောက်မှာလည်း

၁၊ မူရင်း ထန်းတစ်ပင် ဆရာတော်၏ အရကောက်၊

၂၊ မစိုးရိမ်ဆရာတော်ကြီး၏ အရကောက်သစ်-ဟူ၍ ၂-မျိုးရှိသည်။

**သတိထားတော်မူ**- ဤဝါရမျိုး မေးပါက မည်သည့်မူနှင့်မှန်ပါစေ၊ အမှတ် ပေးရန်လိုအပ်လှ၍ ၂-မျိုးကွဲသော နေရာကို မေးမိပါက အဖြေ၂-မျိုးပေးရမှာဖြစ်သည်။

ပစ္စုပ္ပန် အနုလုံ ဝိဘင်းထုတ်နည်း-

**ပစ္စုပ္ပန် နိက် ၂-ဖက်ရ။** ။အနုလုံ ၁-ဖက်ရ နှစ်ခုတွင် မဂ်များသာ ထုတ်ခဲ့လျှင် -- ပစ္စနိက်၂-ဖက်ရ၌ "ဒွေ၊ တယော၊ စတ္တာရော မဂ္ဂသမင်္ဂိနော ဌပေတွာ အဝသေသာ ပုဂ္ဂလာ" စသည်ဟောမည်။

သော-မဂ်နှင့်ကျန်ဖိုလ်များတို့တွဲဖက်၍ဟောပါက"အဋ္ဌမကဉ္စ အရဟန္တဉ္စဌပေတွာ အဝသေသာပုဂ္ဂလာ' စသည်ဖြင့် မဂ်နာမည် ဖိုလ်နာမည်ဖော်၍ဟောမည်။(သော-မဂ်ကို "အဋ္ဌမက"ဟုခေါ်သည်၊ နှာ၃၁ရှု)

**ဗဟုဝုစ်**။ ပုဂ္ဂိုလ်များက"ပရိဇာနန္တိ၊ ပဇဟန္တိ၊ ဘာဝေန္တိ၊ သစ္ဆိကရောန္တိ - ဟုဝါရသို့လိုက်၍ ဗဟုဝုစ်ဖြင့် ဟောပါလေ။ အတီတဝါရ၊ အနာဂတဝါရ တို့၌ ပုဂ္ဂိုလ်များကို "ဒွေပုဂ္ဂလာ၊ ဆပုဂ္ဂလာ" စသည်ဖြင့် သင်္ချာတပ်၍ ဟောမည်။ ကြိယာကိုလည်း ပုဂ္ဂိုလ်နည်းများနှင့် အတိတ်, အနာဂတ်လိုက်ထုတ်ပါလေ။

အညာတာဝိန္ဒြေ-၌ အရဟတ္တဖလဋ္ဌာန် (၁) (၂) ရှိရာ (၁) မှာ အရဟတ္တမဂ်ကိုရပြီးစ အစဆုံးဖိုလ်ကိုယူ၍၊ (၂) အတွက် ကျန်ဖိုလ်များကိုယူရမည်။ ထို့ကြောင့်ပင် ဖော်ပြပါအတိုင်းဆိုရိုးပြုရသည်။

**ပစ္စုပ္ပန်** (အနညတညဿာမီတိန္ဒြိယ + အညိန္ဒြိယ)

၁။ အနုလုံ ၌ "နော"ချည်းထုတ်။ (နု-သော-မဂ်ရ၏။ ပဋိ-အထက် ၃-ခုရ၏)

၂။ နိက်နု ၁-တယော မဂ္ဂသမင်္ဂိနော။ (အထက်မဂ် ၃-ခုရ၏)

၃။ ။ ၂-စတ္တာရော မဂ္ဂသမင်္ဂိနော ဌပေတွာ အဝသေသာ ပုဂ္ဂလာ။ (ပု, ဖ-၄)(ဤတစ်ခုသာရှိ၏)

၄။ ။ ပဋိ ၁-အဋ္ဌမကော။

**အနညတညဿာမီတိန္ဒြိယ+ အညာတာဝိ**

၁။ အနုလုံ -"နော" ချည်းထုတ်။ ၂။ နိက် နု ၁-ယော အဂ္ဂဖလံ သစ္ဆိကရောတိ။

၃။ ။ ၂- အဋ္ဌမကဉ္စ အရဟန္တဉ္စ ဌပေတွာ အဝသေသာ ပုဂ္ဂလာ။ (မဂ်နှင့်ဖိုလ်တွဲထုတ်ပုံ)

၄။ ပဋိ ၃- အဋ္ဌမကော။

F. 13. A

http://www.dhammadownload.com



**မေး၊** အဘယ်ကြောင့် အဋ္ဌကထာဆရာမြတ်တို့သည် သတ္တပုဂ္ဂလာ, အဋ္ဌပုဂ္ဂလာ သင်္ချာဖြင့်ဆိုပါသနည်း။
**ဖြေ၊** အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့်ပြည့်စုံသော ရဟန္တာမှတစ်ပါးသော ပုဂ္ဂိုလ်ကိုသာအလိုရှိအပ်သောကြောင့် သင်္ချာကို နှစ်သက်တော်မူ၍ သတ္တပုဂ္ဂလာ, အဋ္ဌပုဂ္ဂလာ စသည်ဖြင့်ဆိုရပါသည်။(ကောက်-၅၉၇)

မေး။ ယော ဝါ ပန အညိန္ဒြိယံ ဘာဝေတိ၊ သော စက္ခုန္ဒြိယံ ပရိဇာနာတီတိ ကို (က) ပါဠိတော်အလို၊ (ခ)အရကောက် အလိုအားဖြင့် အကြောင်းပြ၍ ခ-ကိုအကြောင်းပြလျက် ဝိဘင်းထုတ် ကောက်ပြပါ။

ဖြေ။ (က) ဒွေ ပုဂ္ဂလာ အညိန္ဒြိယံ ဘာဝေန္တိ နော စ စက္ခုန္ဒြိယံ ပရိဇာနန္တိ၊ အဂ္ဂမဂ္ဂသမင်္ဂီ အညိန္ဒြိယဉ္စ ဘာဝေတိ စက္ခုန္ဒြိယဉ္စ ပရိဇာနာတိ။ အရကား= သကဒါဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်ရ၏။ အရဟတ္တမဂ္ဂဋ္ဌာန်လည်းရ၏။

(ခ) ဝိဘင်းကား - အာမန္တာ။ အရကား အရဟတ္တမဂ္ဂဋ္ဌာန်ရ၏။ သံသယဒင်းရ၏။ ပရိညာဟူက အထွက်အမြတ်ကို ဟောသောကြောင့် "အာမန္တာ" ဟု ပဋိဝစနဖြင့်ဖြေတော်မူ၍ အရဟတ္တမဂ်ကို ကောက်ရပါသည်။

**မှတ်ချက်**။ ပစ္စုပ္ပန် = စက္ခု+အနညတည။ ဒေါ+အနညတည မူလီ၂-ခု၏ နိက်၂-ဖက်၌သာ "ဒွေ မဂ္ဂသမင်္ဂီနော ဌပေတွာ အဝသေသာ ပုဂ္ဂလာ" ဟု ဝိဘင်းထုတ်သည်။

**အတီတဝါရ** (စက္ခု+ဒေါမန)

၁။ နုလုံ - နု "အာမန္တာ"။ ၂။ ။ - ပဋိ - ဒွေပုဂ္ဂလာ။ ။အရဟာ။ နိက်၂-ဖက်ရ= ဆပုဂ္ဂလာ။

စက္ခု+အညာတာဝီ ။ (အညိ+အညာတာဝီ)

၁။ နုလုံ-နုဝ-ယော အဂ္ဂဖလံ သစ္ဆိကရောတိ။(ယော၊ သည်။ အဂ္ဂဖလံ၊ အရဟတ္တဖိုလ်ကို။သစ္ဆိကရောတိ
။ ၂-ယော အဂ္ဂဖလံ သစ္ဆာကာသိ။ (မျက်မှောက်ပြုဆဲ။ သစ္ဆာကာသိ၊ မျက်မှောက်ပြုပြီ)
ပဋိ-အာမန္တာ။ ။နိက်= အဋ္ဌပုဂ္ဂလာ။

**မှတ်ချက်**။ ဒေါ+အညာတာဝီ။ အနညတည+အညာတာဝီ-ဟူသော မူလီ၂-ခုဝယ် အနုလုံ၂-ဖက်ကို ပါဠိတော်၌ "အရဟာ" ဟုဟော၍ အရကောက်သစ်/ဟောင်း ၂-မျိုးလုံး၌ "**ယော အဂ္ဂဖလံ သစ္ဆာကာသိ**"ဟုရှိသည်။

**အနာဂတဝါရ** (စက္ခု+ဒေါ)

နုလုံ = ဒွေပုဂ္ဂလာ။ ပဉ္စပုဂ္ဂလာ။ ပဋိ - "အာမန္တာ"။
နိက်=တယော ပုဂ္ဂလာ၊ (မက္ခတ်ပု, ရမဂ်, ရဖိုလ်) အနာဂတ်ပါလျှင် ပုထုဇဉ်ကို(မက္ခတ်၊က္ခတ် ၂-မျိုးခွဲပါ)

(စက္ခု+အနညတည)

နုလုံ = ဆပုဂ္ဂလာ။ ယေ ပုထုဇ္ဇနာ မဂ္ဂံ ပဋိလဘိဿန္တိ တေ။ ပဋိ=အာမန္တာ။
နိက် = တယော ပုဂ္ဂလာ။ (မက္ခတ်ပု၊ ရမဂ်၊ ရဖိုလ်)

**အတီတာနာဂတဝါရ** (အနညတည+အညတာဝီ)

နုလုံ = အရဟာ။ ဆပုဂ္ဂလာ။ ပဋိ=ဒွေပုဂ္ဂလာ။ (က္ခတ်ပု၊ သောမဂ်)
နိက် = ယေ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေ-ဟု နှစ်ဖက်ရထုတ်ပါ။

**မှတ်ချက်**။ ။ အနာဂတပါဝင်သော ဝါရများ၌ ပုထုဇဉ်ကို (က္ခတ်-မက္ခတ်)၂-မျိုးခွဲ၍ဟောပါလေ။

http://www.dhammadownload.com



# အဓိပ္ပါယ် ကဏ္ဍ

## သင်္ခါရ ယမိုက် အဓိပ္ပါယ်

ကာယသင်္ခါရ-ဟူသည် စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓါတ်တည်း။ (အရကောက် ၁၀၄)

### ကာယသင်္ခါရဝယ် သင်္ခါရပုဒ်ဝစနတ္ထ နှင့် ဉာဉ်ကောက်

သံကရီယတေတိ သင်္ခါရော၊

သံပုဗ္ဗကရဓါတ်အရ ကတ္တုတ္ထကြိယာ- စတုသမုဋ္ဌာနိကရုပ်-ဟု ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ၏ ဥပါဒ်သည် မုချအားဖြင့်ရ၏။

ကမ္မဋ္ဌကြိယာကား - ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသတို့၏ ဥပါဒ်သည် ကာရဏူ ပစာရတ္ထအားဖြင့်ရ၏။

ဏ-ပစ္စည်းအရကား ထိုကာရဏူပစာရတ္ထအားဖြင့် မှတ်အပ်သော ဥပ္ပါဒဝန္တဖြစ်သော အဿာသ ပဿာသ ဖြစ်သော စိတ္တဇဝါယောဓာတ်ရ၏ (အရကောက် ၁၀၄)

### ကာယသင်္ခါရ ဝစနတ္ထနှင့်အရ ကာယေန သင်္ခါရော ကာယသင်္ခါရော

အရကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓါတ်ရ၏။

ကရဇကာယသည် ပြုပြင်အပ်သောကြောင့် ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသ-ဟု ဆိုအပ်သော စိတ္တဇဝါယောဓါတ်သည် ကာယသင်္ခါရမည်ပါသည်။

**မုစ္ဆာကာလ**-ဟူသည် ရေမွန်းစဉ် သစ်ပင်ထက်မှကျစဉ် မြားဆိပ်အစရှိသည်ဖြင့် သေစဉ်ကို ဆိုသည်။

### အဿာသ ပဿာသ ကင်းသော ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွပြဆိုခြင်း

၁။ ရေ၌နစ်မြုပ်သောပုဂ္ဂိုလ်၊ အမိဝမ်းတွင်း၌ကိန်းသောပုဂ္ဂိုလ်တို့အား နိရောဓာကာသ (ချုပ်ပြီးသော အာကာသ ရှိသည်)၏ အဖြစ်ကြောင့်လည်းကောင်း။

၂။ စုတေသော(သေသော) ပုဂ္ဂိုလ်၊ အသညသတ်ဘုံ၌ ဖြစ်သောပုဂ္ဂိုလ်၊ နိရောဓ သမာပတ်ဝင်စားခိုက်သော ပုဂ္ဂိုလ်တို့အား အဿာသပဿာသကို ဖြစ်စေတတ်သော စိတ်မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။

၃။ မုစ္ဆာကာလ၌ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား စိတ်ဖြစ်မှုအားနည်းသောကြောင့် လည်းကောင်း။

၄။ စတုတ္ထစျာန်ဝင်စားခိုက်သောပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်တို့အား ဓမ္မတာ၏ အစွမ်းအားဖြင့်လည်းကောင်း၊ အဿာသ ပဿာသ မဖြစ်တည်း။

**ကေစိဝါဒအလို** - စတုတ္ထစျာန်ဝင်စားခိုက်သောပုဂ္ဂိုလ် ရူပပုဂ္ဂိုလ်တို့၏စိတ်သဏ္ဍာန်သည် အလွန်သိမ်မွေ့ နူးညံ့စွာဖြစ်သောကြောင့် အဿာသပဿာသ မဖြစ်ပါ။

**မှတ်ချက်**။ ။ အထက်ပါပုဂ္ဂိုလ်တို့အတွက် အဓိပ္ပါယ်နှင့်**ဆောင်ပုဒ်**များ နှာ၂၆-၌ရှိသည်။

http://www.dhammadownload.com



## အဋ္ဌကထာ အသီးသီးအလို အဿာသ ပဿာသ ခေါ်ကြောင်းကား

၁။ ဝိနည်းအဋ္ဌကထာအလို ထွက်သက်ကို အဿာသ၊ ဝင်သက်ကို ပဿာသ - ဟု ခေါ်ပါသည်။

၂။ သုတ္တန်,အဘိဓမ္မာအဋ္ဌကထာတို့အလို ဝင်သက်ကို အဿာသ၊ ထွက်သက်ကို ပဿာသ-ဟုခေါ် ပါသည်။

**ဆောင်** = ဝိမှာထွက်-အ၊ ဝင်သက်-ပ၊ သုတ်, အ ပြောင်းပြန်ယူ။

ပါရာဇိကဏ်အဋ္ဌကထာ၌ အမိဝမ်း၌ ကိန်းသောသူတို့အား အမိဝမ်းမှ မွေးဖွားကာစအခါ၌ ထွက်သက် အရင်ဖြစ်ပြီးမှ ဝင်သက်ဖြစ်၏ဟု ဆိုပါသည်။

ထွက်သက်၏အစကား ချက်(အလယ်ကား နှလုံး) အဆုံးကား နှာသီးခေါင်းဖျား၊ နှုတ်သီးဖျားတည်း။ ဝင်သက်၏အစကား နှာခေါင်းဖျား၊ နှုတ်သီးဖျား၊ (အလယ်ကားနှလုံး) အဆုံးကားချက်တည်း၊ (ဝိသုဒ္ဓိမဂ်)။

**တနည်း** ထွက်သက်လေ၏အစကား ချက်၊ အလယ်ကား နှလုံး၊ အဆုံးကား နှာခေါင်းဖျားတည်း၊ ဝင်သက်လေ၏ အစကား နှာခေါင်းဖျား၊ အလယ်ကား နှလုံး၊ အဆုံးကား ချက်တည်း၊ (ပါရာဇိကဏ် အဋ္ဌကထာ)

## ကာယသင်္ခါရ၌ ကာယ

ကုစ္ဆိတာနံ ကေသာဒီနံ အာယောတိ ကာယော-ဟု ဝိဂ္ဂဟပြု၍ စက်ဆုပ်အပ်ကုန်သော ဆံပင်စသည်တို့၏ တည်ရာဖြစ်သောကြောင့် စတုသမုဋ္ဌာနိကရုပ်-ဟု ဆိုအပ်သော ကရဇကာယသည် ကာယမည်၏။

အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည် ကရဇကာယမည်၏။

**(တနည်း)** ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော စတုသမုဋ္ဌာနိကရုပ်သည်။ ကရဇကာယမည်၏။ (ယမကတ္ထ ဒု ၅)

## ဝိနည်းအဋ္ဌကထာအလို ထွက်သက်လေ အဿာသ—ဟု ဆိုကြောင်းကား

အမိဝမ်းမှ အပြင်သို့ ထွက်ခွင့်မရသေးသော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိဝမ်းဗိုက်မှထွက်ခွာ မျှ၌ ထွက်သက်လေသည် ရှေးဦးစွာဖြစ်သောကြောင့် ထွက်သက်လေကို အဿာသ-ဟုဆိုသည်။

## သုတ္တန်အဋ္ဌကထာတို့အလို ဝင်သက်လေကို အဿာသ—ဟုဆိုကြောင်းကား

ပဝတ္တိအခါဘာဝနာကို အားထုတ်သောကာလ၌ ရှေးဦးစွာ ဝင်သက်လေကိုရှုရှိုက်ရ၍ နောက်မှ ထွက်သက်လေကို ထုတ်ရသောကြောင့် ဝင်သက်လေကို အဿာသ-ဟု ဆိုသည်။ (ယမကတ္ထ ဒု ၁၀)

## ယင်းဝါဒနှစ်ရပ်၌ သင့်သောဝါဒကား

သုတ္တန်အဋ္ဌကထာဝါဒသည် 'အဿာသာဒိ မဇ္ဈပရိယောသာနံ (ပ) ဣဋ္ဌိတာစ ဖန္ဒိကာစ' ဟူသော ပါဠိတော်နှင့် ညီညွတ်သည့်အပြင်၊ ဘာဝနာကိုအားထုတ်ရာ၌ ဖြစ်စဉ်ကိုသာအလိုရှိအပ်သောကြောင့် ဝင်သက်လေကို အဿာသ-ဟုဆိုသော သုတ္တန်ဝါဒကိုသာ အသင့်ယူ၍မှတ်ယူပါ။ (ယမကတ္ထ ဒု ၁၀)

## ဝိတက် ဝိစာရတို့ကိုသာ ဝစီသင်္ခါရဟု ဝစီဘေဒသဒ္ဒ၏ အကြောင်းဟူသောအနေဖြင့် ဝိတက္ကဝိစာရာဝစီသင်္ခါရော—ဟု ဘုရားရှင်ဟောခြင်းကား

စကားကို မြွက်ဆိုသောအခါ ရှေးဦးစွာ ကြံဆဆင်ခြင်ပြီးမှ ကြံဆ ဆင်ခြင်သည့်အတိုင်း နှုတ်မြွက် ပြောဆိုရလေသောကြောင့်ဝိတက္ကဝိစာရာဝစီသင်္ခါရာ-ဟုဟောတော်မူပါသည်။ (ယမကတ္ထဒု၁၉)

http://www.dhammadownload.com



**တစ်ပါးသောယမိုက်တို့၌ သရူပကျွာဝါရကို မဟောမူ၍ သင်္ခါရယမိုက်၌သာ သရူပကျွာဝါရကို ဟောခြင်းကား**

ခန္ဓာအစရှိသည်တို့ကို ဝိဘင်းအစရှိသောကျမ်းတို့၌ သရုပ်ထုတ်၍ဟောခဲ့ပြီးဖြစ်သဖြင့် သရုပ်ကို သိစေအပ်ပြီးသောကြောင့် မဟောမူ၍၊ ကာယသင်္ခါရအစရှိသည်တို့ကို ရှေး၌သရုပ်ထုတ်၍ မဟောအပ်သေးသဖြင့် သရုပ်ကိုမသိအပ်သည်ဖြစ်သောကြောင့် ဤသင်္ခါရယမိုက်၌သာ သရူပကျွာဝါရကိုဟောတော်မူပါသည်။ (အရကောက် - ၃၀၇၊ ၆၆၇၊ ၇၆၂)

**အသညသတ်ဘုံ၌ ဝစီသင်္ခါရ မဖြစ်ခြင်းအကြောင်းကား**

အသညသတ်ဘုံသည် ရူပေါကာသဘုံဖြစ်၍ နာမ်တရားတို့၏ ဖြစ်ရာဘုံမဟုတ်သောကြောင့်၎င်း၊ ဝိတက် ဝိစာရမရှိသောကြောင့်၎င်း အသညသတ်ဘုံ၌ ဝစီသင်္ခါရမဖြစ်။

**ဒုတိယဈာန်စသည်တို့၌ ဝစီသင်္ခါရမဖြစ်ခြင်းကား**

ဒုတိယဈာန် စသည်တို့၌ ဘာဝနာ၏အစွမ်းကြောင့် ဝစီသင်္ခါရမဖြစ်ပါ။ (ယမကဋ္ဌ ဒု ၂၀)

**ဒွေပဉ္စဝိညာဉ် တစ်ဆယ်တို့၌ ဝစီသင်္ခါရ မဖြစ်ခြင်းကား**

ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့၌ ဈာနင်ကိစ္စကင်းသောကြောင့် (ဝါ) ဈာနင်ကိစ္စမတပ်သောကြောင့် ဝစီသင်္ခါရ မဖြစ်ပါ။ (ယမကဋ္ဌ ဒု ၂၀)

**အသညသတ်စသောပုဂ္ဂိုလ်တို့၌ ဝစီသင်္ခါရ မဖြစ်ခြင်းကား**

အသညသတ်ပုဂ္ဂိုလ်တို့ကား စိတ်ကိုစက်ဆုပ်ခြင်းစသော နာမဝိရာဂဘာဝနာ၏ အစွမ်းအားဖြင့် နာမ်တရားကို ပယ်အပ်လေသောကြောင့် စိတ်ဖြစ်ခြင်းမရှိ၊ စိတ်ဖြစ်ခြင်းမရှိသောကြောင့် ဝစီသင်္ခါရ မဖြစ်ပါ။

နိရောဓသမာပတ် ဝင်စားခိုက်သောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်တို့အား၊ နာမ်တရားကင်းချုပ်ပြတ်စဲသွားသောကြောင့် ဝစီသင်္ခါရမဖြစ်ပါ။ (ယမကဋ္ဌ-၂၁)

**စိတ္တသင်္ခါရပုဒ်၌ စိတ္တပုဒ်ကို** = အာရမ္မဏံ စိန္တေတိ ဝိဇာနာတီတိ စိတ္တံ-ဟု ဝစနတ္ထပြု၍ စိတ္တအရ စိတ်တစ်ခုယုတ်ကိုးဆယ် အကျယ် တစ်ရာ့နှစ်ဆယ့်တစ်ပါးရ၏။ (ယမကဋ္ဌ ၂၁)

**သင်္ခါရပုဒ်ကို** = သင်္ခရိယတီတိ သင်္ခါရော -ဟုဝစနတ္ထပြု၍ သင်္ခါရအရ ဝိတက်ဝိစာရကြဉ်သော စေတသိက်(၅၀) တို့ကို ရ၏။ (ယမကဋ္ဌ ဒု ၂၁)

စိတ္တဿ သင်္ခါရော စိတ္တသင်္ခါရော-ဝစနတ္ထပြု၍ စိတ္တသင်္ခါရအရ ဝိတက်ဝိစာရကြဉ်သော စေတသိက်(၅၀)တို့ကိုပင် ကောက်ယူရပါသည်။

**စိတ္တသင်္ခါရ**

ဝိတက် ဝိစာရတို့ကို ဝစီသင်္ခါရအဖြစ်ဖြင့် တသီးတခြားယူအပ်လေပြီး ဆိုအပ်လေပြီးဖြစ်သောကြောင့် 'ဌပေတွာ ဝိတက္ကဝိစာရေ'-ဟု ဟောတော်မူပါသည်။

**သညာနှင့် ဝေဒနာကို စိတ္တသင်္ခါရော—ဟု ဟောကြောင်း – –**

**တနည်း သညာစ ဝေဒနာစ စိတ္တသင်္ခါရာ—ဟု ဟောကြောင်းကား – –**

သညာနှင့်ဝေဒနာတို့သည် ခန္ဓာအထူးဖြစ်သောကြောင့် သညာစ ဝေဒနာစ စိတ္တသင်္ခါရော-ဟု ဟောတော်မူပါသည်။ (ကောက်-၃၀၇)

http://www.dhammadownload.com



**ဝေဒနာနှင့် သညာတို့ကို အသီးအခြားအဖြစ် ထုတ်ဆောင်ဟောကြားကြောင်းကား --**

ဝေဒနာသည် ဝဋ္ဋတရားတို့၌ သာယာခံစားသည်၏ အစွမ်းဖြင့်ဖြစ်၏။ သညာသည် ထိုဝေဒနာ သာယာခံစား ချင်အောင် အသုဘ၌ သုဘ-ဟု သညာ ဝိပလ္လာသ၏အစွမ်းဖြစ်၍ သံသရာ၏ပြဋ္ဌာန်းသော အကြောင်းဖြစ်သောကြောင့် အသီးအခြားခန္ဓာအဖြစ် ထုတ်ဆောင်ဟောကြားတော်မူပါသည်။ (ယမကဋ္ဌ ဒု-၂၃)

**စိတ္တသင်္ခါရ-အရ စိတ္တဇရုပ် မကောက်ယူဘဲ ဝိက်ဝိစာရကြဉ် စေတသိက်(၅၀)ကိုသာ ကောက်ယူကြောင်းကား –**

ဝိပါက်နာမက္ခန္ဓာတို့ကိုသာ အထင်ရှားဖြင့် တင်စား၍၊ ဝိပါက်ဟုခေါ်ဆိုဘိသကဲ့သို့စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကို စိတ္တသင်္ခါရအရ ကောက်ယူသင့်သော်လည်း ဝိတက်ဝိစာရကြဉ်သော စေတသိက် (၅၀)တို့ကိုသာ အထင်ရှားဖြင့် တင်စား၍ စိတ္တသင်္ခါရ-ဟု ခေါ်ဆိုလေသောကြောင့် စိတ္တသင်္ခါရ-အရ စိတ္တဇရုပ်ကိုမကောက်ယူဘဲ ဝိတက်ဝိစာရကြဉ် စေတသိက်(၅၀)တို့ကိုသာ ကောက်ယူခြင်းဖြစ် ပါသည်။ (ယမကဋ္ဌ ဒု ၂၅)

သဗ္ဗေ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရာ - ဟု ဘုရားရှင်ဟောတော်မူလျှင်ပြီးကောင်းပါလျက် အဘယ် အကျိုးငှာ အပိသဒ္ဒါထပ်လောင်း၍ သဗ္ဗေပိ-ဟု ဟောတော်မူရပါသနည်း။

သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရာ-ဟု သာမာန်ဟောကြားတော်မူပါမူ အပေါင်းဖြစ်သော စေတသိက်(၅၀)သည်သာ စိတ္တသင်္ခါရမည်သည်မဟုတ်သေး၊ အစိတ်စိတ်ဖြစ်သော စေတသိက်တို့သည်လည်း စိတ္တသင်္ခါရမည်သည်သာလျှင်တည်း ဟူသောအထူးကို ပြတော်မူခြင်းအကျိုးငှာ အပိသဒ္ဒါ ထပ်လောင်း၍ သဗ္ဗေပိ-ဟု ဟောတော်မူပါသည်။

**နိုယံ** ။ ။အပေါင်းနောက်ယိုင်၊ ထိုင်သည့် စ ပိ၊ ရှိသည့် သဒ္ဒါ၊ တည်ရာကြောင်းဟိတ်၊ ခက်ကြိတ်ကြိတ်၊ အစိပ်အစိပ်နေ၊ အပေါင်းနောက်မှာ ထိုသဒ္ဒါ တည်ရာအစိပ်ပေ။ (ယမကဋ္ဌ ဒု ၂၇)

**သုဒ္ဓသင်္ခါရဝါရကို ဟော မဟော ဝိနိစ္ဆယ**

အဋ္ဌကထာဆရာသည် သုဒ္ဓသင်္ခါရဝါရအရာ၌ ကာယသင်္ခါရော ဝစီသင်္ခါရော ကာယသင်္ခါရော ဤသို့စသောအားဖြင့် ဘုရားရှင်ဟောကြားတော်မူသောကြောင့်သာ သုဒ္ဓသင်္ခါရဝါရေ ပန-ဟူ၍ သဒိသူပစာအားဖြင့် ဖွင့်ဆိုတော်မူခြင်းဖြစ်ပေသည်။ သုဒ္ဓသင်္ခါရဝါရအစစ်ကို ဘုရားရှင်ဟောတော်မူသောကြောင့် သုဒ္ဓသင်္ခါရဝါရပနဟူ၍ ဖွင့်ဆိုခြင်း မဟုတ်ပါ။ ထို့ကြောင့် သုဒ္ဓသင်္ခါရဝါရစစ်စစ်ကို ဘုရားရှင် ဟောကြားတော်မမူဟူ၍သာ မှတ်သားအပ်၏။ သို့ဖြစ်၍ သင်္ခါရယမိုက်ဆိုရိုး၌ သုဒ္ဓသင်္ခါရ အရာ၌တည်သောကြောင့် သုဒ္ဓသင်္ခါရဝါရလည်းမည်ကောင်းပါသော သုဒ္ဓသင်္ခါရဝါရအားဖြင့်-ဟု အရကောက်ဆရာတို့ မိန့်ဆိုတော်မူလေသည်။ (ယမကဋ္ဌ ဒု ၂၉)

**မေး**၊ အဿာသပဿာသတို့သည် စိတ်ကြောင့်ဖြစ်ကုန်ရကား "အဿာသပဿာသာ စိတ္တသင်္ခါရော" ဟုဟောသင့်ပါလျက် အဘယ်ကြောင့် 'အဿာသပဿာသာ ကာယသင်္ခါရော' ဟုဟောရပါသနည်း ဥပမာသွင်းလျက် ဖြေပြပါ။ (၁၉၉၉-ခု၊ ဗဟို၌ မေးဘူး)

**ဖြေ**။ပဋိသန္ဓေအခါ ကမ္မဇရုပ်တို့သည် ကံကြောင့်ဖြစ်ကုန်သော်လည်း ပဋိသန္ဓေစိတ်နှင့်စပ်၍ ဖြစ်ကုန်သကဲ့သို့ အဿာသ ပဿာသတို့သည် စိတ်ကြောင့်ဖြစ်ကုန်သော်လည်း (ဝါ) စိတ္တဇဝါယောဓါတ်ဖြစ်ကုန် သော်လည်း ကရဇကာယနှင့် စပ်၍ဖြစ်ကုန်သောကြောင့် စိတ္တဇဖြစ်ပါလျက်စိတ္တသင်္ခါရော-ဟု မဟောမူ၍ အဿာသပဿာသာ ကာယသင်္ခါရော-ဟု ဆိုရသည် (ဝါ) ဟောရသည်။

http://www.dhammadownload.com



မေး။ ရူပ အရူပပြဟ္မာကြီးများ(အသက်ရှူရှိုက်မှု ရှိ/မရှိ) ကာယသင်္ခါရဖြစ်မဖြစ် အကြောင်းပြဖြေပါ။

ဖြေ။ ရူပဘုံ အရူပဘုံ စတုတ္ထစျာန်တို့၌ ဓမ္မတာ၏အစွမ်းအားဖြင့် (ဝါ) အစွမ်းကြောင့် ကာယသင်္ခါရ မဖြစ်ပါ။ (အသက်ရှူရှိုက်မှု မရှိပါ)

**ဒွေပဉ္စဝိညာဉ် ၁၀ စသည်၌ ကာယသင်္ခါရမဖြစ်ခြင်း**

ဒွေပဉ္စဝိညာဉ် တစ်ဆယ်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စမျှသာဖြစ်ပြီး ဝင်စားအပ်သော သဘောမရှိ သောကြောင့် ကာယသင်္ခါရမဖြစ်ပါ။ (ယမကတ္ထ ဒု ၁၄)

မဟဂ္ဂုတ်ဝိပါက်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စမျှသာဖြစ်ပြီး၊ ဝင်စားအပ်သော သဘောမရှိသောကြောင့် ကာယသင်္ခါရမဖြစ်ပါ။

ဝစီသင်္ခါရ - ဟူသောပုဒ်၌ သင်္ခါရပုဒ်ကို သင်္ခရောတီတိ သင်္ခါရော-ဟု ဝစနတ္ထပြု၍ သင်္ခါရအရ ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သော ဝိတက်၊ ဝိစာရ တို့ကို ကောက်ပါ။

ဝစိယာ သင်္ခါရော ဝင်သင်္ခါရော-ဟူသော ဝစနတ္ထအရ ဝစီဘေဒသဒ္ဒကို ပြုပြင်တတ်သော ဝိတက် ဝိစာရသည် ဝစီသင်္ခါရမည်ပါသည်။ (အရကောက် ၃၀၅)

**သင်္ခါရယမိုက်၌ ပစ္စုပ္ပန်စသော ကာလဘေဒကို အသောက်ဝိဘင်းပြ၍ ပိုင်းခြားပြပါ**

အောက်ခန္ဓယမိုက်စသည်၌ကဲ့သို့ ပစ္စုပ္ပန် စသောကာလဘေဒကို စုတိ၊ ပဋိသန္ဓေတို့၏ အစွမ်းအားဖြင့်သာ ပိုင်းခြားပြသည်မဟုတ်သေး၊ "အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ" ဤသို့စသည်ဖြင့်ဟောကြားတော်မူသည်ကို **ထောက်၍** ပဝတ္တိ၏ အစွမ်းအားဖြင့်လည်း ပစ္စုပ္ပန်စသော ကာလ ဘေဒကို ပိုင်းခြားပြဆိုရသေးသည်ဖြစ်သောကြောင့် အောက်ခန္ဓယမိုက်စသည်တို့၌ ကာလပိုင်း ခြားပုံနှင့်မတူ ထူးသည်ဟုမှတ်ပါ။ (ယမကတ္ထ ဒု-၄၁)

**သင်္ခါရသုံးပါး နှင့် ကာလ**

၁။ ကာယသင်္ခါရသည် ပဋိသန္ဓေအခါ စုတိအခါ၌မဖြစ်၊ ပဝတ္တိအခါ၌သာ ဖြစ်ထိုက်သည် အားလျော်စွာဖြစ်ပါသည်။

၂။ ဝစီသင်္ခါရ စိတ္တသင်္ခါရ-တို့သည် ပဋိသန္ဓေ, ပဝတ္တိ, စုတိ အခါအားလျော်စွာဖြစ်ကုန်၏။ထိုတွင်ဝစီသင်္ခါရသည် သဝိတက္ကသဝိစာရစိတ် ဥပါဒ်တိုင်းဖြစ်၏။ စိတ္တသင်္ခါရသည် စိတ်ဥပါဒ်တိုင်းဖြစ်၏ စုတိစိတ်၏ဘင်သည် စုတိအခါမည်၏။ ထိုစုတိအခါ၌ စိတ္တသင်္ခါရချုပ်ဆဲသာရ၍ဖြစ်ဆဲမရ။

**ပထမစျာန်ဇောု (၂၀)**

ပဉ္စကနည်းလာ ပထမစျာန် ဒုတိယစျာန် နှစ်ပါးကို တစ်ပေါင်းတည်းယူ၍ စတုက္ကနည်းအားဖြင့် ပထမစျာန် ဇော (၂၀) ဖြစ်သတည်း။

(ရူပ ကုသိုလ် ကြိယာ ပထမစျာန် ၂-ခု၊ ဒုတိယစျာန် ၂-ခု၊ လောကုတ္တရာ ပထမစျာန် ၈-ခု၊ ဒုတိယစျာန် ၈-ခု ပေါင်း ၂၀)။

တစ်ပါးသော အပရေဆရာတို့ကား ခိပ္ပါဘိညပုဂ္ဂိုလ်အားဖြင့် ပထမစျာန် ဝိတက် ဝိစာရ ဤအင်္ဂါနှစ်ပါးကို လွန်၍ ပီတိ သုခ ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါသုံးပါးနှင့်တကွ ပထမစျာန် နောင်ရသော ပဉ္စကနည်း၌ ရသော တတိယစျာန်ကို ဒုတိယစျာန်ဟူ၍ ပထမစျာန်ဇော ၁၀ သာ ဖြစ်၏ဟု မိန့်တော်မူကုန်၏။

**စတုတ္ထစျာန်ဇော (၁၈)ခု**=ကာမရူပဘုံ၌ စတုတ္ထစျာန်ဇော(၁၈)ခုဟူသော်ကား စတုက္ကနည်းအားဖြင့် ရူပါဝစရကုသိုလ်, ကြိယာ စတုတ္ထစျာန်ဇော ၂-ခု၊ လောကုတ္တရာစတုတ္ထစျာန်ဇော ၈-ခု၊ အရူပကုသိုလ်

http://www.dhammadownload.com



၄-ခု၊ ကြိယာ ၄-ခု၊ ပေါင်း(၁၈)ခု ဖြစ်သတည်း။ (ကောက်-၃၁၅)

အရူပဘုံ၌ **စတုတ္ထစျာန်ဇော ၁၅**-ခု ဟူသော်ကား သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာ စတုတ္ထစျာန် ဇော ၇-ခု၊ အရူပကုသိုလ် ၄-ခု၊ ကြိယာ ၄-ခု ပေါင်း ၁၅-ခုတည်း။ (ကောက်-၃၁၅)

**သင်္ခါရယမိုက်၌ ဩကာသ**

သင်္ခါရတို့၏ဌာန၊ ပုဂ္ဂိုလ်တို့၏ဌာန တည်ရာဖြစ်သောကြောင့် စျာန်နှင့်ဘုံကို ဩကာသ-ဟုဆိုသည်။

**အတီတ ပုဂ္ဂလောကာသ**

**မေး**။ ကာယသင်္ခါရသည် ရူပအရူပပုဂ္ဂိုလ်၌ မဖြစ်ပါဘဲလျက်အတီတပုဂ္ဂလောကာသ-၌"ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ" အရကောက်ရာ၌ ရူ, အရူပုဂ္ဂိုလ်ကို အဘယ့်ကြောင့်ကာယဖြစ်ဖူးအဖြစ်ဖြင့်ကောက်ရပါသနည်း။

ဖြေ။ ဘုမ္မောကာသမဟုတ် စျာနောကာသဖြစ်၍ ရူပ၊ အရူပဘုံ၌ ဒုတိယစျာန်၊ တတိယစျာန်၊ ခဏတ္တယ သမင်္ဂီပုဂ္ဂိုလ်လည်း ကာမဘုံ၌ ဒုတိယစျာန် တတိယစျာန်ကိုဝင်စားစဉ် အဿာသ ပဿာသ ဖြစ်ဖူး သောကြောင့် ဒုတိယစျာန် တတိယစျာန်ချင်းတူရကား ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ-အရဖြစ်သတည်း။ (ကောက်-၃၂၀)

မေး။ ဒု-စျာန်၊ တ-စျာန်ကိုဝင်စားသော ရူ-အရူပုဂ္ဂိုလ်တို့သည် ရှေးကာမာဝစရဘုံဖြစ်စဉ်က ဝစီသင်္ခါရဖြစ်ဖူး,ချုပ်ဖူး ကြလေသောကြောင့် ဝစီသင်္ခါရဖြစ်ဖူးချုပ်ဖူးကိုလည်း ရသင့်မဟုတ်ပါလော အဘယ်ကြောင့် ဖြစ်ဖူးချုပ်ဖူး မရပါသနည်း။

ဖြေ။ စျာနောကာသဖြင့် မှတ်သောအရာဖြစ်သောကြောင့် ဒုစျာန်, တစျာန်ဝင်စားသော ရူ-အရူ ပုဂ္ဂိုလ်တို့သည် ဝစီသင်္ခါရ ဖြစ်ဖူး-ချုပ်ဖူးမရသင့်ပါ။

**မေး**။အဘယ့်ကြောင့် **"စေတ္တိံသမ စိတ်ကိုသာမှတ်၍ဆို"** မှတ်၍ဆိုရပါနည်း

ဖြေ။ စိတ္တဇရုပ်တို့သည် (မူ ဋီအလို) စုတိစိတ်မှ အပြန်အားဖြင့် ရေတွက်သော် ဒွတ္တိံသမ စိတ်မှစ၍ မဖြစ်တော့ သောကြောင့် တေတ္တိံသမစိတ်ကိုသာမှတ်၍ ဆိုသည်။ ယင်းကိုမျှော်၍ စတုတ္တိံသမစိတ်သည် ကာယဖြစ် လတ္တံ့ရသည်။ ထို့ကြောင့် တေတ္တိံသမစိတ်ကိုသာ မှတ်၍ဆိုရပါသည်။

**အရူပဘုံ၌ သောတာပတ္တိမဂ်ကို ကြဉ်ရကြောင်းကား**

အရူပဘုံ၌ဖြစ်ကုန်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ကိုသိရခြင်း၏အကြောင်း ဖြစ်သော ပရတောဃောသ ပစ္စည်းချို့သော (မရှိသော)ကြောင့် ကြဉ်ရပါသည်။ (ယမကတ္ထ ဒု ၅၂)

**စျာန်ကို ဩကာသ-ဟု ဆိုကြောင်း**

စျာန်သည် သတ္တဝါတို့၏ တည်ရာဘုံမဟုတ်သော်လည်း သုံးပါးသော သင်္ခါရတရားတို့၏ တည်ရာ ဖြစ်သော ကြောင့် စျာန်ကိုဩကာသ-ဟုဆိုပါသည်။ (ယမကတ္ထ ဒု ၅၆) (ကောက်-၆၇၁)

**မေး**။ **စျာန်နှင့်ဘုံ ဩကာသတို့၏ မည်ပုံအထူး ကိုလည်းဖော်ပြပါ**။

ဖြေ။ သုံးပါးသောသင်္ခါရတရားတို့၏ တည်ရာဖြစ်သောကြောင့် စျာန်ကို ဩကာသ၊ ပုဂ္ဂိုလ်တို့၏ တည်ရာဖြစ်သော ကြောင့်ဘုံကို ဩကာသ-ဟုဆိုသည်။ ဤသို့ဩကာသမည်ပုံထူးပါသည်။ (ယမကတ္ထ ဒု ၅၈)

http://www.dhammadownload.com



### သင်္ခါရယမိုက် အတီတပုဂ္ဂလဝါရ၌

အတိတ်ကာလကို စုတိ,ပဋိသန္ဓေတို့၏ အစွမ်းအားဖြင့်၎င်း၊ စုတိ, ပဋိသန္ဓေတို့၏အကြား ပဝတ္တိ၏ အစွမ်းအားဖြင့်၎င်း၊ ပိုင်းခြားအပ်လေသောကြောင့် ဤသင်္ခါရယမိုက် အတီတပုဂ္ဂလဝါရ၌ မဂ်ပုဂ္ဂိုလ် လေးယောက်တို့ကိုပါ ထည့်သွင်း၍ အရကောက်ရပါသည်။ (ယမကတ္ထ ဒု ၆၂)

### သင်္ခါရယမိုက် ပစ္စနိက် ပုဂ္ဂလောကာသဝါရ၌ နိရောဓသမာပန္နပုဂ္ဂိုလ်ကို မဟောရခြင်း

နိရောဓသမာပတ်ကိုဝင်စားသောအခါ ပဌမစျာန် အစရှိသော တစ်ခုခုသောစျာန်ကို နိယမအားဖြင့် ဝင်စားရသည်မဟုတ်၊ ပဌမစျာန်ဝင်စားပြီးလျှင် ဒုတိယစျာန်၊ ဒုတိယစျာန်ဝင်စားပြီး တတိယစျာန်၊ ဤသို့စသည်ဖြင့် သမာပတ်ရှစ်ပါးလုံး ကုန်ဆုံးသည့်တိုင်အောင် အနိယမအားဖြင့် အဆင့်ဆင့်ဝင်စားရလေသောကြောင့် စျာနောကာသဖြင့် မှတ်ခြင်းငှာမစွမ်းနိုင်။

ကာမ ရူပ အရူပ တရားတို့သည် မိမိတို့ယေဘုယျအားဖြင့် ဖြစ်ရာဘုံအသီးအခြားရှိသကဲ့သို့ နိရောဓသမာပတ်တရား၏ ယေဘုယျအားဖြင့် ဖြစ်ရာဘုံအသီးအခြားမရှိသောကြောင့် ဘုမ္မောကာသဖြင့် မှတ်ခြင်းငှာ မစွမ်းနိုင်၊ ထိုကြောင့် နိရောဓသမာပန္နပုဂ္ဂိုလ်ကို ပုဂ္ဂလောကာသဝါရ၌ ဟောကြားတော်မမူ ခြင်းဖြစ်ပါသည်။ (ယမကတ္ထ ဒု ၆၁)

### စျာန်ဝင်စားသော ရူပ၊ အရူပပုဂ္ဂိုလ်တို့ ကာယသင်္ခါရဖြစ်ဖူး၊ ချုပ်ဖူးရခြင်းအကြောင်း

ဘုမ္မောကာသအားဖြင့် မှတ်သောအရာမဟုတ်၊ စျာနောကာသဖြင့်သာ မှတ်သောအရာဖြစ်လေ ရကား၊ ရှေး ကာမဝစရဘုံ၌ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်တို့ကို ဝင်စားကြစဉ်က၊ ကာယသင်္ခါရ ဖြစ်ဘူး၊ ချုပ်ဖူးခဲ့လေသောကြောင့် ပ. ဒု. တ. စျာန်ဝင်စားသော ရူပါဝစရပုဂ္ဂိုလ် အရူပါဝစရပုဂ္ဂိုလ်တို့ ကာယသင်္ခါရ ဖြစ်ဖူး ချုပ်ဖူးကိုရခြင်း ဖြစ်ပါသည်။

### ဒုတိယစျာန်ဝင်စားသော ရူပ အရူပပုဂ္ဂိုလ်တို့အား ဝစီသင်္ခါရဖြစ်ဘူး ချုပ်ဘူး မရသင့်ကြောင်းကား

စျာနောကာသဖြင့် မှတ်သောအရာဖြစ်သောကြောင့် ဒုတိယစျာန်၊ တတိယစျာန်ဝင်စားသော ရူပ၊ အရူပ ပုဂ္ဂိုလ်တို့သည် ဝစီသင်္ခါရဖြစ်ဖူး ချုပ်ဖူးကို မရသင့်ပါ။ (ယမကတ္ထ ဒု ၆၇)

### အနာဂတပုဂ္ဂလော အရူပပုဂ္ဂိုလ် မရကြောင်း

အရူပဘုံ၌ ပ. ဒု. တစျာန်သည် လောကုတ္တရာစျာန်ဖြစ်၍၊ အရိယာသန္တာန်၌ဖြစ်ရကား၊ ကာမဘုံသို့ မဖြစ်ပြီဖြစ်သောကြောင့် အရူပပုဂ္ဂိုလ်မရသတည်း။

**မေး**။ စာဖြေသူငါ့ရှင် (က) အသက်ရှုနေဆဲဖြစ်သော ပုဂ္ဂိုလ်တိုင်း ကြံစီမှု ဝိတက်ဖြစ် မဖြစ်၊ (ခ)ကြံစီမှု ဝိတက် ဖြစ်ပြီးသူတိုင်း အသက်ရှုပြီးမှုရှိ မရှိ ယမကသာမကပြဖြေဆို၍၊ (ဂ) စာဖြေသူ ငါ့ရှင်တို့ စာဖြေချိန် (၃) နာရီ၌ ဝင်သက်ပေါင်း, ထွက်သက်ပေါင်းမည်မျှစီရှိသည်ကိုလည်း ဖော်ပြပါ။

**ဖြေ**။(က) ဝိနာ ဝိတက္ကဝိစာရေဟိ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ - ဟူသော တစ်ဖက်ရကိုထောက်၍ ဝိတက်ဝိစာရကင်းသော ထွက်သက်ဝင်သက်ရှိသော ကာမာဝစရပုဂ္ဂိုလ်များ၌ ကြံစီမှုဝိတက်ဖြစ်ဆဲမရပါ။

ပဌမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ တေသံ - ဟူသော နှစ်ဖက်ရဝိဘင်းကို ထောက်၍ အသက်ရှုနေဆဲဖြစ်သော ကာမာဝစရပုဂ္ဂိုလ်၌ ကြံစီမှုဝိတက်ဖြစ်ပါသည်။

(ခ)ယဿ ဝါပန ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊ တဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ အာမန္တာ - ဟူသော

http://www.dhammadownload.com



ဝိဘင်းကို ထောက်၍ ကြံစီမှု ဝိတက်ရှိပြီးသူတိုင်း အသက်ရှုပြီးကြပါသည်။

(ဂ) ဝင်သက် ၂၇၀၀၊ ထွက်သက် ၂၇၀၀-စီ စာဖြေချိန် (၃)နာရီ၌ ရှိကြပါသည်။

မေး။ ဝစီသင်္ခါရသာဖြစ်ဆဲရ၍ ကာယသင်္ခါရဖြစ်ဆဲမရသော ဘုမ္မောကာသပုဂ္ဂိုလ်များကို(က)အကျဉ်းနည်း၊ (ခ) အကျယ်နည်းများဖြင့် အရကောက်ဆရာတော်အာဘော်ကျအောင်ကောက်ပြပါ။

ဖြေ။(က)ဒွေးပဉ္စဝိညာဉ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ခု၊ ပဈာန်ဝိပါက်၊ ဒုဈာန်ဝိပါက်-ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသောကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ပုဂ္ဂိုလ်လည်းရ၏။ (ကောက် ၃၃၄-၌ဖော်ပြထားသည်)

(ခ)ဒွေးပဉ္စဝိညာဉ်၁၀-ကြဉ်သော အဿာသပဿာသကင်းသော ကာမစိတ် ၄၄-ခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။လောဘမူ၊ မောဟမူ၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ အဟိတ်ကြိယာ ၃-ခု၊ မဟာကု ၈-ခု၊ မဟာကြိယာ ၈-ခု၊ ပဈာန်ဝိပါက်၊ဒုဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ် ၃၆-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်။ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်ခု၊ မဟာကြိယာရှစ်ခု၊ ဟုဆို အပ်သော သဝိတက္ကသဝိစာရစိတ် ၂၇-ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သောဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်ရ၏။ (ကောက်-၃၁၃-၄)

## အနုသယ ယမက အစိပ္ပါယ်

မဂ်ဖြင့်ပယ်အပ်သေးသည်ဖြစ်၍ အဖန်တလဲလဲ သတ္တဝါတို့၏ လျောက်ပတ်သောအကြောင်းကို ရသည်ရှိသော်ဖြစ်သောကြောင့် **အနုသယ**-ဟုခေါ်၏။

**အနုသေတိ**-၌ ကိန်း၏ဟူသည်ကား မဂ်ဖြင့်မပယ်ရသေးသည်ကို ဆိုသတည်း။ ထို့ကြောင့် မဂ်ဖြင့် မပယ်ရသေးသော ကာလပတ်လုံး ဖြစ်လေပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့-ဟု ကာလသုံးပါး ဖြင့် ဆိုအပ်၏။

ဤသို့ယူသော် အနုသေတိ၌ တိဝိဘတ်သည် အတိတ်၊ အနာဂတ်၊ အနက်၌လည်းဖြစ်၍ 'ဝတ္တမာနာ ပစ္စုပ္ပန္နေ' သုတ်၌ 'ဝတ္တမာန'- ဟူသော ယောဂဝိဘာဂဖြင့်သက်လေ။

### အဋ္ဌကထာဋီကာနည်းအနက်

ကာမဓာတုယာ ဒွီသု ဝေဒနာသု ဧတ္ထ ကာမရာဂါနုသယော အနုသေတိ။

<u>**အဋ္ဌကထာနည်းအားဖြင့်**</u> = 'ကာမဓာတုယာ ဒွီသု ဝေဒနာသု' ၌ ကာမဓါတ်ကို အသီးဌာနမယူမူ၍ "ကာမဓာတုယာ၊ ကာမဓာတ်၌။ ဒွီသု ဝေဒနာသု၊ နှစ်ပါးသော ဝေဒနာတို့၌" - ဤသို့ယောဇနာ၍ ကာမရာဂါနုသယဌာနကို ဝေဒနာနှစ်ပါးယူ၏။

<u>**ဋီကာနည်းအားဖြင့်**</u> = ကာမဓာတုယာ၊ ကာမဘုံကောဒ္ဒသ-ဟုဆိုအပ်သော ကာမဓါတ်၌၎င်း။ ဒွီသု၊ နှစ်ပါး ကုန်သော။ ဝေဒနာသု၊ ကာမသုခဝေဒနာ တစ်ဆယ့်ကိုးခု၊ ကာမဥပေက္ခာဝေဒနာ သုံးဆယ့်နှစ်ခု တို့၌၎င်း။ (ဧတ္ထ- ဤကာမဓါတ် ဝေဒနာနှစ်ပါး၌။ ကာမရာဂါနုသယော၊ သည်)

အနုသေတိ၊ ကိန်း၏။ (အနုသေတိ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇတိ၊ လျောက်ပတ်သောအကြောင်း ကိုရ၍ ဖြစ်လေပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့) ဤသို့ ယောဇနာ၍ ကာမဘုံကောဒ္ဒသနှင့် ဝေဒနာနှစ်ပါး ဤသုံးဌာနကိုယူကုန်၏။ ဤနည်းအတူ မာနာနုသယ စသည်ကိုယူလေ။ (ကောက်-၃၈၇-မှ- ၃၉၂)

http://www.dhammadownload.com



## ပဥ္စာနနည်း

ကာမရာဂါနုသယသည် ကာမဓါတ်ဝေဒနာနှစ်ပါး၌ 'ကိန်း၏' ဟု ဟောတော်မူခြင်းကား၊ ဩဠာရိက အားဖြင့် သိလွယ်စိမ့်သောငှာ ပဥ္စာနနည်းအားဖြင့် ဟောတော်မူသည်။ ဝေဒနာနှင့် သမ္ပယုတ်ဖြစ်သော တရား၊ ဣဋ္ဌာရုံတို့၌လည်း ကိန်း၏။ (ပဋိဃာနုသယ၌လည်း နည်းတူမှတ်ပါ) (ကောက် ၃၉၂-၃)

## အာရုံနှင့် ပဋိဃာနုသယ

ဣဋ္ဌာရုံ၌ ဒေါမနဿသည် ပဋိဃာနုသယမဖြစ်။ အနိဋ္ဌာရုံ၌သာ ထာမဂတ ကိလေသာဖြစ်သော ကြောင့် အနိဋ္ဌာရုံ၌သာ ပဋိဃာနုသယဖြစ်ပါသည်။ (အရကောက် ၃၉၃)

**အပရိယာပန္န ဟူသည်**။ လောကုတ္တရာတရား(၉)ပါး ဖြစ်ပါသည်။ (အရကောက် ၄၁၃)

## ပုထုဇဉ်၏ ဩကာသ၌ အဘယ့်ကြောင့် လောကုတ္တရာကို ယူရပါသနည်း။

သောတာပတ္တိမဂ်၏ ရှေ့ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောကြောင့် ထိုအခိုက် ပုထုဇဉ်၏ အာရမ္မဏအားဖြင့် ဩကာသဖြစ်သောကြောင့် ယူသတည်း။ (အရကောက် ၄၁၆)သာနုသယတူပြီ။

**အနုသယဝါရ နယ၊ ဝါရ စသည်**

| နယ | ဝါရ | မူလ | ယမက | ပုစ္ဆာ | အတ္ထ |
|---|---|---|---|---|---|
| အနုလုံ | ၃ | ၁၈ | ၁၀၈ | ၂၁၆ | ၄၃၂ |
| ပစ္စနိက် | ၃ | ၁၈ | ၁၀၈ | ၂၁၆ | ၄၃၂ |
| ပေါင်း | ၆ | ၃၆ | ၂၁၆ | ၄၃၂ | ၈၆၄ |

ပုစ္ဆာနိ စတုသတာနိ၊
ဒွတ္တိံသ အဓိကာနိ စ။
အနုသယဝါရေ ဟောန္တိ၊
တထာ သာနုသယာဒိသု။(ကောက်-၄၁၈)

**သာနုသယ** စသည်တို့၌လည်း "နယ, ဝါရ, မူလ, ယမက, ပုစ္ဆာ, အတ္ထ" တို့တူပြီ။ (၆-ဝါရတူသည်)

## အနုသယဝါရနှင့် ပုဂ္ဂိုလ်

အနုသယဝါရ ပုဂ္ဂလအနုလုံ၌ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်(၃)ယောက်ကို ဟော၏။ (ကိန်းသော အနုသယမရှိ၍ ရဟန္တာကိုမဟော) ပစ္စနိက်၌ ဖလဋ္ဌာန်(၄)ယောက်ကို ဟော၏။ (မကိန်းသောအနုသယ မရှိ၍ ပုထုဇဉ်ကို မဟော) အရကောက် ၄၁၉-အမှာ၌ "ပစ္စနိက်၌လည်းပုထုဇဉ်နှင့်တကွ ဖလဋ္ဌာန် (၄)ယောက်ကိုသာယူ၍ဟော၏" ဟုပြထားသည်မှာ ပုဂ္ဂလောကာသ ပစ္စနိက်တစ်ဖက်ရများ၌ ပုထုဇဉ် ပုဂ္ဂိုလ်၏ ခါတ်, ဝေဒနာ, ဌာနများကိုလည်း ဟောရသေးသောကြောင့် ဖြစ်သည်။ ပုဂ္ဂလသက်သက်သာ ဟောပါက ပုထု ဇဉ်ပုဂ္ဂိုလ်ကို ပစ္စနိက်၌ မဟောဟုမှတ်ရပါမည်။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကား အနုသယတို့ကို ပယ်ဆဲစိတ္တက္ခဏတစ်ချက်စီသာ ရှိသောကြောင့် အနုလုံ ပစ္စနိက် နှစ်ဌာနလုံး၌ မဟောပါ။ သာနုသယ, ဥပ္ပဇ္ဇနဝါတို့၌လည်းနည်းတူသိပါ။ (ကောက်-၄၁၉)

**မေး**။ ယဿ ယတ္ထ ကာမရာဂါနုသယော နာနုသေတိ တဿ တတ္ထ ဒိဋ္ဌာနုသယော နာနုသေတီတိ-၌ နှစ်ဖက်ရကို ထုတ်ပြ၍၊ ဦးစွာဖော်ပြထားသော ဝိဘင်းထုတ်ရခြင်းအကြောင်းကိုသာဖော်ပြပါ။

ဖြေ။ **နှစ်ဖက်ရ ဝိဘင်းမှာ** - တဿေဝ ပုဂ္ဂလဿ အပရိယာပန္နေ တေသံတတ္ထ ကာမရာဂါနုသယော စ အနုသေတိ တဿ တတ္ထ ဒိဋ္ဌာနုသယော စ နာနုသေတိ၊ ဒွိန္နံပုဂ္ဂလာနံ သဗ္ဗတ္ထ ကာမရာဂါနုသယော စ နာနုသေတိ ဝိစိကိစ္ဆာနုသယော စ နာနုသေတိ။ (ပါဠိ ၂ - ၉၀) (အကြောင်းပြဆက်ရှု)

http://www.dhammadownload.com



**တဿေဝ ပုဂ္ဂလဿ အပရိယာပန္နေ တေသံ တတ္ထ**-ဟု နှစ်ဖက်ရဝိဘင်းထုတ်ရကြောင်းကား သောတာပတ္တိမဂ်၏ရှေး ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောကြောင့် ထိုအခိုက်ပုထုဇဉ်၏ အာရမ္မဏအားဖြင့် ဩကာသအဖြစ်ကြောင့် ထိုသို့ထုတ်ရခြင်းဖြစ်ပါသည်။(ကောက်-၄၁၆)

**အနုသယကာမမူ ဒိဋ္ဌိမူလိဋ္ဌ ဒွိန္နံ ပုဂ္ဂလာနံ-ဟု**

သချာထုတ်ဖော်ခြင်းမရှိဘဲ 'တေသညေဝ ပုဂ္ဂလာနံ'-ဟု 'တ'သဒ္ဒါဖြင့် ပစ္စနိက်ပဋိလောမ၌သာ ဟောကြားတော်မူသောကြောင့် ပစ္စနိက်အနုလောမ၌ အရကောက်သင့်လျက် မကောက်ပါ။

တဿေဝ ပုဂ္ဂလဿ အပရိယာပန္နေ တဿ တတ္ထ-ဟု 'တ'သဒ္ဒါဖြင့် ပစ္စနိက် အနုလောမ၌သာ ဟောကြားတော်မူသောကြောင့် ပစ္စနိက်ပဋိလောမ၌ ကောက်သင့်လျက် မကောက်ပါ။(ပစ္စနိက် အနုလောမ၌သာ အရကောက်ရပါသည်။)

**အနုသယ ဩကာသဝါရဋ္ဌိမူ အနုလုံ အနုလောမ၌ 'နတ္ထိ' ဝိဘင်ချည်း၊ ထွက်ရခြင်းကား**

ကာမပဋိဃ ဒွိမူ အနုလုံ အနုလောမ၌ ကာမရာဂါနုသယ ပဋိဃာနုသယတို့သည် တစ်ခုတည်းသော ဌာနတို့၌ အတူတကွမဖြစ်ကြကုန်။ တူသောတရားကိုလည်း အာရုံမပြုကြကုန်၊ ထို့ကြောင့် 'နတ္ထိ' ဝိဘင်းချည်းသာ ထွက်ရပါသည်။ (ယမကတ္ထ ၁၈၇)

**အနုသယဝါရနှင့် သာနုသယဝါရ အထူး** = အနုသယဝါရ အနုလုံ၌ 'ယဿ ကာမရာဂါနုသယော အနုသေတိ တဿ ပဋိဃာနုသယော အနုသေတီတိ အာမန္တာ' - ဟု စသည်ဖြင့်ငင်း။

သာနုသယဝါရ အနုလုံ၌ "**ယော ကာမရာနုသယေန သာနုသယော၊ သော ပဋိဃာနုသယေန သာနုသ ယောတိ အာမန္တာ**"-ဟု စသည်ဖြင့်ငင်း၊ ဟောသည်ဖြစ်ရကား အနုသယဝါရနှင့် သာနုသယဝါရတို့ ဟောပုံ ပါဠိအားဖြင့်သာ ထူးခြားပါသည်။ အရကောက်ဆိုရိုး စသည်တို့မှာ အနုသယဝါရနှင့် အလုံးစုံတူပါသည်။ (ယမကတ္ထ ဒု ၂၁၃-ကို မှီးရေးသည်)

**သာနုသယ**

တစ်ရက်ခြားဖျားခြင်း အစရှိသောအနာဖြင့် နှိပ်စက်သောသူအား အကြင်မျှလောက် ထိုအနာသည် အစဉ်မလွတ်သေး၊ ထိုမျှလောက် အနာမပေါ်ခိုက်သော်လည်း အကြောင်းရှိလျှင် ပေါ်လတ္တံ့သည် ဖြစ်သောကြောင့် လောဘစိတ်သည် ဥပါဒ်ခိုက်မဟုတ်သော်လည်း ကာမရာဂါနုသယရှိ၏-ဟူ၍ ဆိုအပ်၏ (ပဋိဃာနုသယအစရှိသည်တို့၌လည်း ဤအတူပင်တည်း)

ဤသာနုသယဝါရ၌လည်း အနုလုံ၌ ပုထုဇဉ် အောက်ဖလဋ္ဌာန်သုံးယောက်ကိုသာ ယူ၍ဟောတော်မူ၏။ ပစ္စနိက်၌လည်း ပုထုဇဉ်နှင့်ဖလဋ္ဌာန်လေးယောက်ကိုသာယူ၍ ဟောတော်မူ၏။ (အရကောက် ၄၁၉)

**မေး**။ ယတော ဝါ ပန ဘဝရာဂါနုသယေန သာနုသယော-စသော တိမူ, စတုမူများကို ဝိဘင်းထုတ်ပြ၍၊ ၎င်းဝိဘင်းအမျိုးအစား ဝိဿဇ္ဇနာကိုလည်းတိကျစွာ ဖြေပြပါ။

**ဖြေ**။ ဝိဘင်းကား -'မာနာနုသယေန သာနုသယော' ဖြစ်ပါသည်(ပါ၂-၁၁၀) ။ ဝိဿဇ္ဇနာအမျိုးအစားမှာ "**ပဋိသေဓ** (တနည်း) **ပဋိဝစန**' ဝိဿဇ္ဇနာ အမျိုးအစားဖြစ်ပါသည်။ (ကောက်-၄၀၀) (မှတ်ထိုက်၏)

(**မှတ်ချက်**။ အခြေခံ စည်းမျဉ်းများ ၂၀၀၄-ခု၌မေးခဲ့၏၊ မရသူများပါ၏။ အခြေခံကို သတိပြုရာ၏)

http://www.dhammadownload.com



အနုသယ(သာနုသယ) ဝါရတို့ကို **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို မဟောရကြောင်းများ** (နှာ ၃၁-ပြန်ရှုပါ)

**ပဇဟာနဝါရ အနုလုံ ပစ္စနိက်တို့၌ ဟောတော်မူသောပုဂ္ဂိုလ်တို့ကို ရေတွက်ခြင်း**

ပဇဟာနဝါရ အနုလုံ၌ သကဒါဂါမိမဂ်ကြည် မဂ်ပုဂ္ဂိုလ် သုံးယောက်တို့ကို ဟောသည်။ ပစ္စနိက်၌ ပုထုဇဉ်နှင့် အရိယာရှစ်ယောက်တို့ကို ဟောပါသည်။ (ယမကတ္ထ ဝိဘာဝိနီ ဒု ၂၁၄)

**အနုလုံ သကဒါဂါမိမဂ်ကို မဟောခြင်း**

သကဒါဂါမိမဂ်သည် မည်သည့်အနုသယကိုမှ အကြွင်းမဲ့ပယ်စွမ်းနိုင်ခြင်းမရှိသောကြောင့် ပဇဟာန အနုလုံ၌ သကဒါဂါမဂ်-ကို မဟောခြင်းဖြစ်ပါသည်။ (ယမကတ္ထ ဝိဘာဝိနီ ဒု ၂၁၄)

**ပဇဟာနဝါရ အနုလုံ၌ မဂ်(၄)ယောက်ကိုသာယူ၍ဟောပါသည်။ ထိုတွင်**

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်သည် ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယနှစ်ပါးကို အစဉ်စွန့်(အကြွင်းမဲ့စွန့်) ပါသည်။ ထိုမှတစ်ပါးသော ကိလေသာတို့ကို အပါယ်လားစေတတ်သော အစွမ်းကိုမြင်သောအားဖြင့် တစ်စိတ်မျှသာ စွန့်၏။

၂။ သကဒါဂါမိမဂ္ဂဋ္ဌာန်သည် ကာမပဋိဃာနုသယကို ခေါင်းပါးစေ၏။ အစဉ်မစွန့်။ အကြွင်းမဲ့မပယ်နိုင်။

၃။ အနာဂါမိမဂ္ဂဋ္ဌာန်သည် ကာမပဋိဃာနုသယကို အစဉ်စွန့်၏။ ကြွင်းသောကိလေသာတို့ကိုလည်း အားနည်းစေ၏။

၄။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် မာနရာဂါနုသယဘဝရာဂါနုသယ အဝိဇ္ဇာနုသယကို အစဉ်စွန့်၏။ ထိုမှတစ်ပါးသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်၏။ (အရကောက် ၄၂၀)

**တဒေကဋ္ဌ အဓိပ္ပါယ်** = ယော ကာမရာဂါနုသယံ ပဇဟတိ။ သော မာနာနုသယံ ပဇဟတီတိ၊ 'တဒေကဋ္ဌံ' ပဇဟတိ။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမဘုံ၌ တပ်တတ်သော ကာမရာဂါနုသယဟု ဆိုအပ်သော လောဘ တစ်စိတ်ကို ပယ်၏။ ထိုလောဘ တစ်စိတ်သည်လည်း ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၌ ယှဉ်သောလောဘတည်း။ ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ယှဉ်သော လောဘမဟုတ်။

ဒိဋ္ဌိဂတသမ္ပယုတ်လောဘကို သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ကတည်းကပင် အကြွင်းမဲ့ ပယ်လေပြီးသောကြောင့်တည်း။ ကာမရာဂါနုသယကို ပယ်သောအခါ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်၌ ယှဉ်သော လောဘနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယ တစ်စိတ်ကြွင်း၏။ ထိုမာနကို အရဟတ္တမဂ္ဂဋ္ဌာန်ပယ်၏။ (အရကောက် ၄၂၁)

**ယောဝါပန ဒိဋ္ဌာနုသယံ ပဇဟတိ၊ သော ကာမရာဂါနုသယံ ပဇဟတီတိ 'တဒေကဋ္ဌံ' ပဇဟတိ-**

**အဓိပ္ပါယ်ကား**-သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကို ပယ်သောအခါ ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သော လောဘ-ဟု ဆိုအပ်သော ကာမရာဂါ နုသယကိုငင်း၊ အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်ကို ပယ်သောအခါ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်၌ ယှဉ်သော ကာမရာဂါနုသယ-ဟုဆိုအပ်သော လောဘတစ်စိတ် ကိုငင်း ပယ်၏။ အကြွင်းမဲ့မပယ်။

အပါယဂမနီယ မဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ-ဟုဆိုအပ်သော ကာမရာဂါနုသယကြွင်း ကျန်သည်။ ထိုကာမရာဂါနုသယကို အနာဂါမိမဂ္ဂဋ္ဌာန် ပယ်၏။ (ကောက် ၄၂၂)

http://www.dhammadownload.com



**"ယော ကာမရာဂါနုသယံ ပဇဟတိ၊ သော ဘဝရာဂါနုသယံ ပဇဟတီတိ 'တဒေကဋ္ဌံ' ပဇဟတိ"**

**အဓိပ္ပါယ်ကား** အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သော ကာမရာဂါနုသယကို အကြွင်းမဲ့ပယ်သောအခါ စိတ္တက္ခဏပြားဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်နှင့်ယှဉ်သော ဘဝရာဂါနုသယကိုလည်း အားနည်းစေ၏။ အကုန်မပယ်၊ အရဟတ္တမဂ်ဖြင့် အကုန်ပယ်သည်။(အရကောက် ၄၂၂)

**ယော ကာမရာဂါနုသယံ ပဇဟတိ သော အဝိဇ္ဇာနုသယံ ပဇဟတီတိ 'တဒေကဋ္ဌံ ပဇဟတိ'။ ယော ဝါ ပန၊ နော။**

အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမရာဂ-ဟုဆိုအပ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘကို ပယ်သောအခါ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်နှင့် သမ္ပယုတ်ဖြစ်သော မောဟ-ဟုဆိုအပ်သော အဝိဇ္ဇာနုသယ၊ အပါယဂမနီယ မဖြစ်သော ဒေါသမူနှင့် သမ္ပယုတ်ဖြစ်သော မောဟ-ဟုဆိုအပ်သော အဝိဇ္ဇာနုသယတို့ကို ပယ်၏။ အကြွင်းမဲ့ပယ်၏။

## အဘယ်အဝိဇ္ဇာနုသယ ကြွင်းသနည်းဟူမူကား

ဥဒ္ဓစ္စသဟဂုတ်မောဟ၊ ရူပရာဂ အရူပရာဂနှင့်ယှဉ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်မောဟ-ဟုဆိုအပ်သော အဝိဇ္ဇာနုသယတို့ ကြွင်းကုန်၏။ ထိုအဝိဇ္ဇာနုသယတို့ကို အရဟတ္တမဂ်ဖြင့်ပယ်၏။ (အရကောက် ၄၂၃)

**ယော ပဋိဃာနုသယံ ပဇဟတိ၊ သော ဒိဋ္ဌာနုသယံ ပဇဟတီတိ၊ နော။ယောဝါပန ဒိဋ္ဌာနုသယံ ပဇဟတိ၊ သော ပဋိဃာနုသယံ ပဇဟတီတိ၊ 'တဒေကဋ္ဌံ' ပဇဟတိ။**

**အဓိပ္ပါယ်**။ ။သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ဒိဋ္ဌာနုသယကိုပယ်သောအခါ အပါယဂမနီယ ဖြစ်သော ဒေါသမူခွေးနှင့်ယှဉ်သော ပဋိဃာနုသယကိုပယ်၏။ အကြွင်းမဲ့မပယ်။ (အဘယ် ပဋိဃာနုသယ ကြွင်းသနည်း) အပါယဂမနီယ မဟုတ်သော ဒေါသမူနှင့်ယှဉ်သော ပဋိဃာနုသယ ကြွင်းသေး၏။ ထို ပဋိဃာနုသယကို အနာဂါမိမဂ်ဖြင့်ပယ်၏။ (အရကောက် ၄၂၃)

အရဟတ္တဖလဋ္ဌာန်မှစ၍ ပြန်သောအားဖြင့် ရေတွက်ပေသော် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ရှစ်ယောက်မြောက် အလျှုံဖြစ်သောကြောင့် "အဋ္ဌမက" မည်၏။

အလျှုံ၏ အရေအတွက်အားဖြင့် ရဟန္တာသည်မြတ်သော အလျှုံအဖြစ်ကြောင့် **ပဌမ** မည်၏။ အရဟတ္တမဂ္ဂဋ္ဌာန်သည် ဒုတိယ-မည်၏။ သောတာပတ္တိမဂ္ဂဋ္ဌာန်သည်**အဋ္ဌမက**–မည်၏။(အရကောက် ၄၂၅)

**မေး**။ ယော ဝါ ပန ယတော ဘဝရာဂါနုသယံ ပဇဟတိ-စသောတိမူ, စတုမူများ၌ ဝိဘင်းထုတ်ပြ၍၊ ၎င်းဝိဿဇ္ဇနာ အမျိုးအစားကိုလည်းတိကျစွာ ဖော်ပြပါ။ (၂၀၀၄-ရန်ကုန်တိုင်း)

**ဖြေ**။ ဝိဘင်းကား**"မာနာနုသယံပဇဟတိ "**ဖြစ်ပါသည်။၎င်းဝိဘင်းအမျိုးအစားသည်"ပဋိသေဓ(တနည်း)ပဋိဝစန' ဝိဿဇ္ဇနာ အမျိုးအစားဖြစ်ပါသည်။ (ယင်းဝိဘင်းကို ကောက်-၄၀၀-၌နှစ်မျိုးပြ၏ ) (မှတ်ထိုက်၏)

## န ဝတ္တဗ္ဗော ဖြေရကြောင်း

ဖြစ်ရာအရပ်၌ မဆက်ဆံသည်၏အဖြစ်ကြောင့် နော-ဟု မဖြေမူ၍ 'န ဝတ္တဗ္ဗော'-ဟု ဖြေတော်မူပါသည်။ **ဥပမာ**-ကျောင်းနှစ်ကျောင်းတွင် တောင်ကျောင်း၌ သရက်ပင်သာရှိ၏။ ပိန္နဲပင်မရှိ၊ မြောက်

http://www.dhammadownload.com



ကျောင်း၌ ပိန္နံပင်သာရှိ၏။ သရက်ပင်မရှိ။ ထိုကျောင်းနှစ်ကျောင်းရှိ သရက်ပင်၊ ပိန္နံပင်တို့ကို အသီးသီး ခုတ်ပယ်ပြီးသောအခါ သရက်ပင် ခုတ်ပယ်ပြီးသောတောင်ကျောင်း၌ ပိန္နံပင် ခုတ်ပယ်ပြီးပြီလော-ဟု မေးလတ်သော် ထိုတောင်ကျောင်း၌ နဂိုကပင် ပိန္နံပင် ရှိရင်းပင်မဟုတ်သောကြောင့် ပယ်ပြီးဟူ၍လည်း ကောင်း၊ မပယ်သေးဟူ၍လည်းကောင်း၊ မဆိုအပ်သကဲ့သို့ ထိုအတူ နဂိုကပင် ထိုဌာန၌ ရှိခဲ့ရင်းမဟုတ် သောကြောင့် 'နဝတ္တဗ္ဗော'-ဟု ဖြေတော်မူသည်။ (အရကောက် ၄၃၀)

**အနုသယာ ဘင်္ဂါနတ္ထိ အစိပ္ပါယ် --**

ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယခုနစ်ပါးကိန်း၏။ ထိုတွင် ဤမည်သော အနုသယကိန်း၏။ ဤမည်သော အနုသယကား မကိန်းဟူ၍ဝင်၊ ဤမည်သော အနုသယသည် ရံခါကိန်း၏။ ဤမည်သော အနုသယကား ရံခါမကိန်း-ဟူ၍ဝင်၊ မဝေဘန်အပ် (သောတာပန်,သကဒါဂါမ်အားလည်း ထို့အတူမဝေ ဘန်အပ် ဟူလို) (အရကောက် ၄၃၇)

**ဘုံနှင့် အနုသယ ရူပဘုံ၌ ပဋိဃာနုသယမရှိသော်လည်း –**

အသညသတ်ဘုံ၌လည်း အနုသယ ခုနစ်ပါးလုံးမရှိ၊ ထိုသို့ဘုံအားဖြင့်ပင်မရှိသော်လည်း ထိုပုဂ္ဂိုလ်တို့၏ သဏ္တာန်၌ မင်္ဂဖြင့်မပယ်ရသေးသောကြောင့် ဖြစ်ဆဲမဟုတ်သော်လည်း ဖြစ်ပြီး၊ ဖြစ်လတ္တံ့ဖြစ်၍ ကဿစိ သတ္တ အနုသယာ အနုသေန္တိ အစရှိသည်ကို ဟောတော်မူသည်။ (အရကောက် ၄၃၈)

**အထက်အရိယာ အောက်မဆင်း** -- ဗြဟ္မာဘုံရှိ အရိယာများသည် ကာမဘုံသို့သွား၍ ပဋိသန္ဓေ မနေပြီ၊ ပုထုဇဉ်ဗြဟ္မာများသာ ကာမဘုံ၌ ပဋိသန္ဓေနေသည်။ သာဓက ရူပဓါတုယာ စုတဿ (အရူပဓါတုယာ စုတဿ) ကာမဓါတုံ ဥပပဇ္ဇန္တဿ သတ္တေဝ အနုသယာ အနုသေန္တိ။ (ကောက် ၄၃၉)

**အရူပ မှ ရူပဘုံသို့မသွား** – ရူပါဝစရ ပဋိသန္ဓေ၏အကြောင်းဖြစ်သော ရူပါဝစရ ကုသိုလ်ဈာန်သည် အရူပဘုံ၌မရှိသော ကြောင့် အရူပဘုံမှ စုတေ၍ ရူပဘုံ၌ ပဋိသန္ဓေမနေ။

**သာဓက**။ ။အရူပဓာတုယာ စုတဿ ရူပဓာတုယာ ဥပပတ္တိနာမ နတ္ထိ။ ဟေဋ္ဌာ ဥပပဇ္ဇမာနော ကာမဓာတုံယေဝ ဥပပဇ္ဇတိ သတ္တေဝ အနုသယာ အနုသေန္တိ။

**ရူပဘုံမှ စုတေသော အရိယာပုဂ္ဂိုလ် ကာမဘုံ၌ ပဋိသန္ဓေမနေပါ**

**သာဓက**။ ။ ရူပဓါတုယာ စုတဿ ကာမဓါတုံ ဥပပဇ္ဇန္တဿ သတ္တေဝ အနုသယာ အနုသေန္တိ။

**အရူပဘုံမှ စုတေသော အရိယာပုဂ္ဂိုလ် ကာမဘုံ၌ ပဋိသန္ဓေ မနေပါ**

**သာဓက**။ ။ အရူပဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ သတ္တေဝ အနုသယာ အနုသေန္တိ။

**အနုသယ ယမက အစိပ္ပါယ်ပြီး၏။**

* * * * *

## စိတ္တယမက အစိပ္ပါယ်

**အနုသယ ယမိုက်၏ အခြားမဲ့၌ စိတ္တယမိုက်ကို ဟောတော်မူခြင်းအကြောင်း---**

မူလယမိုက်၌ဟောကြားတော်မူအပ်ကုန်သော ကုသိုလ်စသောတရား တို့ကိုပင်လျှင်ရသင့် သည်၏

http://www.dhammadownload.com



အစွမ်းအားဖြင့် တစ်စိတ်တစ်ဒေသမျှပေါင်းရုံး၍ အနုသယယမိုက်၏အခြားမဲ့၌ ဟောကြား တော်မူလို သောကြောင့် စိတ္တယမိုက်ကိုသာ ဟောတော်မူပါသည်။ (ယမကတ္ထ ၃၈၇)

**ပုဂ္ဂလဝါရစသော မဟာဝါရသုံးပါးတို့၏အဓိပ္ပါယ်**

ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် စိတ်၏ဖြစ်ပုံချုပ်ပုံစသည့်အပြားကို ညွှန်ပြသောဝါရသည် ပုဂ္ဂလဝါရ မည်၏။ ဓမ္မ၏အစွမ်းအားဖြင့် စိတ်၏ဖြစ်ပုံချုပ်ပုံစသည်အပြားကို ညွှန်ပြသောဝါရသည် ဓမ္မဝါရမည်၏။ ပုဂ္ဂလ ဓမ္မနှစ်ပါးစုံတို့၏ အစွမ်းအားဖြင့် စိတ်၏ဖြစ်ပုံချုပ်ပုံ စသည်အပြားကို ညွှန်ပြသောဝါရသည် ပုဂ္ဂလ ဓမ္မဝါရမည်၏။ (ယမကတ္ထ ၃၉၀)

**ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ**

ဥပါဒ်နှင့်ဘင်ကိုလည်းကောင်း၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလကိုလည်းကောင်း ရောစ၍ဟော အပ်သောကြောင့် ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရမည်၏။ (အရကောက် ၄၄၆)

**မောဃပုစ္ဆာ** = ဤစိတ္တယမိုက်၌ စိတ်၊ စေတသိက်မရသောပုဒ်တို့ကို မောဃပုစ္ဆာအားဖြင့် ဟောတော်မူ၏။ (အရကောက်၄၅၀)

**အတီတံ စိတ္တံ–ဟု ဝိဘင်းထွက်ခြင်းအကြောင်း**=ဥပ္ပါဒ်နှင့် ဘင် ခဏနှစ်ပါးကို လွန်သောစိတ်ကား အတိတ် စိတ်သာတည်း၊ ပစ္စုပ္ပန်စိတ်မဟုတ် အနာဂတ်စိတ်မဟုတ် ဤသို့သောအထူးကိုပြခြင်းငှာ အတိက္ကန္တ ကာလဝါရ အနုလုံ ပဋိလောမ၌ အာမန္တာ-ဟုမဆိုဘဲ အတီတံစိတ္တံ-ဟုဆိုသည်။ (ယမကတ္ထ ၄၁၄)

ဥပ္ပါဒ်နှင့် ဘင်ခဏနှစ်ပါးကို မလွန်သောစိတ်ကား ဥပ္ပါဒက္ခဏစိတ် အနာဂတ်စိတ်သာတည်းဟူသော အထူးကိုပြလိုသောကြောင့် အာမန္တာ-ဟုမဟောဘဲ 'ဥပ္ပါဒက္ခဏေ အနာဂတဥ္စစိတ္တံ' ဟု ဟော တော်မူသည်။ (ရှေ့ဆိုင်ရာ နှာ ၄၅-၌လည်း မေးဖြေ ပုံစံဖြင့်ဖော်ပြထားသည်)

**ဓမ္မဝါရ၊ ဥပ္ပါဒ ပစ္စုပ္ပန္နာတီတဝါရ အနုလုံ၌နောဝိဘင်းထွက်ရခြင်းအကြောင်း**

စိတ်၏ ဥပါဒ်ဌီဘင်-ဟူသော ပစ္စုပ္ပန်ခဏ၌ 'ဥပ္ပဇ္ဇိတ္ထ' ဟူသော အတိတ်ဝေါဟာရကိုမရအပ် သောကြောင့် 'နော' ဝိဘင်းထွက်ရပါသည်။ (ယမကတ္ထ ၄၁၅)

**ပုဂ္ဂလဓမ္မဝါရ** = ပုဂ္ဂလဓမ္မဝါရသည် ဓမ္မဝါရနှင့်အလားတူ၏။ ပုဂ္ဂလဝါရကို မိမိသဘောအားဖြင့် ပြအပ်၏။ ဓမ္မဝါရ နှင့်ပုဂ္ဂလဝါရကိုကား တူသောအဖြစ်ဖြင့် ပြအပ်၏။ (အရကောက် ၄၆၁)

**သရာဂပစ္ဆိမစိတ်**

တဏှာမခြားဘဲ မဂ်လေးတန်ကိုရလတ္တံ့သောသူဖြစ်အံ့၊ အဆုံးစွန်သောတဏှာနှင့်ယှဉ်သော သတ္တမဇော၏ ဥပ္ပါဒက္ခဏသမင်္ဂီဖြစ်သောတိဟိတ်ပုထုဇဉ်၊ သောတာပန်ဖြစ်ပြီးမှ တဏှာခြားသည်။ သကဒါဂါမ်ဖြစ်ပြီးမှ တဏှာခြားသည်။ အနာဂါမ်ဖြစ်ပြီးမှ တဏှာခြားသည်ဖြစ်အံ့၊ အဆုံးအစွန်သော တဏှာနှင့်ယှဉ်သော သတ္တမဇော၏ ဥပ္ပါဒက္ခဏသမင်္ဂီဖြစ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တို့၏အဆုံးစွန်သော လောဘဇောတည်း။ (အရကောက် ၄၆၁)

**ပစ္ဆိမကုသိုလ်** = အရဟတ္တမဂ်နောင်ကုသိုလ်မဥပါဒ်(မဖြစ်)တော့ပြီဖြစ်သောကြောင့် အရဟတ္တမဂ်သည် ပစ္ဆိမကုသိုလ်ဖြစ်၏။

http://www.dhammadownload.com



## အဘိဓမ္မမိဿက

မေး။ ဓမ္မယမိုက်၏ မာတိကာဖြစ်သောကြောင့် အဘိဓမ္မမိဿက-ကို နိဒ္ဒေသ၌ မဟောဟုအချို့သော ဆရာများ ဆိုကြရာ မှန်/မမှန် သာဓကပြဖြေပါ။

ဖြေ။ ဤစိတ္တယမိုက်ဥဒ္ဒေသ၌ပင် 'ယဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ' အစရှိသော ပါဠိရှိနေသောကြောင့် ကေစိဆရာတို့၏စကား မသင့်ပါ။

## စိတ္တယမက ပြီးပြီ
* * * * *

## ဓမ္မ ယမက

**ဘာဝနာဝါရ** = 'ယော ကုသလံ ဓမ္မံ ဘာဝေတိ' ဟူ၍လာသောကြောင့် ပရိညာဝါရကိုပင် ဘာဝနာဝါရဟု ဆိုသည်။ (အရကောက် ၄၆၉)

### ဓမ္မယမိုက် ပဝတ္တိဝါရ၌ ဟောသောပုဂ္ဂိုလ် နှင့် ကာလ
### ပုထုဇဉ်လေးယောက် အရိယာရှစ်ယောက်အားဖြင့် ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်လုံးကို

ပစ္စုပ္ပန်အစရှိသော ကာလဘေဒကို ပဋိသန္ဓိ ပဝတ္တိ စုတိတို့၏ အစွမ်းအားဖြင့် ပိုင်းခြားမှတ်သားရပါသည်။ (ယမကဋ္ဌ ၂၅၃)

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့၏ ဖြစ်ရာကာလကား -
ကုသိုလ်၊ အကုသိုလ်တရားတို့သည် ပဝတ္တိကာလ၌သာဖြစ်နိုင်ကြပါသည်။
အဗျာကတတရားသည်ကား ပဋိသန္ဓိ၊ ပဝတ္တိ၊ စုတိအားဖြင့် ကာလ(၃)ပါးလုံးတို့၌ ဖြစ်နိုင်ပါသည်။
ဆောင် = ကု အကုမှာ၊ ပဝတ်သာ၊ အဗျာ သုံးကာလ။ (ပဋိ-ပဝတ္တိ-စုတိ ကာလခွဲ)

ယဿကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ တဿ အကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ-၌ 'နော' ဝိဘင်းထွက်ရခြင်းအကြောင်း ကုသိုလ်စိတ် ဥပါဒ်ဆဲခဏ၌ အကုသိုလ်စိတ်မဥပါဒ်နိုင်သောကြောင့် 'နော' ဝိဘင်းထွက်ရပါသည်။

### ကုသလဝိပ္ပယုတ္တ အကုသလဝိပ္ပယုတ္တစိတ်

ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသတို့ကို (တနည်း) အဗျာကတစိတ်တို့ကို။ ကုသလဝိပ္ပယုတ္တ အကုသလဝိပ္ပယုတ္တစိတ်-ဟု ခေါ်ဆိုရပါသည်။ (ယမကဋ္ဌ ၂၅၇)

### အဗျာကတမူလဝိဘင်း

ပစ္စုပ္ပန်ကုသိုလ်မူ အဗျာကတမူလီ ပဋိလောမဝိဘင်း၌ အဗျာကတသည် ဒုက္ခသစ္စာနှင့် အလားတူသောကြောင့် သစ္စယမိုက်ကိုထောက်သော် 'နိရောဓသမာပန္နာနံ အသညသတ္တာနံ' မရှိသင့်ပြီဟု ဆရာမြတ်တို့ မိန့်ဆိုကြကုန်၏။ (အရကောက် ၄၇၅)

### အရူပဘုံ၌ 'ကုသိုလ်မှတပါး'-ဟု မိန့်ဆိုရခြင်းအကြောင်း

အရူပဘုံ၌ ကုသိုလ်ဥပါဒ်ခိုက် အကုသိုလ် အဗျာကတနှစ်ပါးလုံး မဥပါဒ်နိုင်သောကြောင့် (အရူပဘုံ၌ ကုသိုလ်မှတစ်ပါး) ဟူသောစကားကို အရကောက်ဆရာတော် မိန့်ဆိုတော်မူခြင်း ဖြစ် ပါသည်။(ယမကဋ္ဌ ၂၆၂)

F . 15. A

http://www.dhammadownload.com



### မုချဒုတိယ အကုသိုလ်စိတ်နှင့် တံသဒိသ ဒုတိယအကုသိုလ်စိတ်

ဘဝနိကန္တိက ဒုတိယဇောကို ဘဝနိကန္တိက ပဌမဇောမှ ထောက်၍နှစ်ခုမြောက် အကုသိုလ်စိတ်ဖြစ်သောကြောင့် 'မုချဒုတိယအကုသိုလ်စိတ်' ဟု ခေါ်၏။ ဘဝနိကန္တိက တတိယဇောမှစ၍ ရှေးဦးစွာဖြစ်သော မဟာကုသိုလ်ပဌမဇောတိုင်အောင်သောစိတ်တို့ကို ဘဝနိကန္တိက ဒုတိယအကုသိုလ်ဇောနှင့် ကုသိုလ်ဖြစ်ဖူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့် တူသော ကြောင့် 'တံ သဒိသဒုတိယ အကုသိုလ်စိတ်' ဟု ခေါ်သည်။ (ယမကဋ္ဌ ၂၆၅)

### မုချဒုတိယစိတ်နှင့် တံသဒိသဒုတိယစိတ်

ပဋိသန္ဓေနောင်ပဌမဘဝင်စိတ်ကို ပဋိသန္ဓေစိတ်မှထောက်၍ နှစ်ခုမြောက်စိတ်ဖြစ်သောကြောင့် 'မုချဒုတိယစိတ်' ဟု ခေါ်ဆိုရပါသည်။

ပဋိသန္ဓေစိတ် ကြွင်းသောဘဝင် (၁၅)ချက် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက ပဌမဇော၊ ဤ(၁၈)ချက်သော စိတ်တို့ကို မုချဒုတိယစိတ်နှင့် အကုသိုလ်ဖြစ်ဖူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် 'တံသဒိသဒုတိယစိတ်' ဟု ခေါ်ဆိုရပါသည်။ (ယမကဋ္ဌ ၂၆၆)

### မရဏာသန္နအကုသိုလ်ဇောနှင့်ပုဂ္ဂိုလ်

မရဏာသန္နအကုသိုလ်ဇောကို ဒုဂ္ဂတိ၌ဖြစ်လတ္တံ့သောပုဂ္ဂိုလ်၌သာရအပ်၏။

### ဓမ္မယမိုက် ဘာဝနာဝါရ၌ အဗျာကတတရားကို မဟောခြင်းအကြောင်း

အဗျာကတ တရားတို့သည် ကုသိုလ်တရားတို့ကဲ့သို့ပွားများအပ်သော ဘာဝေတဗ္ဗတရားလည်း မဟုတ်။ အကုသိုလ်တရားတို့ကဲ့သို့ပယ်အပ်သော ပဟာတဗ္ဗတရားလည်းမဟုတ်။ ထို့ကြောင့် အဗျာကတ တရားတို့ကို ဓမ္မယမိုက် ဘာဝနာဝါရ၌ ဟောကြားတော်မမူခြင်းဖြစ်သည်။

## ဓမ္မယမိုက် ပြီးပြီ

* * * * *

## ဣန္ဒြိယယမိုက်

**မေး၊** သုဒ္ဓိန္ဒြိယဝါရ ၌ (က) ကာယသာမည်၍ ဣန္ဒြေမမည်သောတရား။ (ခ) ဣန္ဒြေမမည်သောတရား များကို ဖော်ပြပါ။

**ဖြေ၊** (က) (စာမျက်နှာ ၇၀-ကာယမှ ၂-နံပါတ်ကို ကောက်ပါ) (၂၀၀၄-ခု၊ ရန်ကုန်တိုင်း)

(ခ) ဣန္ဒြေမှ တစ်ပါးသော စေ ၄၆၊ အနိန္ဒြိယရုပ် ၂၀၊ နိဗ္ဗာန်၊ ပညတ်ရ၏။

**မေး။** အာယတနယမကလာ ပဏ္ဏတ္တိ အနုလုံသုဒ္ဓါယတနဝါရနှင့် ဤ ဣန္ဒြိယ ယမကလာ ပဏ္ဏတ္တိအနုလုံ သုဒ္ဓိန္ဒြိယဝါရတို့ ဟောပုံအထူးကို ဝိဘင်း သာဓကပြဖြေဆိုပါ။

**ဖြေ။** အာယတနယမကလာ အနုလုံ သုဒ္ဓါယတနဝါရ၌ပရမတ္ထတရားသက်သက်ကိုသာဟောပါသည်။

ဤ ဣန္ဒြိယ ယမကလာ ပဏ္ဏတ္တိ အနုလုံ သုဒ္ဓိန္ဒြိယဝါရ၌ "ဣတ္ထိ ဣတ္ထိန္ဒြိယန္တိ? နော" - ဟူသော ဝိဘင်းကို ထောက်၍ ပညတ်ပါ ဟောသည်၊ ဤကား ဟောပုံအထူးဖြစ်ပါသည်။

သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ အနညာတညဿာမိတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-ဟူသော

http://www.dhammadownload.com



ခြောက်ပါးတို့ကို ပဝတ္တိအခါ၌သာဖြစ်သောကြောင့် (ပဋိသန္ဓေ၌မဖြစ်) ဣန္ဒြိယယမိုက်ပဝတ္တိ ဝါရ၌ ဟောကြားတော်မမူခြင်းဖြစ်ပါသည်။ (ယမကဋ္ဌ ၃၀၁) (အရကောက် ၅၁၇)

**ရူပဗြဟ္မာတို့အား ဘာဝရုပ်မဖြစ်ခြင်းအကြောင်း**

ကုသလက္ခန္ဓာ ပုရိသိန္ဒြေတို့သည် ဗဟလကာမရာဂလျှင် အားကြီးသောအကြောင်းရှိကြကုန်သည် ဖြစ်၏။ ၎င်းဗဟလကာမရာဂ၏ ဗြဟ္မာတို့သန္တာန်၌ဖြစ်ခြင်းမရှိသောကြောင့် ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ တို့သည် ဗြဟ္မာတို့သန္တာန်၌ မဖြစ်နိုင်ပါ။ (ယမကဋ္ဌ ၃၀၅)

**ဣတ္ထိန္ဒြေဖြစ်ဆဲပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်ဆဲရသင့် မသင့်**

ဥဘတောဗျည်းသည် ယောကျ်ားဥဘတောဗျည်း၊ မိန်းမဥဘတောဗျည်းအားဖြင့် နှစ်မျိုးရှိရာ ယောကျ်ားဥဘတောဗျည်းအား ပုရိသိန္ဒြေသာဖြစ်၏။ ဣတ္ထိန္ဒြေမဖြစ်၊ မိန်းမဥဘတောဗျည်းအား ဣတ္ထိန္ဒြေသာဖြစ်၏။ပုရိသိန္ဒြေမဖြစ်။ထို့ကြောင့် 'အာမန္တာ' ဝိဘင်းမထွက်ဘဲ 'နော' ဝိဘင်းထွက်ရပါသည်။ ၃၁၃

**လိင်ပြန်ပုဂ္ဂိုလ်ကိုရည်၍ 'အာမန္တာ' ဝိဘင်းမထွက်ခြင်း**

လိင်ပြန်ပုဂ္ဂိုလ်သည် ပဋိသန္ဓေအခါပြန်သည်မဟုတ်၊ ပဝတ္တိအခါ၌သာပြန်၏။ ဥပ္ပဇ္ဇတိ-ပုဒ်သော ကြိယာမှာကား ပဝတ္တိကိုရည်၍ဆိုခြင်းမဟုတ်။ ဤပဋိသန္ဓေခဏကိုသာရည်၍ဆိုခြင်းဖြစ်သောကြောင့် 'နော' ဟု ထွက်ရပါသည်။ (ယမကဋ္ဌ ၃၁၄)

**လိင်ပြန်ပုဂ္ဂိုလ်နှင့် ဥဘတောဗျည်းအထူး**

လိင်ပြန်ပုဂ္ဂိုလ်မှာလိင်လည်းဖောက်ပြန်၊ ဣန္ဒြေလည်းဖောက်ပြန်သည်။ ဥဘတောဗျည်းမှာ လိင်သာဖောက်ပြန်၍၊ ဣန္ဒြေမဖောက်ပြန်ပေ။ ဤကဲ့သို့ထူးကြပါသည်။ (ယမကဋ္ဌ ၃၁၈)

**ဇီဝိတိန္ဒြေကို အလယ်၊ မနိန္ဒြေကိုအဆုံးထားဟောရ ကြောင်း**

**မေး**။ မည်သည့်အကြောင်းကြောင့် (က) ဇီဝိတိန္ဒြေကို အလယ်ထား၍၊ (ခ)မနိန္ဒြေကိုနောက်ဆုံးထားကာ ဟောရကြောင်းကိုဖြေရှင်းပြပါ။

ဖြေ။ (က)ဇီဝိတိန္ဒြေသည်ပဋိသန္ဓေစုတိကိုသာဟောသော စက္ခုန္ဒြေ စသောရှေ့ပိုင်းဣန္ဒြေများနှင့်လည်း ဆက်ဆံသည်။ ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိ တို့ကိုဟောသော သောမနဿိန္ဒြေ စသောနောက်ပိုင်းဣန္ဒြေ များနှင့်လည်း ဆက်ဆံသည်။ ထို့ကြောင့် ဇီဝိတိန္ဒြေကို အလယ်ထား၍ ဟောတော်မူပါသည်။

(ခ) မနိန္ဒြေသည် ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိအခါတို့၌ ဖြစ်ကြသော ကမ္မဇ၊ အကမ္မဇ ဣန္ဒြေတို့နှင့် ယှဉ်ခဲ့၏။ သမ္ပယုတ်တရားတို့၏ ရှေ့သွားဖြစ်သော ပြဋ္ဌာန်းသောတရားဖြစ်သော်လည်း ဇီဝိတိန္ဒြေကဲ့သို့ တစ်ပါးသော ရုပ်နာမ်တရားတို့၏ မှီရာအဖြစ်ဖြင့်ကား မယူအပ်။ ထုပိကာသည် အခြင်ရနယ်စသည်တို့၏ စုဝေးရာအရပ်ဖြစ်သလို အလုံးစုံသော ဣန္ဒြေတို့၏ စုဝေးရာဖြစ်၍ နောက်ဆုံးထားကာ ဟောတော်မူသည်။

**မေး**။ စက္ခုန္ဒြေသာဖြစ်ဆဲရ၍ သောမနဿိန္ဒြေဖြစ်ဆဲမရသော ပုဂ္ဂိုလ်ကို ဝိဘင်းထုတ်ပြ၍၊ ထိုဝိဘင်းအရ (က) အဋ္ဌကထာအလို၊ (ခ) ဋီကာအလိုကောက်ပြပါ။

ဖြေ၊ ဝိဘင်းကား - သစက္ခုကာနံ ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ တေသံ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နောစ တေသံ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတိ။

http://www.dhammadownload.com



(က) ဥပေက္ခာသဟဂုတ် မဟာဝိပါက်ပဋိသန္ဓေစိတ်လေးခု၊ စေတသိက်ဗာတ္တိံသ ကမ္မဇကလာပ်၃-၄-၇ တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ-ဟုဆိုအပ်သောသစက္ခုကပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ဒွိဟိတ်, တိဟိတ်ပုထုဇဉ်အောက်ဖလဌာန်ပုဂ္ဂိုလ် သုံးယောက်ရ၏။

(ခ) ပဥ္စဝေါကာရဥပေက္ခာပဋိသန္ဓေ ၇-ခု၊ စေတသိက်ဗာတ္တိံသ ကမ္မဇကလာပ် ၃-၄-၇တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ-ဟုဆိုအပ်သော သစက္ခုကပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်၊ အောက်ဖလဌာန်ပုဂ္ဂိုလ်သုံးယောက်ရ၏။ (ကောက်-၅၁၇-၈)

**မှတ်ချက်**=လက်ရှိအရကောက်သည် မူလဋီကာလိုက်၍ကောက်ထားခြင်းဖြစ်သည်။ ကျန်သော စက္ခု+ဥပေက္ခာမူလီ၌လည်း အလုံ အနုလောမတစ်ဖက်ရ၌ ၄အလိုက"အဟိတ်ပဋိသန္ဓေကိုသာ"ကောက်သည်။ ဋီကာအလိုက-"အဟိတ်ပဋိသန္ဓေ, အရူပပဋိသန္ဓေ ၄-ခု" တို့ကို ကောက်သည်။ ထို့အတူ စက္ခု+ပညိန္ဒြေ ၌လည်း ၄-အလို "ဒွိဟိတ် ပဋိသန္ဓေ"ကိုသာကောက်သည်။ မူလဋီကာ-အလို "အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေ" ၂-မျိုးလုံးကောက်သည်။ (အရကောက်ကားမူလဋီကာလိုက်၍ ကောက်သည် သို့မှုလည်း သဘာဝကျသည်။)

## ဇီဝိတိန္ဒြေမူကို ပဋိသန္ဓေ၊ စုတိ၊ ပဝတ္တိ တို့၏ အစွမ်းအားဖြင့် ဟောတော်မူခြင်းအကြောင်း

ဇီဝိတိန္ဒြေသည် စုတိ၊ပဋိသန္ဓေအခါ၌သာ သဟဇာတ်ရုပ်နာမ်ဓမ္မတို့ကို စောင့်ရှောက်ခြင်းအနုပါလန လက္ခဏာဖြင့်ဖြစ်သည်မဟုတ်သေး။ ပဝတ္တိအခါ၌လည်း ကမ္မဇ၊ အကမ္မဇ ရုပ်နာမ်ဓမ္မတို့ကို စောင့် ရှောက်ခြင်း အနုပါလနလက္ခဏာဖြင့်ဖြစ်သောကြောင့် ဇီဝိတိန္ဒြေကို စုတိ၊ ပဋိသန္ဓေ၊ ပဝတ္တိတို့၏ အစွမ်း အားဖြင့် ဟောကြားတော်မူရပါသည်။ (ယမကဋ္ဌ ၃၂၂)

**မေး**၊ ဃာနိန္ဒြေ+သောမနဿိန္ဒြေ နှစ်ပါးဖြစ်ဆဲကောက်ရာ၌ "သဃာနက ဥပပဇ္ဇန္တ"ဟုမဆိုရပါသနည်း။

**ဖြေ**၊ သောမနဿပဋိသန္ဓေမှာ အဃာနကအလျဉ်းမရှိသောကြောင့်"သဃာနက ဥပပဇ္ဇန္တ"ဟုမဆိုရပါ။ (ကောက်-၅၂၀)

## မုချဒုတိယ တံယဒိသဒုတိယစိတ်

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်ကို ပဋိသန္ဓေစိတ်မှထောက်၍ နှစ်ခုမြောက်စိတ်ဖြစ်သောကြောင့် " မုချဒုတိယစိတ် " ဟုခေါ်သည်။

ဒုတိယဘဝင်မှစ၍ ရှေးဦးစွာဖြစ်သော သောမနဿသဟဂုတ် ပဌမဇောတိုင်အောင်သောစိတ်တို့ကို မုချဒုတိယစိတ်နှင့် သောမနဿိန္ဒြေဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့်တူသော ကြောင့် သဒိသူပစာအားဖြင့် "တံသဒိသဒုတိယစိတ်" ဟု ခေါ်သည်။ (ယမကဋ္ဌ ၃၅၄)

## မိန်းမများနှင့် ဗြဟ္မာ

မိန်းမများသည် အရိယာဟုတ်သည်ဖြစ်စေ၊ အရိယာမဟုတ်သည်ဖြစ်စေ၊ သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသော်လည်း ဗြဟ္မပါရိသဇ္ဇာခေါ်သော အောက်ဗြဟ္မာဘုံ၌သာ ဖြစ်သည်။ အထက်ဗြဟ္မာဘုံ၌ မဖြစ်နိုင်၊ တစ်ဖန် ဗြဟ္မပါရိသဇ္ဇာဘုံမှ ဆင့်တက်သည့်သူကိုရည်၍ "ယာ စ က္ကတ္တိယော ရူပါဝစရံ အရူပါဝစရံ" အစရှိသည်ကို ဟောတော်မူသည်။ (ကောက်-၅၆၉)

http://www.dhammadownload.com



## အရိယာပုရိသ ဣတ္ထိမဖြစ်ပြီ

အရိယာဖြစ်သော ပုရိသသည် ဣတ္ထိမဖြစ်တော့ပါ။ ထို့ကြောင့် ဣတ္ထိဘောဖြင့် တဘဝ နှစ်ဘဝ အစရှိသည်ဖြင့် ဖြစ်၍၊ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုရိသအရ ပုထုဇဉ်လေးယောက်ကိုသာ ကောက်ရသည်။

## အရိယာမိန်းမများ ပရိနိဗ္ဗာန်ပြုခါနီး ပုရိသလိင် ပြန်–မပြန်

နိရောဓဝါရ ပစ္စုပ္ပန္နာနာဂတ၌ " ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ " စသည်ဖြင့် ဝိဘင်းထုတ်ရမည် ဖြစ်သော ကြောင့် အရိယာဖြစ်သော မိန်းမများ ပရိနိဗ္ဗာန်ပြုခါနီး၌ ပုရိသလိင်ပြန်၍ ပရိနိဗ္ဗာန်ပြုကုန်၏-ဟူသော စကား မသင့်ပါ။ "ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ"-ကို ထောက်ပါ။

မေး၊ "ယာ စ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ"-အစရှိသော ဝိဘင်းကို အဘယ့်ကြောင့်ဟောပါသနည်း။

ဖြေ၊ မိန်မတို့သည် အရိယာဖြစ်စေ၊ အရိယာမဟုတ်သည်ဖြစ်စေ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော်လည်း ပြဟ္မပါရိသဇ္ဇဘုံမှဆင့်၍ တက်သည့်သူကို ရည်၍ "ယာ စ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ"အစရှိ သည်ကို ဟောတော်မူပါသည်။ (ကောက်-၅၆၉)

မေး၊ 'အရိယာဖြစ်သော ရဟန္တာမိန်းမတို့သည် ပရိနိဗ္ဗာန်ပြုခါနီးကာလ၌ ပုရိသလိင်ပြန်၍ ပရိနိဗ္ဗာန်ပြု၏' ဟူသောအယူအဆ မှန်/မမှန်ဖြစ်ထိုက်သော ဝိဘင်ပါဠိတော်သာဓကများပြလျက် ဖြေရှင်းပြပါ။

ဖြေ၊ မမှန်ပါ။ ဣန္ဒြိယ ယမိုက် နိရောဓဝါရ ပစ္စုပ္ပန္နာနာဂတဝါရ အနုလောမတစ်ဖက်ရ၌ "ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ, ယာ စ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ, ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိတာသံ စဝန္တီနံတာသံ" ဟူသော ဝိဘင်း ကို ထောက်၍ 'အရိယာဖြစ်သော ရဟန္တာမိန်းမတို့သည် ပရိနိဗ္ဗာန်ပြုခါနီးကာလ၌ ပုရိသလိင်ပြန်၍ ပရိနိဗ္ဗာန်ပြု၏' ဟူသောအယူအဆ မမှန်ပါ။

## ဒိဝိတံမှု၊ ဥပေက္ခိန္ဒြေမူလီ၌ အဆုံးစွန်သော ဥပက္ခာသဟဂုတ်မှစ၍ ကောက်ရာ၌ရဟန္တာသာ ရသင့်ခြင်းအကြောင်း

အဘယ်ကြောင့် ရဟန္တာသာရသင့်သနည်း-ဟူမှုကား ဝီထိဟူသမျှသည် အာဝဇ္ဇန်းနှင့်ကင်း၍ မဖြစ်ကောင်းသောကြောင့်တည်း။ ထိုစကားသည်မှန်၏။ မရဏာသန္နဝီထိ၌ ဇောတဒါရုံတို့သည် သောမနဿသဟဂုတ်ပင်ဖြစ်ငြားသော်လည်း မနောဒွါရာဝဇ္ဇန်းသည် ဥပေက္ခာသဟဂုတ် ဖြစ်သော ကြောင့် အဆုံးစွန်သော ဥပက္ခာသဟဂုတ်ဖြစ်သည်။ ဇောတဒါရုံတို့သည် ဥပေက္ခာသဟဂုတ်ဖြစ်အံ့၊ ပဌမဇော၊ ဒုတိယတဒါရုံတို့သည် အဆုံးစွန်သော ဥပေက္ခာသဟဂုတ်ဖြစ်သည်။ ထို့ကြောင့် ရဟန္တာ သာတည်း။

မေး။ သောမနဿိန္ဒြေမူလီ၌ အဆုံးစွန်သော သောမနဿသဟဂုတ်မှစ၍ ကောက်ရာ၌ကျွတ်ထိုက် သော တိဟိတ်ပုထုဇဉ် အရိယာရှစ်ယောက်တို့ကို အဘယ်ကြောင့် ကောက်ရပါသနည်း။

ဖြေ။ ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား ပရိနိဗ္ဗာန်ပြုခါနီးကာလ၌ သောမနဿ သဟဂုတ်ဇော တဒါရုံတို့သည် မဖြစ်မူ၍ အဆုံးစွန်သော မဂ္ဂဝီထိ၊ ဖလဝီထိ၊ မရဏာသန္နဝီထိ

http://www.dhammadownload.com



အစရှိသည် တို့သည် ဥပေက္ခာသဟဂုတ်ချည်းသာ ဖြစ်သောကြောင့်ကောက်ရပါသည်။

**မေး**၊"ယာ စ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ"-အစရှိသော ဝိဘင်းကို အဘယ့်ကြောင့်ဟောပါသနည်း။

ဖြေ၊ မိန်မတို့သည် အရိယာဖြစ်စေ၊ အရိယာမဟုတ်သည်ဖြစ်စေ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသော်လည်း ဗြဟ္မပါရိသဇ္ဇဘုံမှဆင့်၍ တက်မည့်သူကို ရည်၍"ယာ စ ဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ"အစရှိသည်ကို ဟောတော်မူပါသည်။ (ကောက်-၅၆၉)

**အနက်** = အနာဂတ ပုဂ္ဂလ+ပုဂ္ဂလော (သောမနဿမူ+ဥပေက္ခာမူလီ)
နု-နု = ယဿ စိတ္တဿ အနန္တရာ သောမနဿသမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ၊(ကောက်-၅၅၁)
**အနက်** = ယဿ စိတ္တဿ၊ အကြင် **အဆုံးစွန်သော ဥပေက္ခာသဟဂုတ်စိတ်၏**။ အနန္တရာ၊ အခြားမဲ့၌။ သောမနဿသမ္ပယုတ္တပစ္ဆိမစိတ္တံ၊ သောမနဿသမ္ပယုတ္တပစ္ဆိမစိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေသံ-

နု-ပဋိ = ယဿ စိတ္တဿ အနန္တရာ ဥပေက္ခာသမ္ပယုတ္တပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ၊
**အနက်** = ယဿ စိတ္တဿ၊ အကြင်**အဆုံးစွန်သော သောမနဿသဟဂုတ်စိတ်၏**။ အနန္တရာ၊ အခြားမဲ့၌။ ဥပေက္ခာသမ္ပယုတ္တပစ္ဆိမစိတ္တံ၊ ဥပေက္ခာသမ္ပယုတ်ပစ္ဆိမစိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။
**မှတ်ချက်** = ပုဂ္ဂလ+ပုဂ္ဂလောကာသ ဇီဝိတမူဝယ် သောမနဿမူလီဖြစ်စေ၊ ဥပေက္ခာမူလီဖြစ်စေ မေးပါက အတူတူပင်ဖြစ်သည်ကို သဘောကျပါစေ။

### ပရိညာဝါရ၌ ဟောအပ်သော ဣန္ဒြေ၊ ဟောအပ်သော ပုဂ္ဂိုလ်

ဤပရိညာဝါရ၌ ဣန္ဒြေ (၂၂) ပါးလုံးပင် ဟောပါသည်။ ဟောအပ်သောပုဂ္ဂိုလ်တို့ကား -

- ဘဗ္ဗပုထုဇဉ်၊ အဘဗ္ဗပုထုဇဉ် (၂) ယောက်။
- အရဟတ္တဖလဋ္ဌာန်ကြဉ် အရိယာ (၇) ယောက်။
- အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။
- အရဟတ္တမဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်မှ တစ်ပါးသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်အားဖြင့်(၁၁)ယောက်ဖြစ်ပါသည်။ (ယမကတ္ထ ၃၈၂)

အရဟတ္တဖလဋ္ဌာန် တစ်ယောက်တည်းပင် အထက်ပါအတိုင်း ၂-ယောက်ခွဲထားခြင်းဖြစ်သည်။ **လိုရင်းမှာ** ပုထုဇဉ်နှင့် အရိယာ ရှစ်ယောက်၊ ပေါင်း ကိုးယောက်ပင်ဖြစ်သည်။

**မေး**၊ **"ပညာရှိ၊ သတိဖြစ်ခဲ "** ဟူသော စကားမှန်/မမှန် သာဓကေပြ ဖြေရှင်းပြပါ။

ဖြေ၊ မမှန်ပါ။ ယဿ ဝါ ပန ယတ္ထ ပညိန္ဒြိယံ ဥပ္ပဇ္ဇတိ တဿ တတ္ထ သတိန္ဒြိယံ ဥပ္ပဇ္ဇတီတိ အာမန္တာ-ဟူသော စကားကို ထောက်၍ ပညိန္ဒြေရသည့် တရားမှန်သမျှ သတိန္ဒြေ ရမြဲဖြစ်၍မမှန်ပါ။

**မေး**၊ ဣန္ဒြိယ ယမက ပစ္စုပ္ပန္နဝါရ၌ မူလပြုလုပ်ဟောသော ဣန္ဒြေများကို ဖော်ပြပါ။

ဖြေ၊ စက္ခုန္ဒြေ၊ ဃာနိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ပညိန္ဒြေ အားဖြင့် ၉-ပါးတို့သည် ဣန္ဒြိယ ယမက ပစ္စုပ္ပန္နဝါရ၌ မူလပြုလုပ်ဟောသော ဣန္ဒြေများဖြစ်ပါသည်။

**မေး**၊ သင်္ဂါရဝမိုက် ပစ္စုပ္ပန်လာ အရူပဘုံ၌ စတုတ္ထစျာန်ဇော ၁၅-ပါးကိုဖော်ပြ၍၊ စာဖြေသူငါ့ရှင်တို့၏ စာဖြေချိန် ၃-နာရီရှိ ထွက်သက်၊ ဝင်သက်ကိုလည်းဖော်ပြပါ။

http://www.dhammadownload.com



ဖြေ၊ အရူပဘုံ၌ **စတုတ္ထဈာန်ဇော ၁၅**-ခု ဟူသော်ကား - -

သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာ စတုတ္ထဈာန်ဇော ၇-ခု၊

အရူပကုသိုလ် ၄-ခု၊

အရူပ ကြိယာ ၄-ခု၊ ပေါင်း ၁၅-ခုဖြစ်ပါသည်။

စာဖြေချိန် ၃-နာရီ အဖြေ အတွက် ဤကျမ်း နှာ ၁၄-နှင့် ၁၀၀-တို့၌ရှုပါ။

**မေး**။ အောက်ပါ (ပုဂ္ဂိုလ်များ၏) ဝိဘင်းများအရ မှန်ကန်စွာကောက်ပြပါ

(က)မိန်းမဖြစ်လျက် ဉာဏ်ကောင်းသော "ဣတ္ထီနံ ဉာဏသမ္ပယုတ္တာနံဥပပဇ္ဇန္တီနံ တာသံ"ပုဂ္ဂိုလ်များ။

(ခ) "ဉာဏသမ္ပယုတ္တာနံ န ပုရိသာနံ ဥပပဇ္ဇန္တာနံ တေသံ" ပုဂ္ဂိုလ်များ။ (ပါဠိ ၃-၁၁၉)

(ဂ) ယောကျားလည်းဖြစ်, ဉာဏ်လည်းကောင်းသူ(ဉာဏသမ္ပယုတ္တာနံ ပုရိသာနံ ဥပပဇ္ဇန္တာနံတေသံ)

ဖြေ။ (က) ကာမတိဟိတ်ပဋိသန္ဓေ ၄-ခုတို့၏ ဥပ္ပါ-သော **ဣတ္ထိကာမာဝစရဥပပဇ္ဇန္တဖြစ်သော** တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်ရ၏။ (ကောက်-၅၂၅)

(ခ) တိဟိတ်ပဋိသန္ဓေ တေရသတို့၏ ဥပ္ပါ-သော **ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တ**, ရူပါဝစရ အရူပါဝစရဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်၊ အဖ၃ယောက်ရ၏။ (ကောက်-၅၂၅)မေးလေ့ရှိသည်)

(ဂ) ကာမတိဟိတ်ပဋိသန္ဓေ ၄-ခုတို့၏ ဥပ္ပါ-သော **ပုရိသကာမာဝစရဥပပဇ္ဇန္တဖြစ်သော** တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်ရ၏။ (ကောက်-၅၂၅-နည်းမှီ၍)

**မေး**။ အောက်ပါပုဂ္ဂိုလ်များကို မှန်စွာကောက်ပြပါ။

(က ပကတိမျက်စိ အမြင်သာရှိ၍ ဉာဏ်မျက်စိအမြင်မရှိသူများ။

(ခ) ပကတိမျက်စိ အမြင်လည်းရှိ ဉာဏ်မျက်စိအမြင်လည်းရှိသူများ။

ဖြေ။ (က) အဟိတ်ပဋိသန္ဓေ၂-ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ပဋိသန္ဓေ ၄-ခု။စေ ဗာတ္တိံသတို့၏ ဥပ္ပါ-သော ဒုဂ္ဂတိအဟိတ်, ဒွိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကာမ ၁၁-ဘုံရ၏။

(ခ) ပဉ္စဝေါကာရ တိဟိတ်ပဋိသန္ဓေ ၉-စေတသိက် ပဉ္စတိံသတို့၏ ဥပ္ပါ-သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ရ၏။**(ကောက်-၅၁၉)**

**မေး**။ ကတ္တ အဝိဇ္ဇာနုသယော အနုသေတိ-ဟူသော ပုစ္ဆာ၏ အဖြေဝိဿဇ္ဇနာ ပါဠိကို -

(က) ပါဠိလျှောက်အားဖြင့်ရင်း၊

(ခ) အရကောက်ပေါ်လွင်စေလျက်ရင်း အနက်ပေးပြပါ။

ဖြေ။ (က) လက်ရှိအနက်အတိုင်းပင် အနက်ပေးပါ။

(ခ) သဗ္ဗသက္ကာယ ပရိယာပန္နေသု၊ ကုန်သော၊ (ဓမ္မေသု နှင့် ဧတ္ထ ပုဒ်တို့၌ ခါတ်သုံးပါး ဝေဒနာ သုံးပါးလုံးစီပေါ်အောင်ပေးပါ) (၂၀၀၅-ခု၊ ရန်ကုန်တိုင်း)

**အထက်ယမိုက်(၅)ကျမ်း အစီပွါယ်ပြီး၏**

http://www.dhammadownload.com



**သင်္ခါရယမက – ပဒသောဓနဝါရ ကာယသင်္ခါရယမကဥ္စ ၃–မျိုးကောက်နည်း**

မေး၊ ကာယော ကာယသင်္ခါရော ဥ္စ ကာယအရကိုသာ နည်းစုံခွဲခြားကောက်ပြပါ။ (နမူနာ-ကြည့်ဖြေပါ)

**ပထမနည်း** - -

| | | |
|---|---|---|
| ၁ | **ကာယ** | စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ၊ |
| ၂ | **ကာယသင်္ခါရ** | ကရဇကာယ၏အကျိုးဆက်ဖြစ်သော အ-ပ ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ် |
| ၃ | နိက်၂-ဖက်ရ | ကာယ, ကာယသင်္ခါရမှတစ်ပါး စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်၊ |

**ဒုတိယနည်း** - -

| | | |
|---|---|---|
| ၁ | **ကာယ** | ကာမဘုံ၌ ထွက်သက်ဝင်သက်ဖြစ်စေနိုင်သော အဇ္ဈတ္တ စတုသမုဋ္ဌာနိကရုပ် အပေါင်း၊ |
| ၂ | **ကာယသင်္ခါရ** | ကာယ၏အကျိုးဆက်ဖြစ်သော အ-ပ ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်၊ |
| ၃ | နိက်၂-ဖက်ရ | ကာယ, ကာယသင်္ခါရမှတစ်ပါး စိတ် ၈၉၊ စေ ၅၂၊ အဿာသပဿာသမရှိသော ရူပဘုံ၌ ဃာန, ဇိဝှာ, ကာယ, ဣတ္ထိဘော, ပုမ္ဘောကြဉ်သော တိသမုဋ္ဌာန်ရုပ် ၂၃၊ ဗဟိဒ္ဓဖြစ်သော ဥတုဇကလာပ်ရုပ်၊ နိဗ္ဗာန်၊ ပညတ်။ |

**တတိယနည်း** - -

| | | |
|---|---|---|
| ၁ | ကာယ | အလုံးစုံသော ရုပ် ၂၈၊ |
| ၂ | **ကာယသင်္ခါရ** | ကာယ၏ အကျိုးဆက်ဖြစ်သော အ-ပ ဟုဆိုအပ်သော စိတ္တဇဝါယောဓာတ်၊ |
| ၃ | နိက်၂-ဖက်ရ | ကာယ, ကာယသင်္ခါရမှတစ်ပါး စိတ်၈၉၊ စေ ၅၂၊ နိဗ္ဗာန်၊ ပညတ်။ |

**ယုံကြည်မိ**

၁။ ယမကအလင်းရောင် (ပထမလတ်တန်း) **တတိယအကြိမ်၊**

၂။ ယမကအလင်းရောင် (ပထမကြီးတန်း) အားလုံးပေါင်း **စတုတ္ထအကြိမ်၊**

၃။ ပဋ္ဌာန်းလင်းရောင် **(စတုတ္ထအကြိမ်-၂၀၀၅-ခု)**

**မှတ်ချက်။** ။ တစ်ကြိမ်ထက်တစ်ကြိမ် အထူးမွမ်းမံပြင်ဆင်ချက်များဖြင့် ခြယ်မှုန်းထား၍ စာချစာသင်တို့ ကျေနပ်မှုကို ဧကန်ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

http://www.dhammadownload.com



## ဆုတောင်း အမျှဝေ

ဤစာရေးရ၊ ကုသလကြောင့်၊ ချမ်းမြအေးကြည်၊
ဘေးမဲ့မည်သည့်၊ ရွှေပြည်နိဗ္ဗာန်၊ ကေန်ရောက်စေ၊
တောင်းဆုရွှေ၏။ ဖြစ်လေရာရာ၊ သံသရာ၌၊
ပညာကြီးရင့်၊ ဉာဏ်ထီးဖွင့်၍၊ ကြီးမြင့်တေဇော်၊
အာနုဘော်နှင့်၊ သူတော်သူမြတ်၊ မြဲဆည်းကပ်၍၊
သူမြတ်ဖြစ်လို၊ တောင်းဆုဆို၏။ ကုသိုလ်အဝဝ၊
ဖိုးဘာဂကို၊ မိဘဆရာ၊ အစဖြာ၍၊ သတ္တဝါအနန္တ၊
မကျန်ရစေ၊ အမျှဝေသည်၊ များထွေသာဓု ခေါ်စေသော်။

### ကျေးဇူးဆပ်၏

ဗုဒ္ဓဓမ္မ၊ မြတ်သံဃနှင့်၊
မိဘနှစ်ဖြာ၊ မြတ်ဆရာကို၊
ဤစာတင့်လျှမ်း၊
**"ပဋ္ဌာန်းအလင်းရောင်"** ကျမ်းဖြင့်
ရဟန်းဒကာ၊ ဆွမ်းဒကာပါ၊
ဝမ်းသာရွှင်မြူး၊ သဒ္ဓါထူးဖြင့်၊
ကြည်နူးမပြတ်၊ ကျေးဇူးဆပ်၏။

### ဦးစားပေးပါ

* ဖြစ်ချင်တာထက်
  ဖြစ်သင့်တာကို
  ဦးစားပေးပါ။
* ဖြစ်သင့်တာမှ
  ဖြစ်တာကို ဦးစားပေးပါ။

### အလှသစ္စာ

* ရောင်စုံလန်းဆန်း၊ ရနံ့လွှမ်းသည့်
  ပန်းကလေးတွေ၊ အလှဝေလည်း
  မကြွေကျခင်၊ အလှဆင်သည်
  တဒင်္ဂအလှ၊ သူ့ဘဝ။
* တောတွေတောင်တွေ၊ အလှဝေလည်း
  နွေမရောက်ခင်၊ အလှဆင်သည်
  တဒင်္ဂအလှ၊ သူ့ဘဝ။
* အသားရွှေဝါ၊ ပါးနီတျာနှင့်
  နှာတံမျက်လုံး၊ ရှုမဆုံးအောင်
  ကော့မျက်တောင်နှင့်၊ နက်မှောင်ဆံပင်
  မြင်သူတိုင်းငေး၊ နုယဉ်ကျေး၍
  နတ်ဆေးပန်းချီ၊ ရေးမမီသို့
  စုံညီလှရှာ၊ ထိုသူမှာလည်း
  ဇရာမရောက်ခင်၊ အလှဆင်သည်
  တဒင်္ဂအလှ၊ သူ့ဘဝ။
* စိတ်ထားကောင်းခြင်း၊ ရိုးသားခြင်းနှင့်
  ရိုင်းပင်းကူညီ၊ ဤသုံးလီကား
  အခြားအလှ၊ ယှဉ်မရ၍
  ဘဝနောက်နောင်၊ ကာလခေါင်ထိ
  အရောင်ထွက်ဆဲ၊ လှနေဆဲမို့
  အမြဲထာဝရ၊ လှမြဲလှသည်
  အလှသစ္စာ တရားပါတကား။ ။

အရှင်တေဇနိယ (စာချ)၊ ဗဟန်း။

F 16 B B

http://www.dhammadownload.com



## ၂၀၀၄-ခုနှစ်၊ ရန်ကုန်တိုင်း ပထမကြီးတန်း ယမကပုစ္ဆာနှင့် အဖြေမှန်များ

၁။ စိတ္တသင်္ခါရ၏ သရူပကျွာပါဠိတော်ကို အနက်ပေး၍ သင်္ခါရသုံးပါးလုံး ချုပ်ဖူးမရသော ပုဂ္ဂိုလ်,ဘုံတို့ကို လည်းတိကျစွာ ကောက်ပြပါ။

၂။ ဝစီသင်္ခါရသာဖြစ်ဆဲရ၍ ကာယသင်္ခါရ ဖြစ်ဆဲမရသောပုဂ္ဂိုလ်များကို ဝိဘင်းထုတ်၍ အရကောက်ပြီးလျှင် ထိုဝိဘင်းဖြင့်ပြဆိုအပ်သော အဓိပ္ပါယ်ကိုလည်းဖော်ပြပါ။

၃။ ယတ္ထ ဝါ ပန ဒိဋ္ဌာနုသယော အနုသေတိ၊ တတ္ထ ပဋိဃာနုသယော အနုသေတိ-ဟူသော ပုစ္ဆာ၏ ဝိဿဇ္ဇနာအစုံကို ဥပ္ပတ္တိဋ္ဌာနရှုမျှော်၍ တိကျစွာ အနက်ပေးပြပါ။

၄။ ပဇဟနဝါရ တိမူလာ 'ယော ဝါ ပန ယတော ဘဝရာဂါနုသယံ ပဇဟတိ' စသောပုစ္ဆာကို ဝိဿဇ္ဇနာ ထုတ်၍ ဝိဿနာအမျိုးအစားကိုလည်း တိကျစွာဖော်ပြပြီးလျှင်၊ 'ရူပဓာတုယာ စုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ'- ဟူသောပုစ္ဆာ၏ အဖြေပါဠိကိုသာ အရကောက်ပေါ် လွင်စေလျှက် အနက်ပေးပြပါ။

၅။ န နိရုဇ္ဈမာနံ န နိရုဒ္ဓန္တိ-၏ တစ်ဖက်ရဝိဘင်းကိုသာ အကောက်ရှုမျှော်၍ (က) ပုဂ္ဂလဝါရ၊ (ခ) ပုဂ္ဂလဓမ္မဝါရများနှင့်အညီ အနက်ပေး၍၊ သမာဟိတစိတ်ကိုလည်းဖော်ပြပါ။

၆။ ယဿ စိတ္တံ န ဥပ္ပဇ္ဇတိ၊ တဿ စိတ္တံ နိရုဇ္ဈတီတိ-ကို ဝိဘင်းအပြည့်အစုံ ထုတ်ပြ၍၊ နှစ်ဖက်ရမျှ ကောက်ပြပြီးလျှင်၊ အတိက္ကန္တဝါရ ပစ္စနိက် အနုလောမ၌ " အာမန္တာ " ဟု ဟောတော်မူသင့်လျှက် အဘယ့်ကြောင့် "ဥပ္ပါဒက္ခဏေ အနာဂတံ စိတ္တံ " ဟု ဟောတော်မူရပါသနည်းရှင်းပြခဲ့ပါ။

၇။ ကုသိုလ်, အကုသိုလ်နှစ်ပါး ချုပ်ဆဲမရသော ပုဂ္ဂိုလ်များကို ဝိဘင်းနှင့်တကွ ကောက်ပြ၍၊ ယတ္ထ ကုသလာ ဓမ္မာ န နိရုဇ္ဈိဿန္တိ တတ္ထ အဗျာကတာ ဓမ္မာ န နိရုဇ္ဈိဿန္တီတိ-ကို ဝိဘင်းထုတ်၍ တစ်ဖက်ရမျှ ကောက်ပြပါ။

၈။ သုဒ္ဓါဝါသဗြဟ္မာကြီးများ၌ ကုသိုလ်,အကုသိုလ်တရားနှစ်ပါးတွင် မည်သည့်တရားကစတင်ဖြစ်သည်ကို ဝိဘင်းသာဓကပြဖြေဆို၍၊ အဗျာကတသာ ဖြစ်လတ္တံ့ရ၍ ကုသိုလ်ဖြစ်လတ္တံ့ မရသောပုဂ္ဂိုလ်, ဘုံတို့တွင် အတုပုဂ္ဂိုလ်, ဘုံများတို့ကိုသာ တိကျစွာကောက်ပြပါ။

၉။ ဣန္ဒြိယ ယမကလာ အောက်ပါတို့ကို ဖော်ပြပါ-

(က) ပဒသောဓနမူလစက္ကဝါရရှိ ယမကပေါင်း၊

(ခ) ဣန္ဒြေမမည်သောတရား၊

(ဂ) ကာယသာမည်၍ ဣန္ဒြေမမည်သောတရား၊

၁၀။ဣန္ဒြိယ ယမက ပုရိသိန္ဒြေမူ ပညိန္ဒြေမူလီ ပဋိလောမတစ်ဖက်ရကို ပစ္စုပ္ပန္နဝါရ ပုဂ္ဂလောကာသရှု၍ ကောက်ပြပြီးလျှင်၊ သောမနဿိန္ဒြေလည်းဖြစ်ဆဲမရ, ဥပေက္ခိန္ဒြေလည်းဖြစ်လတ္တံ့ မရသော ပုဂ္ဂိုလ်များကိုလည်း ဝိဘင်းမျှထုတ်ပြပါ။

**မှတ်ချက်**။ ။၁၃၆၅-ခုနှစ် ရက်စွဲဖြင့် ထွက်ပေါ်လာသော ပုစ္ဆာထုတ်စည်းမျဉ်းတွင် ပါဠိ ၃-ပုဒ်၊ အနက် ၃-ပုဒ်၊ အရကောက် ၃-ပုဒ်၊ အဓိပ္ပါယ် ၁-ပုဒ်ဟု ပါရှိသည့်အတိုင်း မေးခွန်းထုတ်သည်။

http://www.dhammadownload.com



## ၂၀၀၄-ခုနှစ်၊ ရန်ကုန်တိုင်း ပထမကြီးတန်း ယမကပုစ္ဆာ အဖြေမှန်

၁။ စိတ္တသင်္ခါရ၏ သရူပကျွာပါဠိတော်ကို အနက် -
သညာစ၊ သညာသည်၎င်း၊ ဝေဒနာစ၊ ဝေဒနာသည်၎င်း၊ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်၏။ ဝိတက္က ဝိစာရေ၊ ဝိတက်ဝိစာတို့ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ စိတ္တသမ္ပယုတ္တာ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာပိ၊ တရားတို့သည်လည်း။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်၏။ (ကောက်-၃၀၄)
ရူပပဉ္စမဈာန်ပဋိသန္ဓေ ၁-ခု၊ စေ တိသတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော
အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ၊ အသညဳ (၃-စ) သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသည်ဘုံ ဟုဆိုအပ်သောဘုမ္မောကာသရ၏။ (ကောက်-၃၃၆)

၂။ ပဋိလောမ တစ်ဖက်ရဝိဘင်း-
ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ တေသံ (ကောက်-၃၁၂-၃)
ထိုဝိဘင်းဖြင့်ပြအပ်သော အဓိပ္ပါယ်-ဤကျမ်း ၂၅-၌ရှုပါ။

၃။ တစ်ဖက်အနက်မှာ - ဥပ္ပတ္တိဋ္ဌာန မာနာနုသယ ကာမဓာတ်ဝေ၂-ပါး, ရူပဓာတ် အရူပဓာတ်တို့၏ အနက်ကို ရေးပါ။ နှစ်ဖက်အနက်ကို ဒုက္ခဝေ ၃-ပါး အနက်ကိုရေးပါ။ (ဤကျမ်း ၂၉-၌ရှုပါ)

၄။ ဝိဘင်းကား"**မာနာနုသယံ ပဇဟတိ** "တည်း၊ဝိဿဇ္ဇနာကား"**ပဋိသေဓ** (တနည်း)**ပဋိဝစန**"(ကောက်-၄၀၀)
ရူပဓာတုယာ၊ သုဒ္ဓါဝါသကြဉ်သော ရူပ ၁၁-ဘုံမှ၊ စုတဿ၊ စုတေသော။ ကာမဓာတုံ၊ ကာမသုဂတိ ၇-ဘုံ၌။ ဥပပဇ္ဇန္တဿ၊ ဒွိဟိတ်, တိဟိတ်ပဋိသန္ဓေနေသော ဒွိဟိတ်, တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား။ သတ္တေဝ၊ ၇-ပါးသာလျှင်ဖြစ်ကုန်သော။ အနုသယာ၊ အနုသယတို့သည်။ အနုသေန္တိ(ကောက်-၄၃၉)

၅။ အနက်- (က)အတီတံ စိတ္တံ၊ အတိတ်စိတ်သည်၊ (ဝါ) အတိတ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်။
(ခ) အတီတံ စိတ္တံ၊ အတိတ်စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား အတိတ်စိတ်သည်။ န နိရုဇ္ဈမာနံ၊ ချုပ်ဆဲမဟုတ်။ နော စ န နိရုဒ္ဓံ၊ ချုပ်ဖူးမဟုတ်သည်ကား မဟုတ်၊ (ဝါ) နိရုဒ္ဓံဝ၊ ချုပ်ဖူးသည်သာ လျှင်တည်း။
သမာဟိတစိတ်ကား-မဟဂ္ဂုတ်လောကုတ္တရာစိတ်တို့ဖြစ်ပါသည်။

၆။ ဝိဘင်း, အရကောက်ထင်ရှားပြီ။ "အာမန္တာ" ဟု ဟောတော်မူသင့်လျှက်ဟူသော အမေး၏အဖြေ ဤကျမ်း ၄၅-၌ရှုပါ။

၇။ ကု အကု ၂-ပါးစုံချုပ်ဆဲမရသောတရားကို ၅၄-၌ညွှန်ပြထား၏။ ၅၃ တို့၌ ပါပြီ၊ ကြည့်တော်မူ။

၈။ ဤကျမ်းစာ ၅၈-ရှုပါ။ အတုကောက်အတွက် ကောက်နှာ-၄၈၁-အဆုံးအကြောင်းမှစရေးပါ။

၉။ (က) ယမကပေါင်း ၉၂၄ ယမက။ (ဤကျမ်း ၆၇-၌ရှုပါ) (ယမကရေတွက်နည်း ဓမ္မအစ၌ပါသည်)
(ခ) က္ကန္ဓေမှတစ်ပါး စေ ၄၆၊ အနိန္ဒြိယရုပ်၂၀၊ နိဗ္ဗာန်၊ ပညတ်ရ၏။
(ဂ) ဤကျမ်း ၇၁-၌ရှုပါ။

၁၀။ တစ်ဖက်ရကို အရကောက်၌ရှု၍ ကောက်ပါ။ ဝိဘင်းကို ပါဠိ ၃၊ ၂၆၉/ အရကောက် ၅၇၅-
၌ရှုပါလေ။

http://www.dhammadownload.com



# ယမကအလင်းရောင် (ကြီး)

## အဌအကြိမ် မ တည် (၂၀၁၂-ခု၊ ဇွန်လ)

### ဓမ္မဒါန ကောင်းမှုရှင်

၁။ ကိုအုံးသောင်+မဝင်းဝင်းမော်သမီးလေးမနီလာမြင့်(ရွှေပြည်သာ) မိသားစု ၁၅၀၀၀၀
၂။ ဒေါ်မေပုလဲ (အဘိဓမ္မာပြန့်ပွါးရေးအသင်း၊ရန်ကုန်)(၂၃-၁-၁၂) ၅၀၀၀၀
၃။ Dr ဦးသန်းထွန်း+Dr ဒေါ်တင်တင်အောင်မိသားစု(၂၄-၁-၁၂) ၅၀၀၀၀
၄။ Dr ဦးမင်းဆွေ+Dr ဒေါ်မူမူရှိန်သားများ Dr စိုးမင်းပိုင်၊Dr သက်မင်းထွေး မိသားစု။Dr ဒေါ်မူမူရှိန်၏မွေးနေ့အထိမ်းအမှတ်(၂၀-၅-၂၀၁၂) ၅၀၀၀၀
၅။ ပဋ္ဌာန်း+ယမိုက်သင်တန်းသူ/သားများ(၂၀၁၂-ခုနှစ်ဧပြီလ) ၁၈၀၀၀၀

### ပဋ္ဌာန်းအလင်းရောင် ဆရာတော် ရေးသားပြုစုသောကျမ်းစာများ

၁။ ပဋ္ဌာန်းအလင်းရောင်ကျမ်း (၂၀၁၂-ခုနှစ်၊ နဝမအကြိမ်)
၂။ ယမကအလင်းရောင် (ပထမကြီးတန်း) (၂၀၁၂-ခုနှစ်၊ အဌမအကြိမ်)
၃။ ယမကအလင်းရောင်ကျမ်း(ပထမလတ်တန်း) (၂၀၁၂-ခုနှစ်၊ဆဌအကြိမ်)
၄။ လူတိုင်းသိစရာ အခြေခံအဘိဓမ္မာ။
၅။ တစ်ကွက်မှားသောကျားနှင့်အခြားဓမ္မရသဆောင်းပါးပေါင်းချုပ်။(၃-ကြိမ်)
၆။ စိတ်ထားမြင့်မြတ်သူများ။ (ရေးသားပြီး)
၇။ ထိန်းနိုင်မှထိပ်ရောက်မည် နှင့် အခြားဆောင်းပါးများ(ရေးသားပြီး)

### ပို့ချစဉ် စီဒီခွေတ်ပြားများ အခမဲ့ကူးယူနိုင်ပါပြီ

ပဋ္ဌာန်းပို့ချစဉ်/ယမိုက် အထက်/အောက်ပို့ချစဉ်စီဒီ(ဒီဗွီဒီ)ခွေတ်ပြားများ ကျောင်းတိုက်သို့လာရောက်၍အခမဲ့ကူးယူနိုင်ပါသည်။

'ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ '- (ပဋ္ဌာန ပါဠိ)
ရှေးကပြုဘူး၊ ကုသိုလ်ထူး၊ ကြည်နူးဆင်ခြင်လျှင်။
ကောင်းကျိုးတရား၊ များအပြား၊ ရခြားကြသည်ပင်။